
www.burmeseclassic.com

မတော်တဆ




www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီးကျယ်ကျယ်ပြောရရင် ..........

လူဆိုတာမတော်တဆဖြစ်လာတာလို့

ပညာရှိကြီးတစ်ဦးကဆိုဖူးတယ် ..........

ကျွန်တော်တစ္ဆသိုလ်စတက်တဲ့နေ့မှာပဲ

သူလေးနဲ့တကယ့်မတော်တဆဆိုမှ မတော်တဆဆုံခဲ့မိတယ်

ဒီလိုပဲကျောင်းထဲမှာ သူလေးနဲ့မတော်တဆတွေခဏခဏများ

လာတော့ခင်မိသွားကြတယ်၊ ခင်မိသွားကြရာကနေကြာလာ

တော့ ..........



Illustrated & cartoonist

# မတော်တဆ

(ဟာသလုံးချင်းစဆွဲသစ်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၅၀၉၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၄၈၈၁၇၀၇

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၀၇။

ထုတ်ဝေသူ

။

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော်

(စွယ်တော်ပုံနှိပ်တိုက်)

အမှတ်(၈၇)၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ

၅၀၀

တန်ဖိုး ။ ၁၀၀၀ ကျပ်

BURMESE CLASSIC .com

ဟာသလုံးချင်းဝတ္ထုသစ်

မ တော် တ ဆ

Printed in Yangon ။ 2007

www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်အပျက်များသည် ၁၉၉၅-၉၆ တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

## အခန်း(၁)

ကျွန်တော် အခန်းတံခါးကိုဖွင့်လိုက်တယ်။ ဟိုးအဝေးဆီက အလင်းရောင်ပျပျလေးကို လှမ်းမြင်နေရတယ်။ သထုံဆောင်တစ်ဆောင်လုံးကတော့ တိတ်ဆိတ်နေလို့ အခန်းရှေ့ဝရန်တာကနေ ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့ ကြယ်ကလေးတွေတောင် မြင်နေသေးတယ်။

တိုက်ခတ်လာတဲ့ လေပြည်ညှင်းနဲ့အတူ ပွင့်လာတော့မယ့် ကံ့ကော်ပန်းဖူးတွေရဲ့ရနံ့က ကျွန် [illegible]ခေါင်းမှာ သင်းပျံ့လို့နေပါတယ်။ ကံ့ကော်ပန်းဖူးလေးတွေခမျာ အရုဏ်တက်ပြီး ထွန်းပလာမယ့် အလင်းရောင်ကို စောင့်မျှော်ရင်း အလင်းရောင်လာတဲ့အခါ ကံ့ကော်ပန်းတွေ တစ်ဝကြီးပွင့်ပြီး သူတို့အလှတွေ ကြွားတော့မယ်ထင်ပါရဲ့။

'ခင်ဗျားက ဒီအခန်းကထင်တယ်'

ကျွန်တော့်နောက်ကျောဆီကနေ စကားသံကြားရလို့ကြည့်လိုက်တော့ ကျွန်တော့်အခန်းဘေးက အခန်းကနေ ကျောင်းသားတစ်ယောက်က အခန်းတံခါးဖွင့်ထွက်လာရင်းမှ မေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျာ..ရထားက ညနေမှရောက်တော့ အဆောင်ကိုလာတာ နောက်ကျသွားတယ်'

'သြော်..နယ်ကပြောင်းလာတယ်ထင်တယ်'

'ဟုတ်တယ်..မန္တလေးတက္ကသိုလ်ကနေ ပြောင်းလာတာ'

'ကျွန်တော့်နာမည် ချစ်ဖေပါ'

'ကျွန်တော့်နာမည် ရန်နောင်ပါ၊ ဒဿနိကဗေဒဂုဏ်ထူးတန်း နောက်ဆုံးနှစ်ပါ'

'ကျွန်တော်က စိတ်ပညာကပါ။ သြော်..ခင်ဗျားအခန်းဖော် ဝါရွှေက မလာသေးဘူး။ ကျောင်းဖွင့်တာက တစ်ရက်၊ နှစ်ရက်ပဲရှိသေးတာဆိုတော့ ဒီနေ့မနက်တော့ ကောင်ရောက်လာမယ်ထင်တယ်။ နေဦးဗျာ..ရေငတ်လို့ ရေသွားသောက်လိုက်ဦးမယ်'

ကျွန်တော်နှင့် သက်တူရွယ်တူရှိလောက်တဲ့ ချစ်ဖေဆိုတဲ့ ကျောင်းသားက သောက်ရေအိုးစင်မှာ ရေသွားသောက်ပါတယ်။

'အေးဗျာ..ဒီနေ့မှ မိုးမလင်းခင် တစ်ရေးနိုးလာပြီး ရေက ဘယ်လိုငတ်မှန်းမသိဘူး'

'ကျွန်တော်လည်း ဒီနေ့မှ မိုးမလင်းခင်နိုးနေတာ။ ဒါနဲ့ မထူးပါဘူးဆိုပြီး အပြင်ထွက် ဝရန်တာမှာ ထွက်ရပ်နေတာ'

ကျွန်တော်တို့နှစ်ယောက်သား အပြန်အလှန်စကားကောင်းနေတုန်းမှာပဲ အဝေးတစ်နေရာဆီမှာရှိတဲ့ ဘုန်းကြီးကျောင်းဆီက အုန်းမောင်းခေါက်သံက ပျံ့လွင့်လာပါတယ်။

'ကဲ..အိပ်မရတော့မယ့်အတူတူ လာဗျာ..လှည်းတန်းမှာ လက်ဖက်



ရည် သွားသောက်တာပေါ့။ ခင်ဗျားက ဧည့်သည်ဆိုတော့ ကျွန်တော်တိုက်ပါမယ်'

'ကောင်းတယ်ဗျာ..ကျွန်တော်က အခုမှရောက်တာဆိုတော့ ဘာမှ မသိသေးဘူး'

'မပူနဲ့..ကျွန်တော်ကော ခင်ဗျားအခန်းဖော်ပါ။ ဝါရွှေပါ ရှိပာပ စိတ်ချ'

အဲဒီနောက် ကျွန်တော်နဲ့ချစ်ဖေတို့နှစ်ယောက် တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်မှာ လမ်းလျှောက်ရင်း လှည်းတန်းဘက်ကို ထွက်လာခဲ့တယ်။

သီရိမင်္ဂလာဈေးဖက်သွားမယ့် ကားတစ်စီး၊ နှစ်စီးစက လမ်းပေါ်မှာ အရှိန်ပြင်းပြင်းနဲ့ မောင်းနေလို့။

◆◆◆

'ဒီလက်ဖက်ရည်ဆိုင်က ရွှေနုလုံးသားလေ။ တစ်ဆိုင်လုံး ဆောင်ပုဒ်တွေကပ်ထားတာ ကြည့်ပါလား။ ကြည့်ကာန်ရှင်ကြီးမေတ္တာစာ သနားတယ်'

ချစ်ဖေက လက်ဖက်ရည်နှစ်ခွက်နှင့် နံပြားကိုမှာရင်းမှ ကျွန်တော့်ကို ပြောလိုက်ပါတယ်။ ဟုတ်ပါရဲ့၊ ဆိုင်ထဲကိုအကဲခတ်လိုက်တော့ တစ်ဆိုင်လုံး ဆောင်ပုဒ်တွေက အပြည့်ပါပဲ။

'တစ်ခါတလေကျတော့ အခုလိုစောစောထပြီး လက်ဖက်ရည်သောက်ရတာ အရသာရှိတာအမှန်ပဲဗျ'

'ကျွန်တော်တို့ မန္တလေးမှာတော့ မနက်အရုဏ်တက်ပြီဆိုတာနဲ့ လက်ဖက်ရည်ဆိုင်တွေ၊ မုန့်တီဆိုင်တွေက နှင်းတွေကြားမှာ မီးဖိုက မီးခိုးငွေ့တွေနဲ့ ရောယှက်ပြီး တစ်နေ့တာလုပ်ငန်းခွင်ကို ဖွင့်လှစ်တော့တာပဲ။ မကြာပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စားမယ့်သူတွေက စက်ဘီးတွေ၊ ဆိုင်ကယ်တွေနဲ့ ရောက်လာတော့တာပဲ။ အရသာချင်းကတော့ ရန်ကုန်နဲ့တစ်မျိုးစီပေါ့ဗျာ'

ကျွန်တော့်စကားကို ချစ်ဖေက နားထောင်နေရင်းမှ ဘာမှပြန်မပြောဘဲ ပဲနံ့ပြားကို စားနေပါတယ်။

'ဒါနဲ့ မန္တလေးကနေ ရန်ကုန်ကို ဘယ်လိုဖြစ်လို့ပြောင်းလာတာလဲ'

'ကျွန်တော့်မိသားစုက ရန်ကုန်ကိုပြောင်းရမယ်လေ။ အဖေ့ရဲ့ အလုပ်ကိစ္စနဲ့ပါ။ ဒါနဲ့ ကျွန်တော်လည်း ကျောင်းအရင်ပြောင်းပြီး ရောက်လာတာ'

'အေးဗျာ...တက္ကသိုလ်ကြီးနှစ်ခုရဲ့ ကွာခြားချက်ကိုတော့ ခင်ဗျား ခံစားရမှာပဲ'

'ကွာမှာကတော့ အသေချာပဲ။ တမာရန့်တွေ၊ ရေနီမြောင်းရဲ့ အရသာနဲ့ ကုံကော်ပင်တွေ၊ အင်းလျားရဲ့ရေတွေရယ်ကတော့ ကွဲပြားတဲ့ ခံစားမှုကို ပေးမှာပေါ့ဗျာ'

အလင်းရောင်က တဖြည်းဖြည်းအားယူနေရင်းမှ လုံးဝ လင်းပလို့လာပါတယ်။ လှည်းတန်း-အင်းစိန်လမ်းမကြီးပေါ်မှာတော့ ကားတွေက ဥဒဟို သွားလာနေပါပြီ။

'ကိုရန်နောင်..အဆောင်ပြန်ကြရအောင်'

'နေပါဦးဗျာ..ခင်ဗျားနဲ့ ကျွန်တော်က သက်တူရွယ်တူတွေပဲဟာ။ ကိုတွေ ဘာတွေတပ်မနေပါနဲ့။ မင်းနဲ့ငါနဲ့ပဲ ပြောပါဗျာ။ ပိုရင်းနှီးတာပေါ့။ ဟုတ်ဘူးလားနော်'

'ကောင်းတာပေါ့ဗျာ...ဒါက ပိုရင်းနှီးတဲ့သဘောပေါ့။ ခင်ဗျားရဲ့ အခန်းဖော် ဝါရွှေရောက်လာရင် ပိုပြီးတော့ ခင်ဗျားပျော်သွားလိမ့်မယ်။



ဒီကောင့်ရဲ့ ထူးခြားချက်တွေ တွေ့ရလိမ့်မယ်'

ကျွန်တော်နှင့် ချစ်ဖေတို့ အဆောင်ကိုပြန်လာခဲ့ကြပါတယ်။ လမ်းမှာတော့ ကျောင်းသူကျောင်းသားတွေတောင် ကျောင်းတက်ဖို့ အဓိပတိလမ်းမ မုခ်ဦးပေါက်ကနေ အဓိပတိလမ်းအတိုင်း ...သွားနှင့်။ ဘွဲ့နှင်းသဘင်ကြီးကတော့ ပြုံးပြုံးကြီးကြည့်နေသလိုပင်။

◆◆◆

ကျွန်တော်နှင့် ချစ်ဖေတို့နှစ်ယောက်သား သထုံဆောင်အပေါ်ထပ်ကို ရောက်တော့ ကျွန်တော့်အခန်းဝထိပ်မှာ အဝတ်အစားသေတ္တာတွေချပြီး ထိုင်နေတဲ့ ကျောင်းသားတစ်ယောက်ကို တွေ့ရပါတယ်။

'ဝါရွှေ..မင်းဘယ်တုန်းကရောက်လဲ'

ချစ်ဖေက လှမ်းမေးတော့ အဲဒီကျောင်းသားက ကျွန်တော့်နဲ့ ချစ်ဖေကိုကြည့်ရင်း-

'ရောက်တာ နာရီဝက်ကျော်ပြီ။ အခန်းတံခါးသော့ခတ်ထားတာ.. ငါ့သော့နဲ့က ဖွင့်လို့မရလို့ ထိုင်စောင့်နေတာ'

'ဝါရွှေ..ဒါ မင်းအခန်းဖော် ရန်နောင်ပဲ။ မန္တလေးက ပြောင်းလာတာ။ မင်းနဲ့ မေဂျာအတူတူပဲ။ တစ်ခန်းတည်းတက်ရမှာ'

ဝါရွှေက ကျွန်တော့်ကိုလှမ်းကြည့်ရင်း ပြုံးပြပါတယ်။ ကျွန်တော်ကလည်း ပြုံးပြရင်းမှ အခန်းတံခါးကို သော့ဖွင့်လိုက်တယ်။

'ဘာမှမိတ်မဆက်နေနဲ့တော့...ဒီသေတ္တာတွေ အထဲဝိုင်းထည့်ပေး။ ရန်နောင် မင်းကို ဒီနေ့ ရန်ကုန်တက္ကသိုလ်ရဲ့ ဗဟုသုတဖြစ်မယ့်နေရာတွေ ငါလိုက်ပြမယ်။ ဘက္ကသိုလ်ဆိုတာ တကယ်တော့ နန်းတော်ကြီးပဲကွာ။

www.burmeseclassic.com

www.burmeseclassic.com



ပညာတွေအပြည့် သိမ်းဆည်းသိုဝှက်ထားတာ။ မင်းတို့ မန္တလေးနန်းတော်ကြီးနဲ့ ကွာတာပေါ့ကွာ'

ကျွန်တော် သဘောပေါက်သွားပါပြီ။ ချစ်ဖေပြောတာမှန်ပြီလို့။ ဝါရွှေဆိုသော ကျွန်တော့်အခန်းဖော်ရဲ့ [illegible]ဆက်စကားလုံးတွေနဲ့တင် ကျွန်တော် သိလိုက်ပြီ။

အခန်းထဲကို သေတ္တာနဲ့ စာအုပ်တွေထည့်ထားတဲ့ အိတ်တွေကို ကျွန်တော်နဲ့ ချစ်ဖေက နှစ်ယောက်သယ်ရင်း ကျွန်တော့်ခုတင်ဘေးက ခုတင်ပေါ်နဲ့ ခုတင်အောက်မှာ ထားလိုက်ပါတယ်။

ဝါရွှေက သေတ္တာကိုဖွင့်ရင်း မှန်ကို ထုတ်လိုက်ပါတယ်။ ပြီးတော့ သူ့မျက်နှာကို မှန်ထဲကြည့်ရင်း-

'ပုသိမ်နဲ့ ရန်ကုန် ဒီလောက်လေး ကားစီးရတာ မျက်နှာနည်းနည်း ချောင်သွားသလားမသိဘူး။ ချစ်ဖေ··ငါ့ရဲ့အသားတောင် လေတိုးလို့ နည်းနည်းညိုသွားပြီထင်တယ်'

ဝါရွှေစကားနားထောင်နေတဲ့ ကျွန်တော် ရယ်ချင်မိသွားပါတယ်။ ချစ်ဖေကတော့ မျက်နှာကိုမဲ့လိုက်ရင်းမှ-

'လေတိုးတော့ ဘာဖြစ်လဲကွာ၊ လေတိုးမခံချင်ရင် ဂုံနီအိတ်ထဲဝင်နေပေါ့ကွ'

'ချစ်ဖေ··မင်း ငါ့ရဲ့ အသားအရေအလှကို ပြက်ရယ်မပြုနဲ့။ လူဟာ အသားအရေကို ထိန်းရတယ်ကွ'

'တော်စမ်းပါ ဝါရွှေရာ··မင်း နဲ့မနေနဲ့။ မင်းအခန်းဖော် စိတ်ညစ်သွားဦးမယ်'



ချစ်ဖေက ကျွန်တော့်ကိုကြည့်ရင်းမှ-

'ရန်နောင်··ဒီကောင့်နာမည်ရင်းက ဝင်းထွန်းကွ။ ဘာကြောင့် ဝါရွှေဖြစ်သွားရသလဲဆိုတာ နောက်မှ မင်းကိုပြောပြမယ်။ ကဲ··ရေချိုး၊ ပြီးရင် မင်းတို့ အတန်းသွားတက်ရဦးမှာ မဟုတ်လား။ ဝါရွှေ မင်းပစ္စည်းတွေ နေရာချတော့'

'အေးပါကွာ'

ချစ်ဖေက အခန်းထဲက ထွက်သွားချိန်ထိ ဝါရွှေက သူ့လက်ထဲမှာ ကိုင်ထားသော မှန်ကို မချသေး။

ကျွန်တော်ကတော့ ဝါရွှေကိုကြည့်ပြီး ရယ်သာရယ်နေမိပါတော့တယ်။

မှန်ဆိုတာ မိန်းမသားတွေမှမဟုတ်၊ တစ်ခါတလေ ယောကျ်ားလေးတွေလည်း ကြိုက်တတ်တာကတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ရယ်ကြတယ်
ဆွေးကြတယ်
လာကြတယ်
သွားကြတယ်
(- - - - -)
ဘဝဆိုတာ
စာပိုဒ်တစ်ပိုဒ်မဟုတ်ဘူး။

## အခန်း(၂)

အဆောင်က ထွက်လာကတည်းက ကျွန်မရဲ့စိတ်က သိပ်မကြည်ချင်တော့ဘူး။

ကြည့်လေ‥ကျွန်မရဲ့အခန်းဖော် ငြိမ်းငြိမ်းလုပ်ပုံက ဒီနေ့မှာ သူ့ရဲ့မွေးနေ့မို့လို့တဲ့။ သူမေးတဲ့ ဗေဒင်ဆရာက ပုတီးအပတ်တစ်ရာ စိပ်ရမယ်။ သားနားမှာ ဗုဒ္ဓဟူးသမီးဖြစ်သူကထိုင်ပြီး ယက်ခတ်ပေးရမယ်တဲ့။

အဲဒီလိုလုပ်ရင် သူကော အဲဒီဗုဒ္ဓဟူးသမီးကော သောကတွေကင်းဝေးမယ်ဆိုပြီး ငြိမ်းငြိမ်းက မနက်အစောကြီးကတည်းက ပုတီးစိပ်ပါလေရော။ ကျွန်မကလည်း ဗုဒ္ဓဟူးသမီးဆိုတော့ သူ့အကြိုက်ဘေးကနေ ယပ်ခပ်ပေးရတာ လက်ကိုညောင်းလိုက်တာဆိုတာ။

ဒါက ငြိမ်းငြိမ်းအတွက် ပဏာမပဲရှိသေးတယ်။ လာဦးမှာ၊ နှစ်တိုင်းဒီလို တစ်မျိုးမဟုတ်တစ်မျိုးပဲ။ အခုလည်း ကျောင်းဖွင့်စရှိသေးတာ။ ကျွန်မကို သင်ခန်းစာ စပေးပြီ။ တစ်နှစ်အတွင်းမှာ ရန်ကုန်မြို့က ဘယ်ဗေဒင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တွေဆီ ထပ်သွားဦးမလဲမသိဘူး။ အဆောင်တစ်ခန်းလုံးမှာ သူ့ဗေဒင်ဟောစာတမ်းစာရွက်တွေချည်းပဲ။

အခုလည်း ကြည့်ဦး။

ကျွန်မကို မြကျွန်းသာလက်ဖက်ရည်ဆိုင်မှာထားပြီး ဟိုဘက်စားပွဲဝိုင်းတစ်ဝိုင်းကျော်ကို ကူးသွားပြီး အရှေ့တိုင်းပါဠိကျောင်းသူတွေဝိုင်းမှာ သူ့ဗေဒင်နဲ့ပတ်သက်ပြီး သွားပြောနေတာ။

သေချာပြီ၊ ဒီနှစ်ကျောင်းပြီးရင်တော့ ငြိမ်းငြိမ်းကို ဗေဒင်ဆရာသာ ယူလို့ တိုက်တွန်းရမယ်။ ဒါမှ ဗေဒင်မေးစရာ ဒင်း မလိုတော့မှာ။

◆◆◆

ဝါရွှေကတော့ ကျွန်တော့်ကို ပုံပြောသွားပြီလား မသိဘူး။

ဘယ်နှယ့်ဗျာ…ဒီနေ့မှ ရန်ကုန်တက္ကသိုလ်ကြီးမှာ ကျောင်းစတက်မယ်ဆိုကာမှ "ကျောင်းအပ်ပြီးကတည်းက ဒီကောင်က ဒီမြကျွန်းသာလက်ဖက်ရည်ဆိုင်မှာ ခဏလေးစောင့်နေဦး ပြန်လာခဲ့မယ်ဆိုပြီး ထွက်သွားတာ အခုထိ ပြန်မရောက်လာသေးဘူး။

ကျွန်တော့်မှာက လက်ဖက်ရည်ဆိုင်က ထချင်နေတာ ဖင်တကြွကြွ ဖြစ်နေပြီ။

ကိုယ်စာသင်ရမယ့်အခန်းထဲကို အခုထက်ထိမရောက်သေးဖူး။

ကျောင်းက စဖွင့်တယ်ဆိုပေမယ့် စာတွေသာသင်နေရင် ပထမဦးဆုံး သင်ခန်းစာပို့ချချက်ကို မမီရင် ရှာလည်ပြီလို့။

ကျွန်တော့်မျက်လုံးတွေက ဝိဇ္ဇာက ကင်တင်းပေါင်းမိုးအောက် လက်ဖက်ရည်ဆိုင်စားပွဲကနေ ဝိဇ္ဇာစာသင်ခန်းတွေဘက်ကိုပဲ ငေးကြည့်နေမိတယ်။



ဝါရွှေများ ပြန်လာလေမလားရယ်လို့ပါ။ စကားပုံတွေထဲကနဲ့တော့ ပြောင်းပြန်ဖြစ်ပါပြီ။

'ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်ပိုက်ရတယ်' ဆိုတာလေ။

ဝါရွှေကို မျှော်နေမိပါတယ်။

◆◆◆

ဟော…ပြောမပြချင်ဘူး။ ဟိုဘက် စားပွဲဝိုင်းကနေ ငြိမ်းငြိမ်းက ကျွန်မဆီ ရောက်လာပြန်ပြီ။ ဘာဖြစ်လို့ ဒီလောက်လောနေလဲမသိဘူး။

'ပြဿနာပါပဲ။ လှိုင်ထိပ်ထားရယ်..တကယ့်ပြဿနာဖြစ်နေပြီ'

ရောက်ရောက်ချင်းဆိုသလို ငြိမ်းငြိမ်းက စိတ်ပျက်လက်ပျက် အမူအယာနှင့် ပြောလိုက်ပါတယ်။

'နင်ကလည်းဟယ်…ဘာပြဿနာဖြစ်ပြန်ပြီလဲ။ ဒီနေ့ နင့်မွေးနေ့မှာ ဒီလောက် ယတြာချေပြီးတာတောင် ပြဿနာက ရှိသေးလို့လား'

'ရှိတာပေါ့ လှိုင်ထိပ်ထားရဲ့ သိပ်ရှိတာပေါ့။ ဗေဒင်ဆရာပေးတဲ့ စာရွက်ထဲမှာ တစ်ခုကျန်ခဲ့တာ ငါသေသေချာချာမဖတ်လို့'

'ဘာကျန်ခဲ့လို့လဲဟ'

ကျွန်မက မေးလိုက်တော့ ငြိမ်းငြိမ်းက လွယ်အိတ်ထဲက စာရွက် တစ်ရွက်ကိုထုတ်လိုက်ရင်း–

'ဒီမှာလေ…ဗုဒ္ဓဟူးသား ယောကျ်ားလေးတစ်ယောက်ကို ခေါက်ဆွဲကြော်ကျွေးပြီး လေချွန်ခိုင်းပါတဲ့။ အဲဒါ ငါ ကြံရာမရလို့ အရှေ့တိုင်းက သူငယ်ချင်းမတွေကို ဗုဒ္ဓဟူးသားယောကျ်ားလေးရှိလား သွားမေးတာ။ သူ

www.burmeseclassic.com

www.burmeseclassic.com



အတန်းမှာကလည်း လူကနည်းတယ်။ ယောကျ်ားလေးကျောင်းသားက ဆယ်ယောက်လောက်ပဲရှိတာ။ ဗုဒ္ဓဟူးသားမပါဘူးတဲ့'

'နင်ကလည်းဟာ နင့်အတန်းထဲမှာ ယောကျ်ားလေးတွေရှိတာပဲ'

ကျွန်မက အဲဒီလိုပြောတော့ ငြိမ်းငြိမ်းက-

'ဒါတော့ ငါသိတာပေါ့ဟ၊ တော်ကြာ ငါ့ကို နောက်နေမှာစိုးလို့။ ပြီးတော့ အချိန်နဲ့ တိကျအောင် ကွက်တိလုပ်ရမှာမို့လို့ဟ'

ငြိမ်းငြိမ်းက ကျွန်မကိုပြောရင်းမှ ဘေးဘီကို ကြည့်လိုက်ပါတယ်။

'ဟဲ့‥ဟိုဘက်ကစားပွဲဝိုင်းမှာ ယောကျ်ားလေးတစ်ယောက်တည်းဟ၊ ငါခေါ်မေးကြည့်မယ်။ သူက ဗုဒ္ဓဟူးသားဖြစ်ရင်ပြီးတာပဲ'

'ကြည့်လုပ်ပါဦး ငြိမ်းငြိမ်းရာ'

ကျွန်မရဲ့စကားကို ငြိမ်းငြိမ်းက လက်ခါပြရင်း-

'ဘာပဲဖြစ်ဖြစ် လှိုင်ထိပ်ထားရာ‥ငါ့အတွက် အရှုံးမရှိပါဘူး။ ဗုဒ္ဓဟူးသားဆိုရင် ငါရဲ့ယတြာအတွက် ကွက်တိဖြစ်တာပေါ့'

'ဒီမှာ‥ဒီမှာ'

ငြိမ်းငြိမ်းက ကျွန်မစကားတောင် မစောင့်တော့ဘဲ သူ့ဘာသာသူ လက်ဖက်ရည်စားပွဲဝိုင်းမှာ တစ်ယောက်တည်းထိုင်ပြီး ငေးချင်ရာငေး မျှော်ချင်ရာမျှော်နေတဲ့ ကျွန်မနှင့်ရွယ်တူလောက်ရှိမယ့် ကျောင်းသားတစ်ယောက်ကို လှမ်းခေါ်လိုက်ပါတယ်။

◆◆◆

အရေးထဲမှာ ဝါရွှေကို မျှော်လို့ကောင်းနေတုန်း ဘေးစားပွဲဝိုင်းက ကျောင်းသူတစ်ဦးက ကျွန်တော့်ကို လက်ယပ်ပြီးလှမ်းခေါ်ပါတယ်။



ခက်တာက ကျွန်တော့်ကို လက်ယပ်လှမ်းခေါ်တဲ့ ကျောင်းသူကို ကျွန်တော်က မသိရေးချမသိ။

ဘာဖြစ်လို့ ကျွန်တော့်ကို လှမ်းခေါ်တာလဲမသိ။ အဲဒီ ကျွန်တော့်ကို လှမ်းခေါ်တဲ့ အမျိုးသမီးကျောင်းသူဘေးနားက ကျောင်းသူတစ်ယောက်ကလည်း ကျွန်တော့်ကို အကဲခတ်ကြည့်နေလို့။

မထူးပါဘူးဆိုပြီး ကျွန်တော့်ကိုခေါ်တဲ့ စားပွဲဝိုင်းရှိရာကို ကျွန်တော် သွားလိုက်ပါတယ်။

'ထိုင်ပါ‥ဒီမှာထိုင်ပါ'

ကျွန်တော့်ကို လက်ယပ်လှမ်းခေါ်တဲ့ ကျောင်းသူက ထိုင်ခိုင်းပါတယ်။ ကျွန်တော်လည်း ဘာမှန်းမသိဘဲ ဝင်ထိုင်လိုက်ပါတယ်။

'ရှင်က ဘာနေ့သားလဲ'

'ဗျာ'

ရောက်ရောက်ချင်းဆိုသလို ကျွန်တော့်ကို လက်ယပ်လှမ်းခေါ်တဲ့ ကျောင်းသူက မေးလိုက်ပါတယ်။

ပြဿနာကတော့ စပြီလို့။ ဘယ့်နှယ်ဗျာ‥ကိုယ့်ဘာသာကိုယ် ထိုင်နေတာ လက်ယပ်လှမ်းခေါ်ပြီး ဗေဒင်မေးဖို့ခေါ်ရတယ်လို့။

ရန်ကုန်တက္ကသိုလ်ထဲမှာ ကျောင်းတက်နေရင်း ဒီလိုဗေဒင်မေးပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျောင်းသူမျိုးတွေမှ တွေ့တတ်တယ်လို့။

'ဒီကအစ်မက ဗေဒင်ဆရာမလား‥ကျွန်တော်က ဗေဒင်ဝါသနာမပါလို့ပါ။ သွားလိုက်ပါဦးမယ်။ ကျွန်တော့်သူငယ်ချင်းကိုစောင့်နေတာ လွဲမှာစိုးလို့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထမလို့ လုပ်လိုက်ပါတယ်။ အဲဒါကို ကျွန်တော့်လက်ယပ်လှမ်းခေါ်တဲ့ ကျောင်းသူက-

'မဟုတ်ပါဘူး၊ လွဲနေပါပြီ···မဟုတ်သေးပါဘူး'

'ငြိမ်းငြိမ်းရယ်···နင်ကလည်း သေသေချာချာရှင်းပြလေ။ နင့်စကားက ဟိုမရောက်ဒီမရောက်နဲ့ဟာ'

ရုတ်တရက်ဆိုသလို ဘေးနားမှာရှိတဲ့ ကျောင်းသူက ကျွန်တော့်ကိုလက်ယပ်လှမ်းခေါ်တဲ့ အမျိုးသမီးကို ပြောလိုက်တာပါ။

ကျွန်တော်အခုမှ သေသေချာချာကြည့်မိ အကဲခတ်မိပါတယ်။

တော်ဘော်လေးတော့ ခေတ်လည်းဆန် လှလည်းလှသားလို့။

'ဒီမှာ ကျွန်မရဲ့မွေးနေ့မှာ ဗေဒင်ဆရာက ယတြာလုပ်ခိုင်းလို့ပါ။ အဲဒါ ကူညီပါရှင်'

'ဒုက္ခပါပဲဗျာ···ဘာကိုကူညီရမှာလဲ။ ဒီနေ့မှ နယ်ကပြောင်းလာပြီး ကျောင်းစတက်ရမှာ။ အရေးထဲ အခန်းဖော်သူငယ်ချင်းက ခဏဆိုပြီး အခုထိပြန်မလာသေးလို့ ထိုင်စောင့်နေတာ'

ကျွန်တော်လည်း စိတ်မရှည်တဲ့လေသံနဲ့ ပြောတာကို အဲဒီကျောင်းသူက-

'ခဏလေးပါ··ရှင်က ဘာနေ့သားလဲ'

'ဗုဒ္ဓဟူးသားဗျာ၊ ရန်နောင်တဲ့ မေထုန်ရာသီဖွား'

'လှိုင်ထိပ်ထား··ဟယ်··ဗုဒ္ဓဟူးသားတဲ့'

ကျွန်တော့်ကို လက်ယပ်လှမ်းခေါ်တဲ့ ကျောင်းသူရဲ့အမူအယာက ထီပေါက်သလိုမျိုး မထင်မှတ်ထားတဲ့ရည်စားကို တွေ့လိုက်ရတဲ့ပုံစံမျိုးဖြစ်



သွားပါတယ်။

'အတော်ပဲ···ကူညီပါရှင်၊ ကျွန်မရဲ့မွေးနေ့ယတြာအတွက် ဒီတစ်ခုပဲကျန်တော့တာ။ ဗုဒ္ဓဟူးနေ့မှာမွေးတဲ့ ယောကျ်ားလေးတစ်ယောက်ကို ခေါက်ဆွဲကြော်ကျွေးပြီး လေချွန်ရမယ်လို့ ညွှန်ကြားချက်ပါလို့ပါ'

'ဗျာ'

'ဟုတ်ပါတယ်ရှင်··မငြင်းပါနဲ့၊ ကျွန်မရဲ့ယတြာကို ကူညီပါနော်'

အဲဒီကျောင်းသူအမျိုးသမီးကတော့ လုပ်ချပြန်ပြီလို့။

'ကျွန်တော်ဂ၊ ခင်ဗျားကို ကူညီရတာ ဘာပြဿနာမှ မရှိဘူးဗျ။ ဒါပေမဲ့ ကျွန်တော်က ခေါက်ဆွဲကြော်ငယ်ငယ်လေးကတည်းက မကြိုက်တာ။ မြင်တာနဲ့တင် အီလို့။ လေချွန်တာက ကိစ္စမရှိဘူး'

ကျွန်တော့်စကားကြောင့် အဲဒီကျောင်းသူမျက်နှာက စိတ်ပျက်လက်ပျက်ပုံစံမျိုး ဖြစ်သွားပါတယ်။

'အို··ကြိုက်ကြိုက်၊မကြိုက်ကြိုက် ကူညီပါရှင်။ ကျွန်မ မှာလိုက်မယ်နော်'

အဲဒီအမျိုးသမီးက စားပွဲထိုးကို လှမ်းခေါ်ရင်း ခေါက်ဆွဲကြော် လှမ်းမှာပါတယ်။

ကျွန်တော့်မှာက ဘာလုပ်ရဘာကိုင်ရမှန်း မသိတော့ပါ။ ကျွန်တော်မေတ္တာပို့ဖြစ်နေတာက ဝါရွှေကိုပဲ ဖြစ်ပါတယ်။ ဒါတွေက သည်ကောင်ရောက်မလာလို့ ဖြစ်ရတာ။

ဘယ့်နှယ့်ဗျာ။ မိန်းမသားနှစ်ဦးရဲ့ရှေ့မှာ ကျွန်တော့်ခမျာ ထိုင်နေရတာ တစ်ခါဖူးမှ ဒါမျိုးမထိုင်ဖူးတော့ ဘယ်လိုနေရမှန်းမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ..စားလိုက်ပါရှင်..စားနော်၊ ဘာမှအားမနာနဲ့'

စားပွဲပေါ်ရောက်လာတဲ့ ခေါက်ဆွဲကြော်ကို လက်ညှိုးထိုးပြရင်း အဲဒီကျောင်းသူက ပြောပါတယ်။ ကျွန်တော့်မှာ ခေါက်ဆွဲကြော်ပန်းကန်ကို ကြည့်ပြီး ရင်ထဲပျို့လာပါတယ်။ ဒီဗေဒင်ဆရာနဲ့ ယတြာပေးတာ ကြာဇံကြော်ဆို ဟုတ်တုတ်တုတ်ရှိသေးရဲ့။

'ကဲပါ..စားပါဆို စားလိုက်'

လုပ်ပြန်ပြီ။ အဲဒီကျောင်းသူက အတင်းကာရော ခေါက်ဆွဲကြော်ပန်းကန်ကို ကျွန်တော့်ရှေ့တွန်းရင်း ပြောပြန်တယ်။

မထူးတော့ပါဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော်လည်း အံကို ကြိတ်ရင်းက ခေါက်ဆွဲကြော်ကုန်ရင် ပြီးရောဆိုပြီး ပါးစပ်ထဲ အတင်းထိုးသွင်းစားရပါတော့တယ်။

ကျွန်တော်ရဲ့ ခေါက်ဆွဲကြော်စားနေပုံကို ဗေဒင်ဝါသနာပါတဲ့ ကျောင်းသူရဲ့သူငယ်ချင်း ခပ်ချောချောကျောင်းသူကကြည့်ပြီး ရယ်နေပါတယ်။ ကျွန်တော့်အတွက် ပိုဆိုးတာပေါ့။ ကျွန်တော်က စား၊ အဲဒီ ခပ်ချောချော ကျောင်းသူက ရယ်နဲ့၊ ဟုတ်နေလိုက်တာ။

'ဟယ်..စားတာ ခေါက်ဆွဲကုန်သွားပြီ။ ကဲ..လေချွန်၊ ကိုးခါချွန်'

ခေါက်ဆွဲကြော်စားပြီးပြီးချင်းမှာ အဲဒီဗေဒင်ယတြာချေတဲ့ ကျောင်းသူက လေချွန်ခိုင်းပြန်ပါတယ်။

'ရှီ...ရှီ...ရှီ'

ကျွန်တော့်မှာ ဖြစ်ချင်ရာဖြစ်ဆိုပြီး လေကိုးခါချွန်ရပြန်ပါတယ်။

'အောင်ပြီ..အောင်ပြီ'



ကျွန်တော် လေလည်း ကိုးခါချွန်ပြီးရော အဲဒီဗေဒင်ဝါသနာပါတဲ့ ကျောင်းသူက စားပွဲခုံကို လက်နဲ့ပုတ်ပြီး အောင်ပြီလို့ထအော်ပါတော့တယ်။

'ကျေးဇူးတင်ပါတယ်..ကျွန်မရဲ့ဗေဒင်ယတြာအတွက် ကူညီပေးတာ'

အဲဒီကျောင်းသူက တကယ့်ကိုကျေးဇူးတင်တဲ့ အမူအယာနဲ့ကို ပြောတာပါ။ ကျွန်တော့်ခမျာတော့ ခေါင်းညိတ်ပြရင်း ဗိုက်ထဲမှာ ခေါက်ဆွဲစားရလို့ အီလယ်လယ်ကြီးဖြစ်လို့နေပါတယ်။

'ဟော့ကောင် ရန်နောင်..ဘယ်လိုဖြစ်လို့ ဒီဝိုင်းရောက်နေတာလဲ'

ကျွန်တော့်ကိုလှမ်းအော်ရင်း ဝါရွှေက ကျွန်တော့်အနား ရောက်လာပါတယ်'

'ဟယ်..ဝါရွှေ..ဒါ..နှင့်သူငယ်ချင်းလား'

'ဟုတ်တယ် ငြိမ်းငြိမ်း၊ ဒါ ငါနဲ့ သထုံဆောင်မှာ ဒီနှစ် တစ်ခန်းတည်းနေမယ့်သူ။ ဒီနေ့မနက် ငါရောက်လာမှသိရတာ။ သူက မန္တလေးက ပြောင်းလာတာ။ ငါတို့နဲ့ ဒဿနိကဗေဒဂုဏ်ထူးတန်း နောက်ဆုံးနှစ်ပဲ။ တစ်ခန်းတည်း သင်ရမှာ'

ဝါရွှေက ကျွန်တော့်ကိုကြည့်ရင်း အဲဒီကျောင်းသူကို ပြောပါတယ်။

'အေးဟယ်..ဒါဆို ငါတို့နဲ့ တစ်ခန်းတည်းပေါ့'

'ဒါနဲ့ ငြိမ်းငြိမ်း..ရန်နောင်က ဘယ်လိုဖြစ်ပြီး နင်တို့ဝိုင်းရောက်လာတာလဲ'

'ဒီလို ဝါရွှေရေ..'

ငြိမ်းငြိမ်းက ဖြစ်ကြောင်းကုန်စင် ပြောပြပါတယ်။

'နင်ကတော့လုပ်ပြီ ငြိမ်းငြိမ်းရာ။ နင့်မှာလည်း ဒီဗေဒင်ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ပါတာက တကယ့် မဟာ့မဟာပါပဲဟာ'

'ဒါကတော့ ကိုယ့်ဝါသနာနဲ့ ကိုယ်ပဲပေါ့။ နင်တောင် ယောက်ျားကြီး တန်မယ့် အလုပ်ကြိုက်သေးတာ'

'ငါ့ကို အဲဒီလိုမပြောနဲ့။ လူတစ်ယောက်ဟာ ကိုယ့်ရဲ့အလုပ်၊ အသား အရေကိုတော့ ထိန်းရတာပဲ။ ငါ့ဘဝမှာ မွေးရာပါချို့ယွင်းချက်က ရုပ်လှ တာရယ်၊ အသားရေလှတာရယ်ပဲ'

'ဝါရွှေ..အရူး..နင် အရူး'

ခပ်တည်တည်နဲ့ပြောနေတဲ့ ဝါရွှေကို ငြိမ်းငြိမ်းကကြည့်ရင်းက အော် ပြောလိုက်ပါတယ်။

'ဆောရီး ရန်နောင်ရာ..ငါက မင်းကိုထားပြီးသွားတာ နည်းနည်း ကြာသွားတယ်။ ရွှေဘိုဆောင်မှာကွာ..ဥပဒေက သူငယ်ချင်းတွေနဲ့တွေ့ရင်း လေကောင်းသွားလို့'

'ကြာမယ်ဆိုရင်လည်း ပြောပေါ့ကွာ။ ဒီမှာ ငါမကြိုက်တဲ့ ခေါက် ဆွဲကြော်ကိုလည်း စားရ၊ လေချွန်ရုံနဲ့ ဒီနေ့မှ အတန်းစတက်ရမှာ။ စာတွေ တော့ နောက်ကျကုန်ပြီကွာ'

ကျွန်တော်က စိတ်ပျက်လက်ပျက်အသံနဲ့ ပြောတော့ ဝါရွှေက-

'ရန်နောင်..ဘာမှနောက်မကျဘူး။ ကျောင်းဖွင့်စဆိုတော့ အတန်း မရှိဘူးကွ။ သင်ရင်လည်း တစ်ချိန်၊ နှစ်ချိန်ပဲ'

'တကယ်လားဗျာ'

'တကယ်ပါဆို'

'ရန်နောင်ရာ..မင်းတော့ ဗေဒင်ရူးမနဲ့တွေ့ပြီ။ အင်း..အခန်းထဲမှာ



တော့ ငြိမ်းငြိမ်းရဲ့ ဗေဒင်ဝါသနာပါပုံနဲ့ ဘယ်လောက်ရူးကြောင်းကို မင်း တွေ့ရတော့မယ်'

ဝါရွှေစကားအဆုံးမှာ ငြိမ်းငြိမ်းဆိုတဲ့ ဗေဒင်ဝါသနာပါသူ ကျောင်းသူ ရဲ့ဘေးနားက ခပ်ချောချောကျောင်းသူက-

'ငြိမ်းငြိမ်းရေ..အတန်းသွားရအောင်။ နင်တို့အခန်းက စာမသင်သေး ပေမယ့် ငါတို့အခန်းက သင်ချင်သင်မှာ'

'အေး..ဒါဆို နင့်အခန်းလိုက်ပို့မယ်'

ငြိမ်းငြိမ်းက စားပွဲထိုးခေါ်ပြီး ပိုက်ဆံလှမ်းရှင်းလိုက်ပါတယ်။

'ရန်နောင်ရာ..မင်းကလည်း ဒီမှာမထိုင်ချင် စာသင်ခန်းထဲ ဝင်ထိုင် လိုက်ပေါ့ကွာ။ ဒီမြကျွန်းသာလက်ဖက်ရည်ဆိုင်နဲ့ စာသင်ခန်းက ခြေလှမ်း နှစ်ဆယ်လောက်ပဲရှိတာ'

'မသိဘူးလေကွာ..ငါက အခုမှ ရန်ကုန်တက္ကသိုလ်တက်ဖူးတာ ဆိုတော့'

ကျွန်တော့်စကားအဆုံး ငြိမ်းငြိမ်းက-

'အောင်မယ်လေး..မစိုးရိမ်နဲ့။ အဆောင်မှာ ဝါရွှေနဲ့တစ်ခန်းတည်း နေမှာဆိုတော့ ချစ်ဖေတို့၊ မြအေးတို့နဲ့ ပေါင်းမိမှာပဲ။ ရန်နောင်လည်း သူတို့လို လည်လာသွက်သွားမှာ'

ငြိမ်းငြိမ်းက လှိုင်ထိပ်ထားဆိုတဲ့ ကျောင်းသူနဲ့ ကျွန်တော်တို့နားက ထွက်သွားပါတယ်။

အဲဒီလှိုင်ထိပ်ထားက ကျွန်တော့်ကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်[illegible] သတိထားမိလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးလည်းပြုံးချင်စရာပဲလေ။ ကျွန်တော့်အဖြစ်က ကိုယ့်ကိုယ်ကို ပြန်တွေးတော့လည်း ပြုံးဖို့ကောင်းနေတာကိုး။

◆◆◆

အတန်းထဲရောက်တော့ ဝါရွှေ ပြောသလိုပါပဲ။ ကျောင်းဖွင့်စမို့ အတန်းက မရှိဘူး။

ငြိမ်းငြိမ်းနဲ့ကတော့ အတန်းထဲလည်းရောက်ရော တစ်ခန်းတည်းမို့ ခင်သွားပါတယ်။

တစ်ဆက်တည်းဆိုသလို လှိုင်ထိပ်ထားက ပထဝီဝင်ဘာသာအဓိက ယူပြီး တတိယနှစ်ဂုဏ်ထူးတန်းတက်နေတယ်။ ငြိမ်းငြိမ်းနဲ့ ရတနာဆောင်မှာ အတူနေတယ်။ ပြည်မြို့သူဆိုတာပါ သိလိုက်ရပါတယ်။ ငြိမ်းငြိမ်းက မမေးဘဲနဲ့ ပြောတာပါ။

ဒီအချိန်မှာ စကားတစ်လုံးမှမပြောဘဲ မှန်ထုတ်ကြည့်နေသူက ဝါရွှေပါ။

ကျွန်တော့်မှာတော့ တက္ကသိုလ် စတက်တဲ့နေ့မှာ ကြုံခဲ့ရတဲ့အတွေ့ အကြုံက မမေ့နိုင်စရာပါ။

*အဲဒီမမေ့နိုင်စရာ မတော်တဆအဖြစ်အပျက်က နောင်တစ်ချိန်မှာ ဘယ်လိုဖြစ်လာမလဲ‥ဘာတွေဖြစ်လေမလဲ ကျွန်တော့်အဖို့ မသိရေးချ မသိ။*

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ခန္ဓာကိုယ်အလုကို
ကိုယ်ကိုယ်တိုင်နှစ်သက်သလို
တခြားလူတွေလည်း
မှန်ရှေ့မှာ
ကိုယ့်ရဲ့အလုကိုနှစ်သက်မှာပဲ။

## အခန်း(၃)

အဆောင်ကိုပြန်ရောက်တော့ နေ့လယ်ကအဖြစ်ကို ချစ်ဖေက နားထောင်ရင်း ရယ်ပါတယ်။ ချစ်ဖေနဲ့အတူနေတဲ့ အခန်းဖော်မြအေးကို ချစ်ဖေက မိတ်ဆက်ပေးပါတယ်။ မြအေးကလည်း တတိယနှစ် ပထဝီဂုဏ်ထူးတန်းကျောင်းသားပါ။ စတွေ့တွေ့ချင်းမှာပဲ ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားပါတယ်။

တစ်ဆက်တည်းဆိုသလို သိရတာက လှိုင်ထိပ်ထားနဲ့လည်း တစ်ခန်းတည်းဆိုတာပါပဲ။

'ရန်နောင်ရာ..မင်းနေရာမှာ ငါသာဆို ခေါက်ဆွဲကို မနက်စာ ထမင်းအလွတ် အ၀ကိုကြိတ်ပစ်မှာ'

'မလွယ်ဘူး..ခေါက်ဆွဲမကြိုက်တော့ တော်တော်ဆိုးတာ။ မနည်းမျိုရတာ'

မြအေးရဲ့စကားကို ကျွန်တော်က ပြန်ပြောနေတုန်းမှာပဲ ချစ်ဖေက ဝါရွှေကိုကြည့်လိုက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



'ဝါရွှေရာ…မင်းလုပ်ပုံကလည်း မဟုတ်ဘူး။ မင်းက မင်းနဲ့အတူ အတန်းသွားတက်တဲ့ ကျောင်းသားအသစ်ကိုထားပြီးသွားတာ မဟုတ်သေး ပါဘူး'

'မင်းမသိဘဲနဲ့ စွတ်မပြောနဲ့ ချစ်ဖေ၊ ရွှေဘိုဆောင်က ကောင်တွေက သူတို့မျက်နှာမှာ ဝက်ခြံတွေပေါက်နေလို့ မျက်နှာမှာ ဝက်ခြံမပေါက်အောင် ဘယ်လိုလုပ်ရမလဲမေးလို့ ငါညွှန်ပြနေတာ၊ ရှင်းပြနေလို့ ကြာသွားတာကွ ကဲ··ဘာဖြစ်လဲ၊ အခု ရန်နောင် ငြိမ်းငြိမ်းနဲ့ သူငယ်ချင်းဖြစ်သွားပြီ မကောင်း ဘူးလား'

'မင်းနဲ့ကွာ··ယောကျ်ားဖြစ်ပြီး ဒီလောက်အလှအပကိစ္စတွေ မလိုပါ ဘူးကွ။ အဲဒီလောက် ကိုယ့်မျက်နှာကိုယ် မှန်ပြန်ကြည့်တဲ့သူဟာ ကိုယ့်ကိုယ် ကိုယ် သိပ်တွယ်တာလွန်းတယ်တဲ့။ တော်ကြာ မင်းလည်း မှန် ခဏခဏ ကြည့်လွန်းလို့ အခြောက်ဖြစ်ဦးမယ်နော်။ ယောကျ်ားလေးပဲကွာ··ဒီလောက် ဘာအလှအပမှ မက်စရာမလိုဘူး'

ဝါရွှေက စာရေးစားပွဲခုံမှ မှန်ဝိုင်းကို လှမ်းယူမယ်လုပ်ကာနီး ချစ်ဖေ စကားကြောင့် ဒေါသထွက်သွားတယ်ထင်ပါတယ်။

'ချစ်ဖေစကားကို မင်း ကတ်မပြောနဲ့။ လူဖြစ်ပြီး အလှမကြိုက်တဲ့ သူ ရှိလား။ အဲဒါဆိုရင် မင်းဘာဖြစ်လို့ အဝတ်အစားကို တစ်နေ့တစ်ထည်လဲ လဲ။ ဘာဖြစ်လို့ ရေချိုးလဲ'

'ဟာ··ဒါတွေက လူတွေရဲ့ယဉ်ကျေးမှုပဲဟာ'

ချစ်ဖေနှင့် ဝါရွှေတို့ရဲ့ အလှဗေဒစကားရည်လုပွဲက တစ်စထက်တစ် တိုက်ပွဲက ပြင်းထန်လာသလိုပါပဲ။ ကျွန်တော်လည်း မနေနိုင်တော့ပါ။



'လူ့ဘဝဆိုတာ လူတစ်ယောက်အနေနဲ့ အမြင်အာရုံရှိရင် လမ်းထဲကို ကားဝင်လာတာလဲ မြင်နိုင်တာပဲ။ လူတွေ သီချင်းနားထောင်နေတာကို ကြားရလို့ ကိုယ်လည်းကြားပြီး လေချွန်မိရင် ချွန်မိမှာပဲ။ နောက်ပြီး သူများ တွေ ကြည်နူးတာကို မျှဝေခံစားပေးနိုင်သလို ဝမ်းနည်းတာကိုလည်း မျှဝေ ခံစားပေးနိုင်တာပဲ။ အဲ··ကလေးငယ်လေးတစ်ယောက် ငိုနေတာတွေ့ရင် တောင် ဒီကလေးဟာ ဘစ်ချိန်မှာ အနာဂတ်ကိုဦးဆောင်မယ့် ကလေးများ ဖြစ်လေမလား၊ တွန်းကားလေမလားလို့ လူပီသစွာဖြည့်စွက်ပြီး တွေးတတ် တာပဲ။ အခုလည်း အလှကြိုက်တဲ့ ဝါရွှေကို ချစ်ဖေက နားလည်ပေးလိုက် ပါ။ ဘာဖြစ်လို့လဲဆို ငါတို့ဟာ လူဖြစ်နေလို့ပဲ'

ကျွန်တော့်စကားအဆုံး မြအေးက ကျေနပ်သလိုဖြစ်သွားရင်းမှ-

'ရန်နောင်··မိုက်တယ်၊ မင်းရဲ့ဥပမာပေးတဲ့စကားလုံးတွေက တကယ် ထိတယ်။ မင်းဒဿနိကဗေဒယူတာ မှန်တယ်ကွာ။ လူဆိုတာ တစ်စုံတစ်ဦး ကို ဒီလိုအကြောင်းအကျိုးနဲ့ရှင်းပြရမှာ။ ဒါမှ တစ် က်သားနားလည်မှာကွ'

'ရန်နောင်··မင်းကတော့ အခုပြောနေနိုင်သေးတာပေါ့ကွာ။ ကြာလာ ရင် ဝါရွှေအကြောင်း မင်းသိလာမှာပါ'

ချစ်ဖေက ကျွန်တော့်ကို ပြုံးရင်းနဲ့ ပြောပါတယ်။

'ရန်နောင်··ငါ့ကို ဒီညနေ ထမင်းစားမစောင့်နဲ့။ ရွှေဘိုဆောင်က ဝက်ခြံပေါက်တဲ့ ကျောင်းသားတွေအတွက် ဆေးသွားဖော်ပေးစရာရှိတယ်။ လိုတာလေးတွေ လှည်းတန်းဈေးသွားဝယ်လိုက်ဦးမယ်'

ဝါရွှေက အခန်းထဲကနေ ထွက်သွားပါတယ်။

'ချစ်ဖေ··ဝင်းထွန်းဆိုတဲ့ နာမည်ရင်းကနေ ဘယ်လိုဖြစ်လို့ ဝါရွှေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတာလဲဆိုတာ မသိရဘူးလား’

‘သြော်..ဒါလား’

ချစ်ဖေက ပြုံးလိုက်ရင်းမှ-

‘မြအေးရေ..ဝါရွှေရဲ့အကြောင်း ပြောပြလိုက်စမ်းပါကွာ’

ချစ်ဖေရဲ့စကားအဆုံး မြအေးက ဆေးပေါ့လိပ်ကို မီးညှိရင်း-

‘ဝါရွှေဆိုတဲ့ကောင်က သိပ်အလှအပကြိုက်တာ။ မှန်ကိုလည်း ယောကျ်ားတန်မယ့်နဲ့ ခဏခဏကြည့်၊ သူ့အသားအရေကိုလည်း ထိန်းတယ် လို့ ခဏခဏပြောတယ်။ သူဝတ်တာစားတာ သွားတာလာတာ၊ ပြောတ ကြည့်၊ စာအုပ်တွေထဲမှာ လူတစ်ယောက်ဟာ ဘယ်လိုပြောရတယ်။ နေ တယ်၊ ထိုင်ရတယ်၊ ဝတ်ရတယ်စသဖြင့် စိတ်ပညာစာအုပ်တွေဖတ်ပြီ အဲဒီထဲကလို ကျင့်ပြီးနေတာ။ တစ်နေ့ အဆောင်မှာ လူမှုရေးလုပ်ငန်းတွေ လုပ်ဖို့ ဖောင်ဖြည့်ရတ.ယ်။ ဒါကို ဝါရွှေက ဖောင်ဖြည့်တာ အသက်တို့ မိဘနာမည်တို့၊ မွေးသက္ကရာဇ်တို့ ဘာတို့ကတော့ ဟုတ်နေတာပဲ။ ဒါပေမဲ့ အသားအရေဆိုတဲ့ နေရာလည်းကျရော ‘ဝါရွှေ’ဆိုပြီး ဖြည့်လိုက်တယ်၊ ဒါကိုအဆောင်က ဟောကျူတာဆရာက ဝါရွှေဆိုတာဘာလဲ မေးတော့ သူ့အသားအရောင်က ဝါရွှေရောင်သမ်းနေလို့ပါဆိုပြီး ပြောတယ်။ ဒါကြောင့် ဖြည့်ရတာတဲ့။ ယောကျ်ားတန်မယ့် ဘယ်လောက် ဒီကောင် ကိုယ့်ကိုယ် ကိုယ် မရှက်ဘဲ ရယ်ဖို့ကောင်းလဲ။ အဲဒီကစပြီး ဒီကောင့်နာမည် ဝါရွှေလို့ တွင်သွားတာပဲ။ ဒါကို ဒီကောင်က မရှက်တဲ့အပြင် သဘောတောင် ကျသေး တဲ့’

မြအေးရဲ့ ဝါရွှေအကြောင်း နားထောင်ပြီးတဲ့နောက် ကျွန်တော် ရယ်



ပါတယ်။

‘ရန့်နောင်..မင်းတော့ ဝါရွှေရဲ့ ထူးခြားတဲ့အပြုအမူတွေကို ကြုံရ တော့မယ်’

ချစ်ဖေက ကျွန်တော့်ကို ရယ်ရင်းကပြောလိုက်ပါတယ်။

‘ထူးခြားတော့လည်း အရသာသစ်တွေ တွေ့ရမှာပေါ့ကွာ’

ကျွန်တော့်ဘဝရဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားအဖြစ် စပြောင်းလာ တဲ့နေ့မှာပဲ ကြုံခဲ့ရတာတွေကတော့ မမေ့နိုင်စရာပါပဲဗျာ။

◆◆◆

ဘာပဲပြောပြော ရန်ကုန်တက္ကသိုလ်မှာ ကျောင်းလာတက်ရတာ အတော့်ကို ပျော်ဖို့ကောင်းပါတယ်။ သူငယ်ချင်းတွေနဲ့ စကားပြောလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ စာသင်ခန်းထဲသွားပြီး စာသင်လိုက်။ အင်းလျားကန်ပေါင်ရိုးပေါ် လမ်းလျှောက်လိုက်၊ စာကြည့်တိုက်ထဲသွားပြီး စာဖတ်လိုက်နှင့် အချိန်တို့သည် ရက်သတ္တပတ်နှစ်ပတ်ခန့် မည်သို့ကုန်သွားသည် မသိပါ။

တတိယနှစ်ဂုဏ်ထူးတန်းမို့ စာတွေကလည်း များပါတယ်။ သင်ကြား ပြသသောဆရာတွေကလည်း၊ တကယ့်ဒိတ်ဒိတ်ကြဲဆရာတွေပါပဲ။

ဆရာနန္ဒသိန်းဇံတို့၊ ဆရာမောင်ကြည်သစ်တို့က စာသင်ရုံသာမက ဗဟုသုတကော အခြားစဉ်းစားစရာ တွေးတောစရာများကိုပါ သင်ကြားပေး သဖြင့် ကျွန်တော့်အဖို့ ဒဿနိကဗေဒဘာသာကို သင်ရကျိုးနပ်သည်ဟု ယူဆမိပါတယ်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့နံနက်တော့ ကျွန်တော်အိပ်ရာက စောစောထမိတယ်။ ဘာဖြစ်လို့လဲဆို Paper(1) က ကျူတိုရီယယ်ဖြေရမှာမို့ စာစောစောထကြည့်ဦးမယ်လို့ ကျွန်တော် စိတ်ပိုင်းဖြ ိုက်တယ်။ ခြင်ထောင်ကို ဖွင့်လိုက်တော့ ကျွန်တော်တို့အခန်းတံခါးပွင့်နေတာကို တွေ့ရတယ်။

ကြည့်လိုက်တော့ ဝါရွှေက ဝရန်တာမှာ မတ်တပ်ရပ်နေရင်းက တစ်ရုံတစ်ရာကို ရေရွတ်ရင်းက လက်က မြှောက်လိုက်၊ မြှောက်တဲ့လက်ကို ပါးစပ်ထဲသွင်းလိုက်နဲ့ လုပ်နေပါတယ်။

ကျွန်တော်လည်း ဒါမျိုးတစ်ခါဖူးမှ မမြင်ဖူးပါ။ ဝါရွှေရဲ့အပြုအမူက ထူးဆန်းနေလို့ ကျွန်တော်ကြည့်နေမိပါတယ်။

ဝါရွှေကတော့ ကျွန်တော်ကြည့်နေတာကိုမသိဘဲ သူ့အလုပ်သူ ဆက်လုပ်နေပါတယ်။

'ဝါရွှေ..မင်းဘာလုပ်နေတာလဲ။ စောစောစီးစီးကွာ...ကျူတိုရီယယ် ဒီနေ့ ဖြေရမှာနော်။ စာလေးဘာလေး ကြည့်ဦးလေကွာ'

ကျွန်တော့်စကားကြောင့် ဝါရွှေက သူလုပ်နေတဲ့အလုပ်ကို ရပ်တန့်လိုက်ပါတယ်။

'မင်းမသိပါဘူး ရန်နောင်ရာ...ဒါက မနက်အစောကြီးထွက်လာတဲ့ နေမင်းရဲ့အလင်းရောင်အငွေ့အသက်ကို လက်နဲ့ယူပြီး ပါးစပ်ထဲ ငါ ထည့်တာ အလကားမဟုတ်ဘူး။ နေရဲ့ဓာတ်တွေ ငါ့ခန္ဓာကိုယ်ထဲ သွတ်သွင်းတာ ဒီလိုအလုပ်မျိုးက ရှေးခေတ်အီဂျစ်လူမျိုးတွေလုပ်ကြတယ်လို့ ငါ ဂမ္ဘီရဝတ္ထုတွေမှာ ဖတ်ဖူးလို့ လုပ်နေတာကွ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိတာပေါ့ကွာ'



ပေါ့။ ဝါရွှေဆိုတဲ့ကောင် ကြောင်ပဲလို့ သူ့စကားနားထောင်ရင်း ကျွန်တော်ရယ်ချင်သွားမိပါတယ်။

'ဝါရွှေရာ..မင်းဖတ်တဲ့ ဂမ္ဘီရဝတ္ထုဆိုတာ စာရေးဆရာက ဖတ်ကောင်းအောင် လျှောက်ရေးထားတဲ့ကိစ္စပဲဟာ။ မင်းနှယ်ကွာ..လူတွေက မြင်ရင် ကြောင်နေတယ်လို့ ယင်နေပ ဦးမယ်'

'ဟာကွာ...မဟုတ် သေးပါဘူး။ ဒါမျိုးက တကယ်ဖြစ်လို့ စာရေးဆရာက ရေးထားတာကွ'

ကျွန်တော်ပြောတဲ့စကားကို ဝါရွှေက လက်ခံချင်ပုံမရပါ။ ကျွန်တော်လည်း မနက်စောစောစီးစီး သူနှင့် အငြင်းအခုံမလုပ်ချင်သဖြင့် -

'ဒါဆိုလည်း ပြီးရောကွာ၊ မင်းဘာသာမင်း ဆက်လုပ်၊ ငါတော့ မျက်နှာသွားသစ်ပြီ'

ပါရွှေအနားကနေ ကျွန်တော်မျက်နှာသစ်ဖို့ ထွက်သွားပါတယ်။

ဝါရွှေကတော့ ဆက်ပြီးနေရဲ့အလင်းရောင်ဓာတ်တွေကို လက်နဲ့ယူရင်း ပါးစပ်ထဲထည့်နေတာ ကျွန်တော်မျက်နှာသစ်ပြီး ပြန်လာတဲ့အချိန်ထိ မပြီးသေးပါ။

သေချာတာကတော့ ချစ်ဖေပြောတာမှန်နေပြီ ဆိုတာပါပဲ။

ဆက်လက်ပြီး ဝါရွှေရဲ့ ထူးထူးခြားခြား ဘာအပြုအမူတွေမြင်ရဦးမလဲ စောင့်ကြည့်ရပါဦးမယ်။

ကျွန်တော့်အဖို့ သည်လိုထူးခြားသော သူငယ်ချင်းနှင့် အခန်းဖော်ဖြစ်ရတာကိုက တော်တော့်ကံကောင်းနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ မတော်တဆ မိတ်ဆွေဖြစ်ခွင့်ကြုံတဲ့ သူငယ်ချင်းဟာ ကျွန်တော့်အဖို့ တစ်သက်တာ မိတ်ဆွေပဲလို့ ကျွန်တော့်ဒိုင်ယာရီစာအုပ်ထဲမှ ရေးခဲ့မိတာ ကျွန်တော့်အဖို့ မှားကယ်လို့ မယူဆမိပါ။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့
နတ်သမီးရဲ့ထိတွေ့မှုကို
ငါ့အတွက်
သက်သေပြပေးပါ
အဲ့ဒီလိုသာဆို
ငါ---
ရှက်များရှက်နေမလားမသိ။

## အခန်း(၄)

ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ရတာ တစ်လတောင်ကျော်လာခဲ့ပါပြီ။ ကျွန်တော်လည်း အတော့်ကို သူငယ်ချင်းများကောင်းမှုကြောင့် လူရည်လည်လာခဲ့ပြီ။ ဒါတောင် မန္တလေးက သူငယ်ချင်းတွေက ဖုန်းထဲက နေ ပြောပါသေးတယ်။ ရန်ကုန်တက္ကသိုလ်ကို နောက်ခံထားတဲ့ ကျွန်တော့်ရဲ့ အလှဓာတ်ပုံတစ်ပုံလောက် ပို့ပေးပါဦးတဲ့။ သူငယ်ချင်းတွေဆိုတော့လည်း ကိုယ့်သူငယ်ချင်းတစ်ယောက် တစ်မြို့တစ်ရွာရောက်နေတာဆိုတော့ လွမ်းမှာပေါ့လေ။

ကျွန်တော့်မှာသာ သူတို့ကို လွမ်းဖို့နေနေသာသာ ကိုယ့်ကျောင်းစာ၊ ကိုယ့်အလုပ်တွေနှင့်ရှုပ်နေလို့ ဘာကိုမှသတိမရပါ။

အခုလည်း ဆရာနန္ဒသိန်းဇံ စာသင်ပြီးသွားတော့ အတန်းချိန်နှစ်ချိန်က လွတ်နေလို့ ဝါရွှေက မြကျွန်းသာမှာ လက်ဖက်ရည်သွားသောက်မယ် ဆိုပြီးခေါ်လို့ လိုက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရန်နောင်··အခုသောက်တဲ့ လက်ဖက်ရည်ဖိုးကို မင်းတို့ငါတို့ ရှင်းစရာမလိုဘူး'

အဆက်အစပ်မရှိတဲ့ ဝါရွှေစကားကြောင့် ကျွန်တော်က ဘာဖြစ်လို့လည်းဆိုတာ သိချင်နေမိတယ်။

'ဘာကြောင့်လဲ ဝါရွှေ'

'ဟ··ဘာရမလဲ။ ဒီနေ့ ချစ်ဖေတို့မေဂျာက သူငယ်ချင်းတွေစုပြီး ကဗျာစာအုပ်ထွက်တယ်။ အဲဒါ ချစ်ဖေက သူတို့ကဗျာစာအုပ်ကို ငါနဲ့ မင်းနဲ့က ဝိုင်းရောင်းပေးရမယ်တဲ့။ လက်ဖက်ရည်တိုက်မယ်၊ မုန့်ကျွေးမယ်တဲ့။ ဒီကောင်တွေ တော်ကြာရောက်လာလိမ့်မယ်။ ကဲ··ဘာမှမပြောနဲ့၊ အရင်အားပေးထားကွ'

ပြောပြောဆိုဆိုပါပဲ။ ဝါရွှေက စမူဆာကို ကောက်ဝါးလိုက်ပါတယ်။ ဘာရမလဲ၊ ကျွန်တော်လည်း တစ်ခုစားလိုက်တယ်။

ကျွန်တော်နဲ့ ဝါရွှေ စားနေသောက်နေတုန်းမှာပဲ ချစ်ဖေနဲ့ သူ့သူငယ်ချင်းအချို့ကော မြအေးပါ ရောက်လာပါတယ်။

'ဝါရွှေရာ··မင်းတို့ကလည်း ငါတို့ကိုစောင့်ပါဦးလား'

'မစောင့်နိုင်ဘူး ချစ်ဖေရေ··အရင်ဆုံးအားဖြည့်မှ မင်းတို့ကဗျာစာအုပ်တွေကို ရောင်းပေးနိုင်မှာ'

အဲဒီနောက် ချစ်ဖေဟာ သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပါတယ်။

'ဒီစာအုပ်တွေက တို့ရဲ့အသက်ပေါ့ကွာ။ နာရီပေါင်း၊ ဆွဲကြိုးပေါင်ပြီး ငါတို့ရဲ့နှလုံးသားထဲက ခံစားချက်တွေကို ဖော်ထုတ်ထားတာ။ တစ်နည်းအားဖြင့် ငါတို့ရဲ့မျက်ရည်ဆိုလည်း မမှားဘူး။ အရင်းရှုံးလို့ကတော့ အိမ်ကို



ပြန်တောင်ပြန်ရဲမှာမဟုတ်ဘူး'

ကျွန်တော်က ကဗျာစာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေရင်းမှ ချစ်ဖေက လက်ဖက်ရည်သောက်ရင်း ပြောလိုက်ပါတယ်။

'ဟေ့ကောင် ချစ်ဖေ··စကားကို စွတ်မပြောနဲ့။ မင်းစကားက နိမိတ်မရှိနမာမရှိနဲ့။ ဒါက နိမိတ်လိုတယ်'

မြအေးက ချစ်ဖေကို လှမ်းပြောလိုက်ပါတယ်။ ဒါကို ဝါရွှေက ချစ်ဖေမျက်နှာကိုကြည့်ရင်း -

'ဘဝမှာ အမှတ်တရဆိုတာ ရှိရမှာပဲ။ အေး··မောင်ချစ်ဖေတို့လို ကဗျာဝါသနာပါတဲ့ လူငယ်တွေက အခုလို ကဗျာစာအုပ်ထုတ်တာ ရှုံးတာမြတ်တာ အသာထား၊ တက္ကသိုလ်ကျောင်းသားဘဝမှာ ကဗျာစာအုပ်ထုတ်ဘယ်ဆိုတာက ကိုယ့်ဘဝအတွက် အမှတ်တရပေါ့ကွာ။ ဒါနဲ့ မောင်ချစ်ဖေက ကဗျာကို ဘယ်လိုဝါသနာပါသွားတာလဲ'

ကျွန်တော် တော်တော်အံ့အားသင့်သွားပါတယ်။ ဝါရွှေက စကားကို ဒီလိုတစ်လုံးချင်း အသံအတက်အကျနဲ့ပြောတာမျိုး မမြင်ဖူးလို့ပါ။

'ဟေ့ကောင် ဝါရွှေ··မင်း ငါ့ကို မင်းဖတ်ထားတဲ့စာအုပ်တွေထဲကလို လူရှေ့ရောက်ရင် ဘယ်လိုပြောရမယ်၊ ဘာလုပ်ရမယ်ဆိုပြီး စကားကို တစ်လုံးချင်း မပြောနဲ့။ ငါက မင်းရဲ့အစမ်းသပ်ခံလူသား မဟုတ်ဘူး'

ချစ်ဖေက ဝါရွှေကိုပြောတော့မှ ကျွန်တော် အတော်သဘောပေါက်သွားပါတယ်။ ဝါရွှေတစ်ယောက် စာအုပ်တွေဖတ်ပြီး စိတ်ပညာစာအုပ်တွေထဲကလို လျှောက်လုပ်နေတာပါလားလို့။

'မင်းတို့ကလည်း··တော်ကြကွာ။ ကဲ··ဝါရွှေ ကဗျာစာအုပ်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ရင် မင်း စောစောကပြောတဲ့ လေမျိုးနဲ့ မရောင်းနဲ့နော်။ တော်ကြာ ကဗျာစာအုပ်ဝယ်မယ့်သူတွေ ထွက်ပြေးကုန်မယ်'

'ငါသိပါတယ် မြအေးရာ..ချစ်ဖေကို ငါနောက်တာပါ။ ကဲ..ချစ်ဖေ ..ာယ်နေရာမှာ ရောင်းမလဲ'

ချစ်ဖေက လက်မှနာရီကိုကြည့်လိုက်ပြီး-

'ဒီအချိန်ဆို တက္ကသိုလ်စာကြည့်တိုက်ရှေ့မှာ လူဆုံတယ်။ အဲဒီမှာ သွားရောင်းတာပေါ့ဗျာ'

ချစ်ဖေက လက်ဖက်ရည်ဖိုးကျသင့်ငွေကို ရှင်းပေးလိုက်ပါတယ်။

ကျွန်တော့်ဘဝမှာတော့ ကဗျာစာအုပ်ရောင်းတာ ဒါ ပထမဦးဆုံးပဲလို့ ဒါကိုပဲ ကျွန်တော် ကျေနပ်နေမိပါတယ်။

◆◆◆

ချစ်ဖေပြောတာ ဟုတ်ပါတယ်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့မှာ ကျောင်းသားတွေက စည်မှစည်နှင့်။

ကျွန်တော်တို့တစ်တွေ လူခွဲပြီး ကဗျာစာအုပ်ကိုရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်တော့်လက်ထဲမှာ ကဗျာစာအုပ်သုံးလေးအုပ် ကိုင်ထားရင်း ကုံကော်ပင်အောက်က ခုံတန်းလျားမှာထိုင်နေတဲ့ ကျောင်းသူသုံးယောက်မှာ ကို သွားလိုက်ပါတယ်။

'ဒီက အစ်မတို့..ကဗျာစာအုပ်လေးတွေ အားပေးပါဦး'

ကျောင်းသူသုံးယောက်စလုံးက နေကြာစေ့ဝါးနေရင်းမှ ကျွန်တော့်ကိုကြည့်ရင်း ပြုံးလိုက်ပါတယ်။



'ဒီကဗျာစာအုပ်ကို ကျွန်မတို့ကဝယ်ရင် ဟောဒီနေကြာစေ့လို ဝါးလို့ ရလို့လား'

ကျောင်းသူတစ်ဦးက နေကြာစေ့ဝါးရင်းမှ ကျွန်တော့်ကို မေးလိုက်ပါတယ်။

ကျွန်တော်တော့ ပညာပေးခံရပြီလို့။

'နေကြာစေ့လို ဝါးလို့တော့မရဘူး။ ဒါပေမဲ့ ဒီစာအုပ်ထဲက ကဗျာစာလုံးတွေကိုတော့ နှလုံးသားနဲ့ ကောင်းကောင်းခံစားလို့ရပါတယ်'

'ဟင်း..ဒါဆိုမဝယ်တော့ဘူး။ ကဗျာဆိုတော နေကြာစေ့လို ဝါးလို့ရမှ ဝယ်မှာ'

နေကြာစေ့စားနေသော ကျောင်းသူက ပြောရင်းမှ ကျန်ကျောင်းသူနှစ်ယောက်ကို သွားမည့်ပုံစံမျိုး လက်ဟန်ခြေဟန်နဲ့ ပြလိုက်ပါတယ်။

ကျွန်တော် နည်းနည်းတော့ ဘုသွားပါတယ်။

'ဒါဆိုလည်း ကြာကြာဝါးလို့ရမယ့်ဟာမျိုး ..ါးပါလား။ ထွေးလည်း မထုတ်နဲ့ မျိုသာချ။ ကျောက်ခဲတွေ၊ ခဲတွေဆို ပိုကောင်းတယ်'

ကျောင်းသူသုံးယောက်ကို ဘုတောပြီး ကျွန်တော် လှည့်ထွက်လာခဲ့တယ်။ အဲဒီကျောင်းသူသုံးယောက်ကတော့ ဘာဆက်ဖြစ်သလဲ ကျွန်တော် မသိ။ သေချာတာကတော့ ကျွန်တော့်ကို ဒေါပွနေမှာ အမှန်ပဲ။

ဘယ့်နှယ့်ဗျာ..မဝယ်ချင်လည်း မဝယ်ချင်ဘူးပြော ရရဲ့သားနဲ့။

ကျွန်တော်မှ မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေကို ကြည့်တော့လည်း ကျောင်းသူတွေကို အတင်း ကဗျာစာအုပ်လေးတွေပြပြပြီး ရောင်းနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကဗျာစာအုပ်သည်…ဒီကိုလာပါဦး'

ရုတ်တရက်ခေါ်သံကြားလို့ ကျွန်တော် လှည့်ကြည့်လိုက်တော့ စောစောက ကျွန်တော် ကဗျာစာအုပ်သွားရောင်းတဲ့ ကုံကော်ပင်အောက်က ခုံတန်းလျားနဲ့သိပ်မကွာတဲ့ ခုံတန်းလျားမှာထိုင်နေတဲ့ ကျောင်းသူသုံးယောက်က လှမ်းခေါ်တာပါ။

သေချာပြီ။ ဈေးဦးတော့ပေါက်ပြီလို့ ကျွန်တော့်ကို အမှန်တကယ် အားပေးမယ့်သူ ပေါ်လာပြီလို့။

'ဘယ်လိုကဗျာတွေလဲ'

အနီးနားရောက်တော့ ကျောင်းသူသုံးဦးအနက်က တစ်ယောက်က မေးလို့ ကျွန်တော် သတိထားကြည့်တော့မှ ကျွန်တော် ကျောင်းစတက်တဲ့နေ့က ငြိမ်းငြိမ်းရဲ့ဘေးနားမှာပါလာတဲ့ သူ့ရဲ့အခန်းဖော် လှိုင်ထိပ်ထား ဖြစ်နေတာကို တွေ့ရပါတယ်။

'ကဗျာတွေကတော့ အစုံပါပဲဗျာ။ အချစ်အကြောင်းတွေကော…ဘဝ အကြောင်းတွေကော'

'ဩော်…ဟုတ်လား၊ ကျွန်မကတော့ ကဗျာကို နေကြာစေ့လိုမျိုး ဝါးစားမှာမဟုတ်ဘူး။ ရှင်ကလည်း ကျောက်ခဲတွေ၊ ခဲတွေစားနိုင်ဦးမှာလား'

လှိုင်ထိပ်ထားဆိုတဲ့ ကျောင်းသူက ပြောရင်းမှ ရယ်လိုက်ပါတယ်။

'ဟာ…ခင်ဗျား စောစောက ကျွန်တော်နဲ့ကျောင်းသူတွေ စကားများ တာ ထိုင်နေရင်းက ကြားလိုက်တာကိုး'

ကျွန်တော်က အဲဒီလိုပြောတော့ လှိုင်ထိပ်ထားက-

'ရှင်ရောင်းတဲ့ ကဗျာစာအုပ်ဆိုတော့ ဘာလဲ၊ ရှင်က ကိုယ်တိုင်



ကဗျာရေးထားလို့လား'

'မဟုတ်ပါဘူးဗျာ။ ချစ်ဖေနဲ့ သူ့သူငယ်ချင်း စိတ်ပညာက ကျောင်းသားတွေ ရေးတာပါ။ ကျွန်တော်တို့၊ ဝါရွှေတို့၊ မြအေးတို့က လိုက်ရောင်းပေးတာပါ'

'သိပါတယ်…ဟိုမှာ မြအေးတို့ အတင်းရောင်းနေတာ မြင်ရတာပဲ'

'ဒါဆိုလည်း ပြီးရော။ ခင်ဗျားတို့က စာအုပ်ဘယ်နှစ်အုပ် ဝယ်မှာလဲ'

'တစ်အုပ်ပဲ ဝယ်မှာပေါ့။ နေဦး…ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ရှင်က ဒီစာအုပ်ထဲက ကဗျာတစ်ပုဒ်ကို ရွတ်ပြရမယ်…ဒါပဲ'

'ဗျာ'

လှိုင်ထိပ်ထားဆိုတဲ့ ကျောင်းသူက ရယ်နေရင်းမှ ပြောလိုက်ပါတယ်။ သူ့ဘေးနားက ကျောင်းသူနှစ်ယောက်ကလည်း ရယ်လို့။

ကျွန်တော် ကံမကောင်းပါ။

လှိုင်ထိပ်ထားနှင့် ပထမတစ်ခါ ကျောင်းစတက်တဲ့နေ့တုန်းက တွေ့တုန်းကလည်း ငြိမ်းငြိမ်းက ကျွန်တော်မကြိုက်တဲ့ ခေါက်ဆွဲကြော်ကို စားခိုင်းပါတယ်။ ဟော…အခုတစ်ခါ လှိုင်ထိပ်ထားနဲ့ ဒုတိယမ္ပိတွေ့ပြန်တော့လည်း ကဗျာတစ်ပုဒ်ကို ရွတ်ခိုင်းပါတယ်။

ချစ်ဖေကိုပဲ မေတ္တာပို့နေမိပါတယ်။ တော်ပါသေးရဲ့၊ ကဗျာစာအုပ် မရောင်းခင် လက်ဖက်ရည်ဆိုင်မှာ ကဗျာစာအုပ်ကိုလှန်ဖတ်ရင်း ကဗျာ တစ်ပုဒ်ကိုသဘောကျလို့ ကျွန်တော် အလွတ်ကျက်လိုက်မိလို့ပါ။

'ကဗျာရွတ်ပြရင် တကယ်ဝယ်မှာနော်'

'တကယ်ပါဆို'

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ထားက ရယ်ရင်းပြောပါတယ်။

'ဒါဆို ကျွန်တော် ရွတ်ပြမယ်'

မထူးတော့ပါ။ ကျွန်တော့်မှာ ကဗျာရွတ်သူ ဖြစ်ရပါပြီ။

*'ရဲဝံ့သော*

*ကိုယ့်ရဲ့အနမ်းတွေနဲ့*

*မင်းကို သက်သေပြချင်ရဲ့*

*ပန်းတွေရေ…*

*ရှက်တတ်တယ်ဆိုရင်*

*မျက်နှာလွှဲနေပါ*

*ကျိန်လည်း ကျိန်မနေနဲ့ဦးနော်'*

ကျွန်တော့်ကဗျာလည်းဆုံးရော..

'ဟေး..ဟေး..'

'ဖြောင်း..ဖြောင်း..'

လှိုင်ထိပ်ထားနဲ့ သူ့အဖော်နှစ်ယောက်က လက်ခုပ်ပိုင်းတီးကြပါတယ်။ သူတို့ရဲ့လက်ခုပ်တီးသံကြောင့် ထင်ပါရဲ့။ ဝါရွှေ၊ ချစ်ဖေ၊ မြအေးတို့ကပါ ကဗျာစာအုပ်ရောင်းနေရင်းက ကျွန်တော့်ကို လှမ်းကြည့်နေပါတယ်။

ကျွန်တော့်မှာတော့ တစ်သက်နဲ့တစ်ကိုယ် အမျိုးသမီးသုံးယောက်ရှေ့မှာ ကဗျာရွတ်ဖူးတာ ဒါ ပထမဆုံးပါပဲ။

ဘဝမှာ ကျွန်တော့်အတွက် ပထမတွေကလည်း များမှ များတတ်တယ်လို့။

'မဆိုးဘူး။ ရှင် ကဗျာရွတ်ကောင်းသားပဲ။ နောက်လူတွေလည်း



ဒီလို ရွတ်ပြနော်'

လှိုင်ထိပ်ထားက ကျွန်တော်ပေးတဲ့ ကဗျာစာအုပ်တစ်အုပ်ကို ယူရင်းမှ ပြောလိုက်ပါတယ်။ ပြီးတော့ ကဗျာစာအုပ်ဖိုးကိုလည်း ပေးပါတယ်။

'ဒီည ဒီစာအုပ်ထဲက ကဗျာတွေဖတ်ပြီး ရင်ခုန်ပေတော့။ အဲ..စောစောက ကျွန်တော်ရွတ်ပြတဲ့ ကဗျာကို [illegible]ပ်တလဲလဲဖတ်ရင်း ကျွန်တော့်အသံကို နားထဲ ကြားယောင်[illegible]နေနဲ့ဦးနော်။ တော်ကြာ ရင်တွေ[illegible]ခုန်လာဦးမယ်'

'အံမယ်..သူကပဲ ပြောရတယ်ရှိသေး'

ကျွန်တော်လည်း နည်းနည်းတော့ ကလိမှပဲလို့ ဆုံးဖြတ်ရင်းက လှိုင်ထိပ်ထားကိုပြောပြီး သူငယ်ချင်းတွေ ကဗျာစာအုပ်ရောင်းတဲ့နေရာကို ထွက်လာခဲ့ပါတယ်။

***ခက်တော့ခက်တယ်ဗျာ..ကျွန်တော့်ကို ကဗျာစာအုပ်လုပ် အားပေးရောင်းပေးတဲ့သူတွေကော ကျွန်တော့်လိုပဲ ကြုံတွေ့လေသလားလို့ ကျွန်တော် သိချင်လိုက်တာ။***

www.burmeseclassic.com

www.burmeseclassic.com

ချိုမြိန်ခြင်းများ
မထပြေးပါနဲ့ဦး
ခေတ္တခဏ နေပေးပါ။
သူမရဲ့
မျက်ဝန်းထဲက အလင်းရောင်တွေက
တစ်နေ့တာကို လင်းပ,စေလို့ပါ။
(အဲ⋯လှတာလည်း ပါတာပေါ့)

## အခန်း(၅)

ကျွန်တော်တို့ထိုင်နေတဲ့ ချန်စယ်လာလက်ဖက်ရည်ဆိုင်ရှေ့ကနေ လှမ်းကြည့်လိုက်လျှင် မျက်နှာချင်းဆိုင်မှာရှိတဲ့ ရန်ကုန်တက္ကသိုလ်ရှေ့က စာကြည့်တိုက်ရှေ့မှာ ဓာတ်ပုံရိုက်တဲ့ ကျောင်းသူတွေက ရိုက်၊ စာကြည့်တိုက်ထဲ စာအုပ်ငှားဖို့ သွားသူက သွားနှင့် အတော့်ကို မြင်ကွင်းက ကြည့်ကောင်းနေပါတယ်။

ဂျက်ဆင်ဘုရားရှိခိုးကျောင်းဘက်ဆီက ဥသြတွန်သံကလည်း ကျွန်တော့်ခမျာ ဘာကိုလွမ်းရမှန်းမသိ။

'တော်သေးတာပေါ့ကွာ။ ပေါင်ထားတဲ့ဟာတွေ ကဗျာရေးတဲ့ ငါ့သူငယ်ချင်းတွေ စာအုပ်က ရောင်းရလို့ ပြန်ရွေးလို့ရသွားတာ'

ချစ်ဖေက ရေနွေးကြမ်းပန်းကန်လုံးကို လှမ်းသောက်ရင်းမှ ပြောလိုက်ပါတယ်။

'လူမှာ စေ့ဆော်မှုဆိုတာ လူတိုင်းမှာ ရှိတယ်လေ။ အထူးသဖြင့် စိတ်ပညာမှာ စေ့ဆော်မှုက ဘယ်လောက် အရေးပါသလဲ။ လူဟာ [illegible] လုပ်ချင်တာကို လုပ်ရမှာပဲ။ ဒါပေမဲ့ ကိုယ်လုပ်တဲ့ဟာတစ်ခုက [illegible]ကန်ဖို့ တော့လိုတယ်။ တစ်ဖက်သား ဒုက္ခမရောက်တဲ့ဟာမျိုးပေါ့

www.burmeseclassic.com

www.burmeseclassic.com



'မှန်တာပေါ့ ချစ်ဖေရာ..မင်းက မင်းသင်တဲ့ စိတ်ပညာဘာသာရပ်ကို ဆွဲပြောတဲ့နေရာမှာတော့ သိပ်မှန်တယ်။ အေး...ငါလည်း မင်းလိုပဲ။ လူတွေကို ဒုက္ခမရောက်အောင် ကူညီခဲ့တာပဲ။ ရွှေဘိုဆောင်က ဥပဒေမေဂျာယူတဲ့ ငါ့သူငယ်ချင်းတွေကိုကြည့်၊ ဒီကောင်တွေမျက်နှာမှာ ဝက်ခြံတွေပေါက်နေတယ်။ ဝက်ခြံထူလပျစ်နဲ့ဆို ဘယ်မိန်းကလေးမှ ကြိုက်မှာမဟုတ်ဘူး။ ဒါကို ဒီကောင်တွေကလည်း စိတ်ပျက်လက်ပျက်ဖြစ်နေတာ။ ငါ့ဘကြီးပြောတဲ့ ဆေးနည်းအတိုင်း ဒီကောင်တွေကို ငါ ဆေးဖော်ပေးတာ ဒီကောင်တွေရဲ့မျက်နှာ ဝက်ခြံတွေပျောက်၊ သူတို့ကြိုက်တဲ့ ကောင်မလေးတွေကို ရည်းစားစကားပြောနိုင်တော့မယ်။ ဒါ ကူညီတာပဲလေကွာ'

ဝါရွှေခမျာ စကားပြောသွားတာ ဟောတော်မောသွားတယ် ထင်ပါရဲ့။ ရေနွေးကို တစ်ခွက်ပြီးတစ်ခွက် ဖိသောက်လို့နေပါတယ်။

'အေး..မင်းတို့နှစ်ယောက် ဆွေးနွေးနေ။ ရန်နောင်ကျတော့လည်း ဟုတ်လို့ပေ။ လှိုင်ထိပ်ထားကို ကဗျာစာအုပ်ရောင်းပါရဲ့။ ဟိုက ကဗျာတွေဘာတွေရွတ်ပြခိုင်းနဲ့ ဟုတ်နေတာပဲ။ ဇာတ်လမ်းကတော့ ဖြစ်မယ်ထင်ရဲ့ကွာ'

မြအေးက ချစ်ဖေနဲ့ ဝါရွှေကို ပြောလိုက်တယ်။

'အေး..အဲဒီလိုဇာတ်လမ်းဖြစ်ဖို့ဆို စပေးတာက ဟိုဗေဒင်ရူးမ ငြိမ်းငြိမ်းပဲ။ ဒီကောင့်ကို ယတြာဆိုပြီး ခေါက်ဆွဲကြော်တွေကျွေး ဘာတွေကျွေးနဲ့'

ဝါရွှေက ရေနွေးကြမ်းပန်းကန်လုံးကို မော့သောက်ရင်းမှ ပြောလိုက်ပါတယ်။

'ဟော့ကောင် ဝါရွှေ..အဲဒါ မင်းလည်းပါတယ်။ မင်းက ဒီကောင့်ကို ထားပြီး ထွက်သွားတာလေ။ ဒါကြောင့် ဒီလိုဖြစ်တာ'



ချစ်ဖေက အဲဒီလိုပြောတော့ ဝါရွှေက ဘာမှပြန်မပြောတော့ဘဲ ငြိမ်နေပါတယ်။

သူတို့ပြောနေတာတွေ နားထောင်မိနေတဲ့ ကျွန်တော်ကတော့ လှိုင်ထိပ်ထားနဲ့ ငြိမ်းငြိမ်းကို စတွေ့တဲ့နေ့က မြင်ကွင်းရယ်၊ ပြီးတော့ ကဗျာစာအုပ်ရောင်းတဲ့နေ့က မြင်ကွင်းရယ်ကိုပဲ ကျွန်တော့်မျက်စိထဲ ပြန်မြင်နေမိပါတယ်။

'ဟော့ကောင် ဝါရွှေ...အောင်မယ်လေး...ဆေးဆရာကြီးရယ်...လာပါဦး'

'ဟာ..သန်းစိုး..လာကွာ။ ဘယ်လိုဖြစ်လို့ မျက်နှာအုပ်လာရတာလဲ'

ဝါရွှေက ခုံအလွတ်မှာ ဝင်ထိုင်ခိုင်းတာကို မထိုင်ဘဲ သန်းစိုးဆိုသူက-

'ဘာဖြစ်လို့ မျက်နှာအုပ်တာလဲ ဟုတ်လား။ ဘာဖြစ်ရမှာလဲ၊ မင်းရဲ့ဝက်ခြံပျောက်ဆေးကြောင့်လေ။ ဝက်ခြံက မပျောက်ဘဲ မင်းဖော်ပေးတဲ့ဆေးမျက်နှာမှာ သနပ်ခါးနဲ့ကြိတ်သွေးပြီးလူးမှ မျက်နှာက ရောင်လာတာ သုံးရက်ရှိပြီ။ ကျန်တဲ့သုံးယောက်လည်း ငါ့လိုပဲ ဆေးခန်းသွားပြတော့ ဆရာဝန်ကပြောလိုက်တာဆိုတာ။ အဲဒီလိုမျိုး မျက်နှာကို မလူးရဘူးတဲ့။ မင်းဆေးကဖော်မြူလာမှားပြီး Poison ဖြစ်တာတဲ့။ တော်ပါသေးရဲ့ကွာ၊ မျက်နှာမပျက်စီးတာ။ မင်းကို ကျန်တဲ့ကောင်တွေကလည်း မေတ္တာပို့နေပြီ'

ချစ်ဖေနှင့် မြအေးက သန်းစိုးဆိုတဲ့ ကျောင်းသားစကား နားထောင်ရင်း ရယ်နေပါတယ်။

'မဟုတ်သေးပါဘူးကွာ။ ငါကော ငါ့ဘကြီးပါ သိက္ခာကျစရာဖြစ်နေပြီ။ မင်းတို့ မျက်နှာမှာလူးတာမဟုတ်လို့နေမှာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမဟုတ်ရမှာလဲ ဝါရွှေရ၊ မင်းဖော်ပေးတဲ့ဆေး မင်းပြောတဲ့အတိုင်း လူးတာပေါ့။ အဆောင်မှာတော့ ငါတို့ကိုကြည့်ပြီး ဝိုင်းရယ်တာ အဆိုးဆုံးပဲ ကွာ။ သိက္ခာကျတယ်။ အဲဒါ မင်းကြောင့်။ တော်ပြီ..နောက်ဆို မင်းဆေး ဆို လန့်ပြီ'

သန်းစိုးဆိုတဲ့ ကျောင်းသားက မျက်နှာမှာအုပ်ထားတဲ့ လက်ကိုင်ပုဝါ ကို ဖယ်ပြီး ကျွန်တော်တို့ကို ပြရင်းက-

'ကြည့်ပါဦး..ဒီရုပ်ကို ဘယ်မိန်းကလေးက ကြိုက်မှာလဲ။ လှချင် ပါတယ်ဆိုမှ ဝါရွှေရာ...မင်း...မင်းကွာ'

သန်းစိုးက ကျွန်တော်တို့လက်ဖက်ရည်စားပွဲဝိုင်းကနေ ထွက်သွားပါ တယ်။

ဟုတ်ပါတယ်၊ သူ့မျက်နှာက တော်တော့်ကိုရောင်နေတာပါ။ ဆရာဝန် အပြကောင်းလို့ သူတို့ခမျာ တော်သေးတာပေါ့လို့ ကျွန်တော်က မှတ်ချက် ချမိပါတယ်။

'ဝါရွှေ..စောစောကပြောတော့ မင်း လူတွေကိုကူညီတာဆို။ ဟိုက ဆရာဝန်ပြလို့။ မင်းဟာလေ..မင်း သိလား'

ချစ်ဖေက ဝါရွှေကို ဆူပါတော့တယ်။

'ဝါရွှေ..တော်သေးတာပေါ့ကွာ။ ဟိုက မင်းကို လက်သီးနဲ့မထိုးတာ'

'မဟုတ်သေးဘူး မြအေးရ။ ငါ့ဆေးနည်းက အမှန်ပဲကွ။ အဆောင် ပြန်ရောက်မှ စာအုပ်ထဲမှာ ငါ သေသေချာချာ ပြန်ကြည့်ပါဦးမယ်'

ကျွန်တော်က ဝါရွှေကို-

'ဝါရွှေ..ဒါဆို အရင်လူတွေတုန်းက ဒီဆေးနည်းပေးတော့ ဘယ်လို



...ခြအနေရှိလဲ'

'အဲဒါတော့ ငါမသိဘူးကွ။ ဒါက သူတို့ကို ငါ ဆေးနည်းပေးတာ ...မဦးဆုံးပဲ။ ဒီဆေးနည်းက ငါ့ဘကြီးက နယ်နယ်ရရ ရခဲ့တာမဟုတ်ဘူး။ ...ကြီးရဲ့အဘိုး ကုန်းဘောင်ခေတ်က မြန်မာ့နန်းတွင်းသမားတော် ဖြစ်တုန်း ...ဆေးနည်းတဲ့။ ပညာရပ်တွေက ဘယ်လိုဖြစ်ကုန်လဲမသိပါဘူးကွာ'

ချစ်ဖေက မတ်တတ်ထရပ်လိုက်ရင်းမှ-

'ဝါရွှေ..ငပေါ..ကမ္ဘာပေါ်မှာ မင်းလောက်ကြောင်တဲ့သူ မရှိဘူး။ ...ကွာ'

'အရေးထဲကွာ..မျိုးရိုးကို ပြန်လှန်ကြွားနေရသေးတယ်။ ချစ်ဖေ.. ...က်ဆံရှင်းလိုက် ပြန်မယ်'

မြအေးက စိတ်မရှည်တော့ဘဲ ပြောလိုက်ပါတယ်။

'သွားကြကွာ..မင်းတို့ သွားကြ။ ဘာကြောင့် ငါ့ဆေးနည်း မှားသလဲ ...ပြန်လှန်သုံးသပ် စဉ်းစားရင်း ကျန်ရစ်ခဲ့မယ် သိလား'

'အေး..စဉ်းစား..မင်း ဒီမှာ တစ်နေ့လုံး တစ်ညလုံး စဉ်းစား'

အဲဒီနောက်တော့ ကျွန်တော်တို့သုံးယောက် ဝါရွှေကိုထားခဲ့ပြီး ...ဆောင်ကို ပြန်လာခဲ့တယ်။

ဝါရွှေတစ်ယောက်ကတော့ စားပွဲခုံမှာ တစ်ယောက်တည်း မတုန် ...လှုပ် ငုတ်တုတ်နဲ့ပါပဲ။

◆◆◆

ဒီနေ့ ကျွန်တော်တို့အဆောင်က ကျောင်းသားတွေ အတော့်ကို လှုပ် ...လှုပ်ရှရှနဲ့ တက်ကြွနေကြပါတယ်။ အကြောင်းကတော့ အဆောင်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆူကပ်မှာဆိုတော့ ကျွန်တော်တို့ သထုံဆောင်နဲ့ မောင်နှမအဆောင်ဖြစ်တဲ့ ရတနာဆောင်က ကျောင်းသူတွေက ညဘက်မှာ အဆောင်နည်းပြဆရာတွေနဲ့ ဝတ်ရွတ်လာကြမှာပါ။ ဒါကြောင့် အဆောင်က ကျောင်းသားတွေ ဝတ်ရွတ်လာမယ့် ကျောင်းသူတွေကို အပီအပြင် ပိုးနိုင်ဖို့လည်း ပါတာပေါ့လေ။

ဒါ့အပြင် အခြားအဆောင်က အဆောင်မှူးတွေ၊ နည်းပြဆရာတွေကော ပါမောက္ခ၊ ပါမောက္ခချုပ်တွေကော အားလုံးကို ဖိတ်တာဆိုတော့ ကျွေးဖို့မွေးဖို့တွေလည်း လုပ်ကြကိုင်ကြနဲ့ ပျော်စရာပါပဲ။

ယောက်ျားလေးအဆောင်ဆိုတော့ ဘုရားကိုးဆူလာတဲ့ ဧည့်သည် ကျောင်းသားတွေနဲ့ ဝတ်ရွတ်သူတွေအတွက် ဧီးဖျော်ရည်တိုက်ပါတယ်။

ကျွန်တော်တို့၊ ဝါရွှေတို့၊ ချစ်ဖေတို့၊ မြအေးတို့လည်း ဘယ်အားရမလဲ။ ဖျော်ရည်ဖျော်ဖို့ ရေခဲဝယ်ရ၊ ဖျော်ရ၊ ခွက်တွေ ဆေးရနဲ့ ဒါ့အပြင် ဧည့်သည်တွေ ဧည့်ခံရနဲ့ အလုပ်ရှုပ်လို့နေပါတယ်။

ဒါ့အပြင် အဆောင်နေကျောင်းသားတွေကလည်း ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ရတနာဆောင်က ဝတ်ရွတ်လာမယ့် ကျောင်းသူတွေကို မျှော်သူက မျှော်နဲ့။ သစ်ကုလားအုတ်တွေလိုမျိုး လည်ပင်းတောင် ရှည်လာမှာလား ထင်ရပါရဲ့။

◆◆◆

'ရတနာဆောင်က ဝတ်ရွတ်ဖို့ လာကြပြီဟေ့'

အဆောင်အပေါက်ဝကနေ ကျောင်းသားတစ်ယောက်က လှမ်းအော်လိုက်တာကြောင့် ထင်ပါရဲ့။ ဘုရားခန်းမှာရှိတဲ့ ကျောင်းသားအချို့ ပုဆိုး



ကြိုင်ဝတ်သူဝတ်၊ အင်္ကျီကော်လာစကို လက်နှင့် ဖိသူဖိ။ ပုဆိုးထဲ အင်္ကျီ ထည့်သူထည့်နှင့် အလုပ်ရှုပ်ကုန်ကြပါတယ်။

'ဒီကောင်တွေများကွာ..ဖြစ်နေကြတာ။ မိန်းမပိုးဖို့ကျတော့ ကြည့်ပါလား။ ဘုရားခန်းထဲမှာ ပျာယာခတ်နေတာပဲ။ ဒီမှာကျတော့ လာဝိုင်းမလုပ်ဘူး'

ဝါရွှေက ဧီးဖျော်ရည်ကို ဒန်အိုးကြီးထဲမှာ မွှေနေရင်းက ဘုရားခန်းထဲက ကျောင်းသားအချို့ကို ပြစ်တင်စကားဆိုလိုက်ပါတယ်။

'ဧီးဖျော်ရည်တွေ လာချပေးပါဦးဟေ့'

ဘုရားခန်းထဲမှ အဆောင်မှူးကလည်း အော်လိုက်ပါတယ်။

ကျွန်တော်နှင့် ချစ်ဖေက ဧီးဖျော်ရည်ခွက်တွေ ထည့်ထားတဲ့ လင်ဗန်းကိုယ်စီကိုင်ပြီး ဘုရားခန်းမကဲ ဝင်လိုက်ပါတယ်။ ရတနာဆောင်က ဝတ်ရွတ်ဖို့လာတဲ့ ကျောင်းသူတွေခမျာလည်း သူတို့မျက်နှာမှာ ပြုံးလို့ ရွှင်လို့ပါပဲ။

မိန်းကလေးအဆောင်တွေမှာက ယောက်ျားလေးအဆောင်တွေလို မပြင်တွေဘာတွေ ထွက်လို့ရတာမှမဟုတ်တာ။ ဒီတော့ ညဘက် အခုလို မပြင်ထွက်ရတဲ့ အရသာမျိုး သဘောကျမှာက အမှန်ပဲလေ။

'ဟိုဘက်က ဝတ်ရွတ်မယ့်ကျောင်းသူတွေကိုလည်း အအေးခွက်တွေ ချဦးနော်'

အဆောင်မှူးက ထပ်ပြီးပြောလိုက်ပါတယ်။ ကျွန်တော်လည်း ငါးယောက်တစ်တွဲထိုင်နေတဲ့ ကျောင်းသူအုပ်စုရှေ့မှာ အအေးခွက်တွေ ချပေးလိုက်ပါတယ်။

'ဟဲ့..ရန်နောင်..အအေးက တစ်ယောက်ကို နှစ်ခွက်သောက်ရ

www.burmeseclassic.com

www.burmeseclassic.com



ရမလား'

'ဟာ..ငြိမ်းငြိမ်း..အဲ..လှိုင်ထိပ်ထား'

အအေးခွက်တွေ ချပေးအပြီးမှာ ကျွန်တော့်ကို လှမ်းမေးလိုက် သတိထားပြီး ကြည့်လိုက်တော့ ငြိမ်းငြိမ်းရယ်၊ လှိုင်ထိပ်ထားရယ်၊ ပြီးတော့ ကဗျာစာအုပ်ဝယ်တဲ့နေ့က လှိုင်ထိပ်ထားဘေးနားမှာရှိနေတဲ့ ကျောင်းသူနှစ် ကိုပါ တွေ့ရပါတယ်။ လှိုင်ထိပ်ထားက ကျွန်တော့်ကို ပြုံးပြပါတယ်။

လှိုင်ထိပ်ထားကို ကျွန်တော် မသိမသာ အကဲခတ်လိုက်တော့ ယော ရောင်ထဘီ၊ အင်္ကျီအဖြူနဲ့။ လှိုင်ထိပ်ထားဟာ အတော့်ကို မြန်မာဆန် လှလို့နေပါတယ်။

'အဝသောက်၊ အဝသောက်ပြီးရင် ငြိမ်းငြိမ်းရေ..နင်တို့ အဝပေါ လို့ရတယ်'

'အေး..သောက်ပြီးတော့ကို နင်ပြောသလို ပေါက်ဦးမှာ'

ငြိမ်းငြိမ်းက ကျွန်တော့်ကို ပြန်ပြီးပြောပါတယ်။ လှိုင်ထိပ်ထား ကျန်တဲ့သူတွေက ရယ်လို့။

ကျွန်တော်လည်း သူတို့အနားက ထွက်လာခဲ့ပါတယ်။

◆◆◆

ယောက်ျားလေးတွေချည်းရှိတဲ့ အဆောင်မှာ အမျိုးသမီးတွေရဲ့ တရ မမွဝတ်ရွတ်သံတွေက တစ်ခါဖူးမှ မကြားခဲ့ဖူးလို့လားမသိ။ အတော့် ကျက်သရေရှိလှပါတယ်။

လေအဝှေ့မှာ ကံ့ကော်ပန်းရနံ့တွေနဲ့အတူ ဝတ်ရွတ်တဲ့ ကျောင်းသူ ဆီက ထွက်ပေါ်လာတဲ့ သာစုခေါ်သံတွေကလည်း တကယ့်ကို ကြည့်



ရောပါ။

◆◆◆

ဒါ့အပြင် ထပ်ပြီးလှတဲ့မြင်ကွင်းလို့ပဲ ပြောမလား၊ ဒါမှမဟုတ် မင်္ဂလာ ရှိတဲ့ မြင်ကွင်းလို့ပဲ ပြောရမလားမသိ။ လက်ခုပ်ကလေးချီပြီး ဝတ်ရွတ် နေတဲ့ လှိုင်ထိပ်ထားကို ကျွန်တော် မသိမသာ ခိုးခိုးကြည့်မိရင်း ဘာရယ် မှန်းမသိတဲ့ ကျေနပ်မှုမျိုးကိုလည်း ခံစားနေမိပါတယ်။

◆◆◆

သြော်..မိန်းမသားများ လှပြီဆိုမှဖြင့် ဘုရားဝတ်ရွတ်တာတောင် တော်တော့်ကို ကြည့်ကောင်းလိုက်တာ။

အဲ..ဇီးဖျော်ရည် ဖျော်နေ၊ ပန်းကန်တွေ ဆေးနေတဲ့ ချစ်ဖေ၊ မြအေး၊ ဝါရွှေတို့မျက်နှာတွေ မြင်ရပြန်တော့လည်း ကြည့်ဖို့နေနေသာသာ အမော တွေတောင် ရင်နှင့်အမျှ ပိကျလာသလိုပါပဲ။

◆◆◆

ထိုညက ကျွန်တော် အဆောင်ဝရန်တာမှာ တစ်ယောက်တည်းထိုင် ရင်း ကောင်းကင်ကြီးကို မော့မော့ကြည့်နေပါတယ်။ ဘုရားကိုးဆူဆရာ ကလည်း ကျွန်တော်နဲ့အပြိုင် အဆောင်အောက်ထပ်က ဘုရားခန်းမှာ အပီ ရွတ်ဖတ်နေတာ One Man Show တစ်ယောက်တည်း။

*တစ်ခါတလေ ဘဝမှာ အဲဒီလို ဘုရားကိုးဆူဆရာလိုမျိုး တစ်ယောက် တည်း ရွတ်ဖတ်နေရတာမျိုးကျတော့ တော်တော်ပျင်းစရာဖြစ်နေမှာ။*

www.burmeseclassic.com

www.burmeseclassic.com

လူတွေရဲ့
မျက်နှာတွေကို ဖတ်ကြည့်ပါ။
တစ်ခါတစ်ရံ
သူတို့မျက်နှာပြင်တွေမှာ
ပျော်ရွှင်မှုတွေရဖို့
ကိုယ်က ပေးနိုင်မယ်ဆိုရင်
အကောင်းဆုံးပဲ။

# အခန်း(၆)

ကျောင်းပြောင်း

ကျူတိုရီယယ်နောက်ဆုံးအချိန် ဖြေပြီးသွားလို့ ကင်တင်းကို ကျွန်တော်ထွက်လာခဲ့တယ်။ မြကျွန်းသာလက်ဖက်ရည်ဆိုင်မှာ ဝါရွှေက ကျွန်တော့်ထက် အရင်စောပြီးလို့ အရင်ထွက်ပြီး လက်ဖက်ရည်သောက်နေပါတယ်။ ပြီးတော့ ချစ်ဖေနဲ့ မြအေးလည်း ရှိနေတယ်။

'ကျူတိုရီယယ်ဖြေတာပဲကွာ။ ဒီလောက်ကြာရသလား'

ရောက်ရောက်ချင်း ချစ်ဖေက မေးလိုက်ပါတယ်။

'မကြာအောင် ဖြေချင်လည်း ဆရာပေးတာတဲ့အတိုင်း ဖြေလို့ရတာပဲ။ ဒါပေမဲ့ ဆရာပေးထားတဲ့ အဲဒီအကြောင်းအရာပေါ်မှာ ငါဖတ်ထားပြီး မြင်တဲ့ အမြင်ကို ရေးရတာ ပိုသဘောကျတယ်။ ဒါကြောင့် ကြာသွားတာ'

'သိပါတယ်ကွာ။ မင်းက တက္ကသိုလ်မှာ ဆရာပြန်လုပ်မှာမဟုတ်လား။ မင်း ဒါကြောင့် လေ့လာနေတာ ကြိုးစားနေတာမဟုတ်လား'

ဝါရွှေက သူ့အသင်ကို ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဝါရွှေ··မင်းကို ငါ ဥပမာတစ်ခုပြောပြမယ်။ ငါတို့ အ တက်ရောက်သင်ကြားနေတဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပရဝုဏ်ထဲမှာရှိ ကုံကော်ပင်တွေဟာ သူတို့ရဲ့တာဝန်အရ တက္ကသိုလ်ကြီးတစ်ခုလုံးအတွ ကုံကော်ပန်းတွေ ဝေနေအော ငင့်ပေးမှာပဲ။ ပြီးရင် ကြွေမှာပဲ။ ဒါ မြင်ပြီး ကုံကော်တွေဝေနေအောင် ပွင့်ပြီးမှ ကြွေရက်လေခြင်းလို့ ကိုယ် သွားပြီးမတုန်လှုပ်နဲ့။ ဒါ နိယာမပဲ။ အေး··လူကလည်း ကိုယ့်အလုပ်ကို လုပ်ရမှာပဲ။ နည်းနည်းလုပ်ရင် နည်းနည်းရမယ်။ များများလုပ်ရင် များ ရမယ်။ ငါ ငါလုပ်တာပါကွာ'

ကျွန်တော့် စကားကို ဝါရွှေက ဘာစောဒကမှမတက်။ ချစ်ဖေနှ မြအေးလည်း ဒီအတိုင်းပင်။

'ရန်နောင်··မင်းစကားပြောတာ အကိုးအကားဥပမာနဲ့ သိပ်မိတယ် ကျောင်းသားတွေကို စာရှင်းပြရင် ခဏလေးနားလည်မှာ။ မင်း ဆရာ လုပ်ကွာ'

မြအေးက ကျွန်တော့်ကို ပြောပါတယ်။

'ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ သူများတွေကို အသိပညာ၊ အတ ပညာပို့ချမယ့် ဆရာတစ်ယောက်အတွက် ကိုယ့်မှာ ပြည့်စုံမှုရှိမှကောင်း ဆရာအလုပ်ဟာ မွန်မြတ်တယ်ဆိုတာ ငါသိပါတယ်။ အခြားအလုပ် မှာ မရနိုင်တဲ့နွေးထွေးမှု၊ မေတ္တာစေတနာတွေ၊ ကိုယ်စာသင်ပေးတဲ့ တပ တွေဆီကလွဲပြီး ဘယ်မှာရနိုင်လို့လဲ။ ဖြစ်ချင်လည်း ဖြစ်လာမှာပေါ့ကွ

'ဟေ့ကောင်··မင်းဖြစ်ချင်လည်း ဖြစ်လာမယ်ဆိုတဲ့အထဲမှာ လှို ထိပ်ထားကော မင်းကိုမပြောချင်လို့ ဘာလဲ··အဆောင်မှာ ဘုရားကိုး



ရှိတဲ့နေ့က လှိုင်ထိပ်ထားတို့ ဝတ်ရွတ်နေတာ မင်း ခိုးခိုးကြည့်တာ မသိတာ မှတ်လို့ကွာ။ ခေါ်တောတစ်သိန်းအားအကြည့်မျိုးကျနေတာပဲ'

ချစ်ဖေစကားမဆုံးမီ ဝါရွှေကလည်း-

'ဒါတင်ဘယ်ကမလဲ။ ဒီကောင် ဘာစိတ်ကူးပေါက်သလဲမသိပါဘူး ကွာ။ အဆောင်ဝရန်တာမှာထိုင်ပြီး တစ်ညလုံး ကောင်းကင်ကို မော့မော့ ကြည့်နေတာ။ ဒီကောင် ရူးသွားလားမသိဘူး'

သူတို့စကားကြောင့် ကျွန်တော် ရှက်ချင်သလိုလိုတောင် ဖြစ်သွား ပါတယ်။

'မင်းကွာ···မန္တလေးမှာ မစွံတိုင်း ကျောင်းပြောင်းပြီး ရန်ကုန် တက္ကသိုလ်မှာ စွံအောင်လာလုပ်တဲ့ အောက်လမ်းနည်းကတော့ မဟုတ်သေး ပါဘူးကွာ'

မြအေးစကားကို ကျွန်တဲ့နှစ်ယောက်က ဝိုင်းရယ်ကြပါတယ်။

'အချစ်ဆိုတဲ့ စေ့ဆော်မှုဟာ တီဗွီကလွှင့်တဲ့ ရှန်ပိုနဲ့ ဆပ်ပြာကြော်ငြာ သလိုမျိုး ကြော်ငြာပြီး ရောက်လာတာမဟုတ်ဘူးကွ'

မြအေးက ကျွန်တော့်ကိုကြည့်ရင်း-

'ဒီမှာ မန္တလေးက ရန်နောင်··လှိုင်ထိပ်ထားဟာ ငါနဲ့ မေဂျာတူ အခန်းတူ။ ဒါပဲ။ ငါအသက်နဲ့လဲပြီး ငါ့ရဲ့မေဂျာအတွက် ကာကွယ်ရမယ်။ ဒီအစီအစဉ်ကို သဘောတူကြလား'

'တူတယ်'

'မတူဘူး'

ချစ်ဖေနှင့် ဝါရွှေတို့က တစ်ယောက်တစ်ပေါက် ဆီး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကို မြအေးက-

'ဟော့ကောင် ဝါရွှေ··မင်းက ဘာလို့မတူတာလဲ'

'ဘာလို့ သဘောတူရမှာလဲကွာ။ ရန်နောင်က ငါနဲ့ အခန်းဖော် ဒဿနိကဗေဒမေဂျာတူကွ။ အမှန်တရားကို ချစ်မြတ်နိုးလို့ Philosophy ယူထားတာ။ သဘောတူစရာလားကွ'

'ဝါရွှေ··မင်း အဲဒီအမှန်တရားကို သိပ်ချစ်နေရင် ငါ့ကို ငါးကျပ်သား လောက် ရောင်းကွာ'

'မြအေး··မင်း ငါ့ရဲ့ဘာသာရပ်ကို ပြက်ရယ်မပြုနဲ့'

တဖြည်းဖြည်းနဲ့ဆိုသလို ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်း က စကားရည်လုပွဲ အသွင်ဆောင်လာပါတယ်။

မြအေးနှင့် ပါရွှေ ဘာတွေပြောလေသလဲမေ့မသိ။

ကျွန်တော်ကတော့ မသိမသာ လက်ဖက်ရည်စားပွဲအနှံ့ ဟိုကြည့် ဒီကြည့် မသိမသာကြည့်လို့နေမိပါတယ်။

ဘယ်သူ့ကို ဟိုကြည့်ဒီကြည့် ကြည့်နေသလဲဆိုတာ သိပါတယ်နော်။

ကားကလည်း လာခဲလို့ ကျွန်တော် တော်တော်စိတ်ညစ်သွားပါတယ်။ မြေနီကုန်းမှတ်တိုင်မှာ ကားစောင့်ရတာ တော်တော့်ကို ကြာနေပြီ။ ကားက မလာသေးဘူး။ လာတော့လည်း ကားတွေက ကြပ်လိုက်တာဆိုတာ။

အဖြစ်ကလည်း ပြောမပြောချင်ဘူး။ စမ်းချောင်းမှာရှိတဲ့ ဦးလေးရဲ့ သမီးက မင်္ဂလာဆောင်ဆိုတော့ ကျွန်တော့်မှာ မသွားမဖြစ်လို့ သွားရသေး တယ်။ သွားရတာက ကိစ္စမရှိဘူး။ မင်္ဂလာဆောင်တာက အိမ်မှာဆိုတော့ ဝိုင်းဧည့်ခံပေးရတာနဲ့ဘာနဲ့ဆိုတော့ ကျွန်တော့်အတွက် ဘာလေးညာလေး



သွားရင်ဝတ်ဖို့ အိမ်ကထည့်ပေးလိုက်တဲ့ ရခိုင်ပုဆိုးအသစ်က တောင့်တောင့် ကြီးနဲ့ လေးကလည်း လေးဆိုတော့ ပြောမနေပါနဲ့တော့။ ဒီကြားထဲ ပုဆိုးက ချည်စတွေကလည်း ဟိုနားကထွက် ဒီနားကထွက်နဲ့။ ဒီပုဆိုးအသစ် ဝတ်မိ ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်နေမိတယ်။

'ရန်နိုင်··အဆောင်ပြန်မလို့လား'

ကားမှတ်တိုင်မှာရှိနေတဲ့ ကျွန်တော့်အနားကို လှိုင်ထိပ်ထား ရောက် လာရင်းက မေးလိုက်တာပါ။ လက်ထဲမှာလည်း အဝတ်အစားထည့်ထားတဲ့ အိတ်ထင်ပါရဲ့။ လက်က ကိုင်ထားပါတယ်။

'ဦးလေးရဲ့တူမ မင်္ဂလာဆောင်လာတာလေ။ ဒီစမ်းချောင်းထဲမှာ အခု ဆောင်ပြန်ဖို့ ကားစောင့်နေတာ။ ဒါနဲ့ လှိုင်ထိပ်ထားကကော'

'ဂမုန်းပွင့်ကုန်တိုက်မှာ Shopping ထွက်တာလေ။ ဘာလေးညာ လေးပေါ့။ အခု အဆောင်ပြန်မလို့'

တကယ်ပါ။ ဟိုကောင်သုံးကောင် ဟိုတစ်နေ့က ကျွန်တော့်ကို လှိုင် ထိပ်ထားအကြောင်းပြောတာ ဘာမှမကြာသေးဘူး။ ဟော··အခု လှိုင်ထိပ် ထားနဲ့ တွေ့နေရပြီ။

အခုလောက်ကြာကြာလည်း စကားက မပြောဖူးပါ။

ဘာပဲဖြစ်ဖြစ် စကားလေးဘာလေးတော့ ပြောမယ်လို့။

'စာတွေဘာတွေ ဘယ်လိုလဲ လိုက်··'

'ဟယ်··ကားလာပြီ'

ဖြစ်တတ်ပါရဲ့။ ကားက စောင့်တုန်းကတော့ မလာဘူး။ ဟော အခု ဘာရယ်ညာရယ်မဟုတ်၊ ကိုယ်နဲ့ ဆန့်ကျင်ဘက်အမျိုးသမီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားပြောမယ်လည်းဆိုရော ကားက မှတ်တိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတယ်။

စိတ်ထဲကနေတော့ နည်းနည်းလေး ကားကို မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့မိပါတယ်။

'လှိုင်ထိပ်ထား အရင်တက်..တက်'

ကျွန်တော်က လှိုင်ထိပ်ထားကို အရင် ကားပေါ်တက်ခိုင်းပါတယ်။ ကျန်တဲ့ခရီးသည်တွေကလည်း အလုအယက် ကားထဲကို တိုးတက်နေတယ်။

ကျွန်တော်လည်း ကားပေါ်ကို လှမ်းအတက်မှာ ကျွန်တော့်ကိုတွန်းပြီး ကားပေါ်ကို အလုအယက်တက်တဲ့လူရဲ့ လက်မှာဝတ်ထားတဲ့ ကြိုးပုံရွှေ လက်စွပ်ရဲ့ထိပ်ချွန်က ကျွန်တော့်ရဲ့ ရခိုင်ပုဆိုးခါးပုံစနဲ့ ဘယ်လိုလုပ်ပြီး ငြိသွားတယ်မသိပါဘူး။ အဲဒါကို လက်စွပ်နဲ့လူက မသိဘဲ ကားပေါ်ကို အတင်းတွန်းတက်လို့ ပုဆိုးကျွတ်မှာစိုးလို့ ကျွန်တော့်မှာ လက်နဲ့ကိုင်ရင်း

'ဟေ့လူ..မတက်နဲ့ဦး။ ခင်ဗျားရဲ့လက်စွပ်နဲ့ ဒီမှာ ပုဆိုးခါးပုံစနဲ့ ငြိနေပြီ'

ကျွန်တော့်အသံက တော်တော်ကျယ်သွားပါတယ်။ မကျယ်လို့က မဖြစ်။ အဲဒီလူက အတင်း ကားပေါ်သာတက်ရင် သူ့လက်စွပ်အချွန်နဲ့ ငြိနေတဲ့ ကျွန်တော့်ပုဆိုးခါးပုံစက ကျွတ်ကို ကျွတ်ကျမှာ။ အောက်ခံဘောင်းဘီဝတ်တဲ့အကျင့်ကလည်း ကျွန်တော့်မှာမရှိ။

အဲဒီလိုကျွတ်ကျလို့ကတော့ ဘာပြောကောင်းမလဲ။ ကားပေါ်မှာရှိနေတဲ့ ခရီးသည်တွေကော အထူးသဖြင့် လှိုင်ထိပ်ထား။

ကျွန်တော် မတွေးရဲတော့ပါ။



'ဟာဗျာ..ဒီလက်စွပ်ကလည်း..'

လက်စွပ်ပိုင်ရှင်က ကျွန်တော့်ပုဆိုးခါးပုံစမှာ ငြိနေတာကို ဖြည်ရပါတော့တယ်။ ရခိုင်ပုဆိုးက ချည်စတွေထွက်နေတော့ သူက အတင်းဆောင့်မဆွဲရဲ။ ချစ်သူရဲ့ဆံနွယ်စတွေကို ဘီးနဲ့ ဖြည်းဖြည်းငြိမ့်ငြိမ့်လေး ဖြီးသင်သလိုမျိုး သူ့လက်စွပ်ရွှေ ပွဲသွားမှာစိုးလို့ ဖြည်းဖြည်းလေး လုပ်နေပါတယ်။

'မောင်း..ဆရာရေ'

စပယ်ယာစကားသံအဆုံး ကားက မောင်းထွက်သွားပါတယ်။

သတိထားမိတာကတော့ ကားပေါ်က ခရီးသည်တွေက ကျွန်တော်နဲ့ ကျွန်တော့်ပုဆိုးခါးပုံစမှာ လက်စွပ်ငြိနေတဲ့လူကိုကြည့်ပြီး ရယ်နေကြတာပါပဲ။

လှိုင်ထိပ်ထားကို မမြင်ရပေမယ့် သူမလည်း ခရီးသည်တွေကြားက ကျွန်တော့်ကိုကြည့်ပြီး ရယ်နေမှာအမှန်ပဲ။

◆◆◆

တကယ်ပါ။ မြင်ကြည့်စမ်းပါ။ ပုဆိုးခါးပုံစမှာ လက်စွပ်ငြိလို့ ခါးပုံစတစ်ဖက်ကို လက်ကကိုင်ရင်း လက်စွပ်နဲ့ငြိတဲ့လူ သူ့လက်စွပ် ပုဆိုးခါးပုံစက လွတ်သွားတဲ့အထိ စောင့်ရတဲ့မြင်ကွင်းကိုလေ။

◆◆◆

ကားမှတ်တိုင်ထဲက လူတွေကော၊ ရေခဲရေ၊ ကွမ်းယာရောင်းတဲ့သူတွေကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့။

◆◆◆

တစ်ခုတော့ ကောင်းပါတယ်။ လူတွေ ဒီလိုရယ်ဖို့ဖြစ်သွား[illegible]

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ပိုက်ဆံပေးရတာမှမဟုတ်တာ။

ကုသိုလ်တော့ရတာပေါ့နော်။

*ကုသိုလ်ဆိုတာ··ကျွန်တော် ထင်ပါတယ်။ လူသိဖို့ ကျော်ကြားချ လို့ ကုသိုလ်ပြုတာထက် လူမသိသူမသိ ကုသိုလ်ပြုသူတွေက ဒီကမ္ဘာကြ မှာ ပိုများနေမှာပါ။*

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ပြီး တစ်နေ့
ရာသီတွေက ပြောင်းလဲလို့
တစ်ပတ်ပြီး တစ်ပတ်
ကံ့ကော်ပန်းတွေက ပွင့်လိုက်
စိန်ပန်းတွေက ကြွေလိုက်
တစ်နာရီပြီး တစ်နာရီ
စိတ်တွေကလည်း
ပြောင်းဆန်လှချည်ရဲ့ ···
တောင်တန်းတွေပေါ်မှာ
ငှက်တစ်ကောင်တလေ
မရှိရင်သာနေမယ် ···
ငါ့ရင်ထဲ
အချစ် ဘယ်အချိန်က
ဖြစ်ထွန်းခဲ့လေသလဲမသိ။

# အခန်း(၇)

ကျွန်တော့်ရှေ့တည့်တည့်မှာရှိတဲ့ ဝါရွှေက လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်တယ်။ ချစ်မေက မျက်နှာကို ရှုံ့လိုက်ရင်းက ခေါင်းခါလိုက်တယ်။ မြအေးက ဦးယမ်းဘီလူးအအေးဆိုင်ဘက်ကို ကြည့်နေလို့။

ဒီသူငယ်ချင်းတွေ ဘာဖြစ်နေကြသလဲမသိ။ ကျွန်တော့်ကို တစ်ဦးချင်း အကဲခတ်နေတာက ရုပ်ရှင်တွေထဲက လူကြမ်းတွေသရုပ်ဆောင်တဲ့ အမူအရာမျိုးတွေနဲ့ဖြစ်လို့နေပါတယ်။

ကျွန်တော် မနေနိုင်တော့ပါ။

"ဝါရွှေ··မင်းတို့ ဘာဖြစ်နေကြတာလဲ။ ဘာလဲ··အဆောင်ဒင်နာကျရင် ပြဇာတ်ကမလို့လား"

ဝါရွှေက ချစ်မေကို မေးငေါ့ပြလိုက်တယ်။ ချစ်မေက ကျွန်တော့်ကို ကြည့်ရင်း-

"ရန်နောင်··မင်းဘာဖြစ်လို့ ငါကိုယ့်ကိစ္စ[illegible] ထိန်းချုပ်ထားလဲ"

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စလဲ ချစ်ဖေရ··ဘာမှထိန်ချန်မထားပါဘူးကွာ'

မြအေးက ကျွန်တော့်ကို ကြည့်ရင်းမှ-

'ဘာ မထိန်ချန်ရမှာလဲ။ မနေ့က မြေနီကုန်းမှာဖြစ်သွားတဲ့ကိစ္စကို ငါတို့ အသေးစိတ်သတင်းရရှိပြီးပြီ။ ဒီတော့ မင်း ဘာငြင်းချင်သလဲ'

ကျွန်တော် ပြုံးလိုက်ပါတယ်။ မနေ့က မြေနီကုန်းမှာ လှိုင်ထိပ်ထားနဲ့ တွေ့တာရယ်၊ ပြီးတော့ ကျွန်တော့်ပုဆိုးခါးပုံစနဲ့ လက်စွပ်ဝတ်ထားတဲ့လူရဲ့ လက်စွပ်ငြိတာရယ်ကို ဒီသူငယ်ချင်းတွေကို ပြန်မပြောလို့ သူတို့က အခုလို လုပ်တာပါလားလို့။

'မဟုတ်ပါဘူး။ ဘာမှမဖြစ်ဘူးထင်လို့ပါ'

'ဘာ··ဘာမှမဖြစ်ရမှာလဲ ရန်နောင်ရ··ဒါမျိုး ကိုယ့်သူငယ်ချင်းတွေကို ပြောသင့်တာပေါ့'

ဝါရွှေက ပြောလို့မဆုံးခင် ချစ်ဖေက-

'လှိုင်ထိပ်ထားက မင်းရဲ့အကြောင်းကို သူ့အခန်းဖော် ငြိမ်းငြိမ်းကို ပြောပြတယ်လေ။ အောင်မယ်··လှိုင်ထိပ်ထားက ရယ်ပြီးပြောတာတဲ့။ မင်းနဲ့ အဲဒီလက်စွပ်နဲ့လူ ကားဂိတ်မှာဖြစ်ပုံက ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေဆို ရယ်စရာ ပြကွက်ပဲတဲ့။ မင်းတို့အဖြစ်ကို ကားပေါ်ကလူတွေကလည်း ရယ်ကြတာတဲ့'

အခုမှ ကျွန်တော် နည်းနည်းရှက်ချင်သလိုလို ဖြစ်သွားပါတယ်။

'ငြိမ်းငြိမ်းနဲ့ အုံ့ပါရဲ့ဗျာ··ဒီအကြောင်းကို အခု မနက်လည်းရောက် ရော ငါတို့ ကင်တင်းမှာရှိနေတုန်း လာပြောတာ။ မင်းက အတန်းထဲမှာ စာဖတ်နေလို့ မသိလိုက်ဘူး'

'မဟုတ်ပါဘူး ဝါရွှေရာ··ငါက မင်္ဂလာဆောင်ကနေ ပြန်လာတာ။



လှိုင်ထိပ်ထားကလည်း ဂမုန်းပွင့်က ဈေးဝယ်ပြန်လာတာ။ မတော်တဆ သွားတွေ့ရင်း အခုလို မတော်တဆဖြစ်ရင်း အခုလို မင်းတို့ မတော်တဆ သိသွားတာပေါ့ကွာ'

ကျွန်တော်ပြောတဲ့စကားကို နားထောင်ကြတဲ့သူငယ်ချင်းတွေ ဘာ စကားမှမဆို။

'နေဦးကွ။ ဒီမှာ ရန်နောင်··စောစောက ပြောသွားတဲ့ မတော်တဆ ဆိုတာ မင်းတို့ စဉ်းစားကြည့်စမ်း။ ဒီကောင်နဲ့ ငြိမ်းငြိမ်းတို့ လှိုင်ထိပ်ထား တို့နဲ့တွေ့တာကလည်း မတော်တဆမဟုတ်လား။ ငြိမ်းငြိမ်း ဖေဒင် ယတြာ ကြောင့် တွေ့ရတာ။ ဟော··အခု မြေနီကုန်းမှာတွေ့တော့လည်း လှိုင်ထိပ်ထားနဲ့ မတော်တဆတွေ့ရင်း ပုဆိုးမှာ လက်စွပ်က လာငြိပြီး လူရယ်စရာဖြစ်ရတာ။ လှိုင်ထိပ်ထားနဲ့ရန်နောင် ဖူးစာဖြစ်ဖို့များ ဒီမတော် တဆကြီးက ဖန်တီးပေးလိုက်သလားမသိဘူး'

မြအေးစကားကို အားလုံးက ငိုင်းစဉ်းစားသလိုမျိုး ငြိမ်သက်နေကြ ပြီး ဘာစကားမှမဆို။

ကျွန်တော်ကကော···သည့်အတိုင်းပါပဲ။

'ဟဲ့··နင်တို့တွေထိုင်ပြီး ဘာတွေလုပ်နေတာလဲ။ စကားမပြော ဘာ မပြောနဲ့'

အနီးအနားကို အသံပြဲကြီးနဲ့အော်ရင်းက ငြိမ်းငြိမ်း ရောက်လာပါ တယ်။

'ဟာ··နင့်အသံကြီးကလည်း··ဒီမှာ ငါတို့ မတော်တဆအကြောင်း စဉ်းစားနေတာ'

www.burmeseclassic.com

www.burmeseclassic.com



ဝါရွှေက ငြိမ်းငြိမ်းကိုပြောလိုက်တော့ ငြိမ်းငြိမ်း အတော့်ကို စိတ်ဝင်စားသွားပါတယ်။

'ဘာမတော်တဆလဲ။ ငါ [illegible]း သိချင်တယ်'

'ဘာမတော်တဆရမှာလဲ။ နင်က စတဲ့ မတော်တဆပေါ့။ ကျောင်းစတက်တဲ့နေ့မှာ သူ့ဘာသာသူ ဝါရွှေကို စောင့်နေတဲ့ ရန်နောင်ကို နင်က ဗုဒ္ဓဟူးသားဟုတ်လားမေး၊ ယတြာချေခိုင်း၊ ခေါက်ဆွဲကြော်တွေ ကျွေးလိုကျွေး၊ အဲဒီမှာ ဒီကောင်က လှိုင်ထိပ်ထားကို တွေ့။ တစ်ခါ မြေနီကုန်းမှာ သူ့ဘာသာသူ ကားစောင့်နေတုန်း ဒီကောင်နဲ့ လှိုင်ထိပ်ထားတွေ့၊ ဒီကောင့်ပုဆိုးက လက်စွပ်နဲ့ငြိ၊ ဒီမတော်တဆတွေက လှိုင်ထိပ်ထားနဲ့ ဒီကောင့်ဖူးစာလား မသိဘူးဟ။ အဲဒီထဲမှာ နင်လည်းပါတယ် ငြိမ်းငြိမ်း'

ဝါရွှေ့စကားအဆုံး ငြိမ်းငြိမ်းက ရယ်ရင်းမှ-

'ဒါကဟယ်..ကြုံကြိုက်တိုက်ဆိုင်သွားတာကိုး။ ဖေဒင်ကလည်း အဲဒီယတြာပြီးကတည်းက သိပ်မှန်။ နယ်မှာ ငါပေးထားတဲ့အကြွေးတွေ ပြန်ရတယ်ဆိုပြီး အိမ်ကအသိက လာပြောတယ်ဟဲ့။ ပြောရဦးမယ် သိလား'

ငြိမ်းငြိမ်းဆီက ဘာစကားများ ထပ်ကြားရလေမလဲလို့ အားလုံး စိတ်ဝင်တစား နားထောင်တဲ့အမူအရာမျိုး ရှိနေပါတယ်။

'လှိုင်ထိပ်ထားလေ..ငါက ရန်နောင့်ကို ခေါက်ဆွဲကြော်ကျွေး၊ ယတြာချေဖို့ လေချွန်ခိုင်းတဲ့နေ့က အဆောင်လည်းရောက်ရော ငါ့ကို နင်မို့လို့ သူများကိုဟယ် ဘာနဲ့ညာနဲ့ပြောပြီး ရယ်တယ်ဟ။ အဲ..မြေနီကုန်းမှာ ရန်နောင်နဲ့တွေ့တာ ရန်နောင့်ပုဆိုးခါးပုံစနဲ့ လက်စွပ်ပတ်ထားတဲ့လူရဲ့ လက်စွပ်နဲ့ ငြိတာကိုလည်း [illegible]ကိုပြောပြရင်း ရယ်တယ်ဟ။ သူ အဲဒီလိုရယ်တာက



ရန်နောင့်ကို အထင်သေးတဲ့ပုံစံနဲ့ ရယ်တာမဟုတ်ဘူး။ တစ်ခုခုကို ကျေနပ်လို့ ကြည်ကြည်နူးနူးနဲ့ကို ရယ်တာ'

စကားပြောနေတဲ့ ငြိမ်းငြိမ်း ပါးစပ်ကို ကျွန်တော် ရွှေ ပြေးသာချလိုက်ချင်ပါတယ်။ ပြောမှ ပြောတတ်ပါလေစ။

'ဟဲ့..ဟဲ့..ရှိသေးတယ်။ ဘာလဲဟာ..ဟို..ကဗျာစာအုပ်ရောင်းတုန်းက ရန်နောင့်ကို ကဗျာရွတ်ခိုင်းတာလေ။ အဲဒါပြောတုန်းကလည်း လှိုင်ထိပ်ထား ရယ်နေတာ'

ချစ်ဖေက ကျွန်တော့်ကို ကြည့်ရင်း-

'ဒါဆို သေချာပြီ ရန်နောင်..လှိုင်ထိပ်ထားက မင်းကို နည်းနည်းတော့ စိတ်ဝင်စားနေပြီ'

'အဲဒီလိုချည်း တစ်ဖက်သတ်မပြောပါနဲ့ကွာ။ တစ်ဘက် မိန်းကလေးဆိုကွာကျပါတယ်။ သူလည်း သူ့ပညာ သူ့အလု သူ့မာနနဲ့ သူ့သိက္ခာရှိမှာပေါ့။ ငါက ပညာရှာရဦးမယ်။ ငါပညာတွေ မပြည့်စုံသေးဘူး။ ဒီ တတ်ထားတဲ့ပညာတွေကို ငါအသုံးချရင်း..'

'ဟော့ကောင် မန္တလေးသား..ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ စစ်ကြိုခေတ်က စကားမျိုးတွေ လာပြောမနေနဲ့၊ မင်း လှိုင်ထိပ်ထားကို စိတ်မဝင်စားဘူးလားကွ'

မြအေးက ကျွန်တော့်ကို မျက်နှာရှုံ့တွအောင် အမူအရာမျိုးလုပ်ရင်း မေးလိုက်ပါတယ်။

'မမေးပါနဲ့ကွာ။ အမှန်အတိုင်းဖြေရရင် စိတ်ဝင်စားမိပါတယ်'

'ဒါများကွာ..စကားပလ္လင်တွေဘာတွေ ခံနေရသေးတယ်။ ...

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင်··ဟိုက မင်းအကြောင်းနဲ့ ရယ်စရာပြောတာ မင်းကိုကြိုက်တယ်လို့လည်း ထင်မနေနဲ့ဦး'

မြအေးစကားအဆုံး ငြိမ်းငြိမ်းက–

'လှိုင်ထိပ်ထားက ငါနဲ့ တစ်ခန်းတည်းနေလို့ ပြောတာမဟုတ်ဘူး။ စိတ်ရင်းကောင်းတယ်။ သူ့မိဘတွေက ပြည်မှာ ရွှေဆိုင်ရှိတယ်။ ပိုက်ဆံချမ်းသာတယ်။ ပြီးတော့ ရည်းစားလည်းမရှိဘူး။ ဒါ··ငါက တစ်ခန်းတည်းနေလို့ အသိဆုံး။ ဒီတော့ ရန်နောင်နဲ့ လှိုင်ထိပ်ထား ဖူးစာပါလာရင် ချစ်သူဖြစ်ကြမှာပဲ'

ကျွန်တော် နည်းနည်းတော့ ပျော်သွားပါတယ်။ ဘာရယ်ကြောင့်မှန်းတော့မသိ။ သေချာတာက လှိုင်ထိပ်ထား ရည်းစားမရှိတာသိရလို့ဖြစ်မှာပါ။

'ငါဖတ်ဖူးတဲ့ နိုင်ငံခြားကဗျာတစ်ပုဒ်ရှိတယ်။ စစ်မှန်တဲ့ချစ်သူတွေဆိုတာ သူတို့နှလုံးသားတွေထဲမှာ ကြည်နူးစရာအဖြစ်အပျက်တွေကို ထည့်သိမ်းထားတယ်တဲ့။ ဒီတော့ ငါ့နှလုံးသားထဲမှာ ကြည်နူးစရာကို ငါသိမ်းထားသလိုမျိုး လှိုင်ထိပ်ထားလည်း သိမ်းထားချင်သိမ်းထားမှာပေါ့'

ကျွန်တော့်စကားအဆုံး ချစ်ဖေက–

'အောင်မယ်··ရန်နောင်··မင်း ပေါ်ရဲလိုက်တာ။ မင်းပါးစပ်က ပြောရဲလိုက်တာ။ နေစမ်းပါဦး··မင်းနဲ့ လှိုင်ထိပ်ထားက ဘာညာသာရကာဖြစ်လို့ မင်းက ဒီစကားပြောရတာလား။ ဘာမှလည်းမဖြစ်သေးဘဲနဲ့။ ငပေါ··မင်း ငပေါ··ဒီတော့ ပေါလက်စနဲ့ လက်ဖက်ရည်ဖိုးတွေ မင်းရှင်းတော့'

'ဟုတ်တယ်··ချစ်ဖေပြောတာ ငါထောက်ခံတယ်။ လက်ဖက်ရည်ဖိုးရှင်းတော့'



'ဟဲ့··ဝါရွှေ··ငါ လက်ဖက်ရည်မသောက်ရသေးဘူး။ ငါ့အတွက်ပါ တည့်ရှင်းခိုင်း'

ငြိမ်းငြိမ်းက ပြောရင်းဆိုရင်းမှ လက်ဖက်ရည်လှမ်းမှာပါတယ်။

◆◆◆

ချစ်တာမချစ်တာ အသာထား။ လောလောဆယ်မှာတော့ ကျွန်တော့်အိတ်ကပ်ထဲကငွေတွေ ခုန်ထွက်သွားတာကတော့ အမှန်ပါ။

*တကယ်ပါ။ ကျွန်တော် ပြောရဲပါတယ်။ အချစ်အတွက် ငွေကုန်ကြေးကျမခံဖူးသူ ဒီကမ္ဘာမှာ မရှိရေးချမရှိ။*

www.burmeseclassic.com

www.burmeseclassic.com

လေပြည်ညင်းရယ်...
မိုးရေစက်တွေကို
အဖော်ခေါ်မလာပါနဲ့။
ပန်းပွင့်တွေ
ရွှဲရွှဲစိုကုန်မှာ စိုးလို့ပါ။
သူတို့ဘာသာသူတို့ အလှကို
ကြွားချင်တိုင်း ကြွားပါလေ့စေကွယ်။

BURMESE CLASSIC .com

## အခန်း(၈)

ရတနာ့ခေါင် တတိယထပ်မှာရှိတဲ့ ကျွန်မရဲ့အခန်းကနေ လှမ်းကြည့်လိုက်ရင် တစ်ပိုင်းတစ်စမြင်နေရတဲ့ တက္ကသိုလ် ဧလှလှော်ရွက်တိုက်အသင်းက မျက်စိထဲ အေးလိုက်တာဆိုတာ။

ပြည်မြို့မှာတော့ ကျွန်မက သူငယ်ချင်းတွေနဲ့ ပျင်းရင် မြစ်ဆိပ်ကိုသွား ဧရာဝတီမြစ်ကြီးကိုကြည့်ရတာ အရသာရှိပါဘိသနဲ့။ မြစ်ထဲမှာ သွားလာနေတဲ့ လှေတွေ၊ သစ်ဖောင်တွေဟာ ပန်းချီကားတစ်ချပ်လိုပဲ။ ဘယ်အချိန်ကြည့်ကြည့် သက်ဝင်လှုပ်လို့နေပါတယ်။

အခုတော့ အားရင် အင်းလျားရေပြင်ကြီးကို ကြည့်ရတော့လည်း အရသာက တစ်မျိုးဖြစ်နေတာပေါ့လေ။

လှလိုက်တာ။ ရတနာ့ခေါင်ခြံဝင်းထဲမှာ ပေါက်နေတဲ့ သစ်ပင်တွေမှာ ပန်းတွေက သူ့ထက်ငါ အလှတွေပြိုင်နေသလိုပဲ။

လေက အခုမှပိုတိုက်လာသလိုပဲ။ လေယူရာမှာ ပန်းကလေးတွေက

www.burmeseclassic.com

www.burmeseclassic.com



ဟိုယိမ်းဒီယိမ်းနဲ့။ ကောင်းကင်မှာ တိမ်တိုက်တွေက ညှိုရောင်သမ်းလာနေပြီ။

ဘုရားရေလို့ ကျွန်မ ရေရွတ်မိပါရဲ့။ မိုးတွေရွာလာရင် ပန်းကလေးတွေခမျာ ရွဲရွဲစိုပြီး ချမ်းနေရှာမှာ။ အဲဒီလိုသာဆို ဘယ်လိုလုပ် သူတို့အလှတွေ ပီပြင်တော့မလဲလို့။

'လှိုင်ထိပ်ထား ပြတင်းပေါက်ကနေ အပြင်ကိုကြည့်ပြီး ဘာစိတ်ကူးယဉ်နေတာလဲ'

ငြိမ်းငြိမ်းအသံကြောင့် ကျွန်မ ကြည်နူးနေတာလေးတွေ ပျက်သုဉ်းရှာပြီပေါ့။

'စိတ်ကူးယဉ်တာမဟုတ်ပါဘူးဟယ်‥သဘာဝတရားရဲ့အလှကို ခံစားနေတာပါ။ ဟိုမှာကြည့်စမ်း‥ပန်းကလေးတွေ ဘယ်လောက်လှသလဲ။ မိုးတွေက အုံ့နေတာ။ တော်ကြာ မိုးရွာရင် အဲဒီပန်းကလေးတွေ ရေစိုကုန်ရင် သူတို့အလှတွေ အခုလို ဘယ်ပြလို့ရမလဲ။ အဲဒါကိုတွေးနေတာ'

'လှိုင်ထိပ်ထား‥နင်ဟာလေ‥ပထဝီဘာသာရပ်ယူမယ့်အစား မြန်မာစာယူဖို့ ကောင်းတယ်'

'ဒီမှာ ငြိမ်းငြိမ်းရဲ့‥လူတစ်ယောက်ရဲ့ခံစား တွေးတောဆင်ခြင်မှုဟာ မြန်မာစာကိုယူမှ မဟုတ်ပါဘူးဟာ။ ဘယ်ဘာသာကို အထူးပြုယူယူ ဆင်ခြင်တွေးတောလို့ရပါတယ်'

'လှိုင်ထိပ်ထားတို့များ‥အခုမှ တွေးတာတွေကော ဆင်ခြင်တာတွေကော။ နင်တော့ ရန်နောင်နဲ့ တွဲပေးရမလိုဖြစ်နေပြီ'

'အောင်မယ်‥ငြိမ်းငြိမ်း‥ဘာဆိုင်လို့လဲ။ သူနဲ့ ကိုယ်နဲ့က အရမ်းခကြတာမှမဟုတ်တာ'



'လှိုင်ထိပ်ထားရယ်‥နင်က မခင်ဖူးလို့သာနော်။ သူ့ရဲ့ ရယ်စရာအဖြစ်အပျက်တွေကို နင်ပြောတဲ့အခါ နင့်ပုံစံက ကျေနပ်နေတာလေ'

ဒီတစ်ခါတော့ ကျွန်မ ဘာဖြစ်လို့မှန်းမသိ။ ငြိမ်းငြိမ်းကို ဘာမှပြန်မပြောဖြစ်ပါ။

'ဟဲ့‥ပြောရဦးမယ်။ ရန်နောင်က နင့်ကို စိတ်ဝင်စားနေသလိုပဲဟ။ ငါက သူတို့နဲ့ လက်ဖက်ရည်ဝိုင်းဖွဲ့ရင်း စကားပြောရင်းက သိတာ'

'ငြိမ်းငြိမ်းရယ်‥လွတ်လပ်တဲ့လူပျိုယောကျ်ားတိုင်းဟာ လွတ်လပ်တဲ့ အပျိုမိန်းကလေးတွေကို စိတ်ဝင်စားခွင့်ရှိတာပဲဟာ။ အဲဒါ ဆန်းမှမဆန်းတာ'

'အေး‥အခုမဆန်းဘဲ လှိုင်ထိပ်ထား‥နောက်မှ ဆန်းကြည့်၊ နင်သိမယ်။ ဟိုက မတော်တဆ နင့်ရှေ့မှာ ရယ်စရာဖြစ်လာ‥နင်က ငါ့ကို ဒီတစ်ခါ လာပြောကြည့်၊ ငါနဲ့တွေ့မယ်'

ငြိမ်းငြိမ်းက ကျွန်မကို ကြိမ်းဝါးရင်း အခန်းထဲကနေ ခင်မာလွင်တို့ ဆွေဆွေဝင်းတို့အခန်းဘက်ကို ထွက်သွားပါတယ်။

နှမြောလိုက်တာ။ စောစောက ကျွန်မကြည်နူးနေတာလေး ဘယ်ရောက်သွားပါလိမ့်။ အခုမှ တစ်ကနေ ပြန်စရတော့မယ်။

အဲ‥ရန်နောင်ရဲ့ ရယ်စရာလည်း နည်းနည်းတော့ပါမှာ။

တော်သေးရဲ့။ ကျွန်မ စိတ်ကူးကို ငြိမ်းငြိမ်းမသိလို့။

◆◆◆

တော်တော်ဆိုးတဲ့ သူငယ်ချင်းတွေ။

ဒီနေ့ ကာတွန်းဆရာတွေစုပြတဲ့ ကာတွန်းပြပွဲရှိတာကို သွားကြည့်ပါမယ် လာဆိုတာ တစ်ယောက်မှမလိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က နောက်မှကြည့်မယ်တဲ့။

ဘာအနုပညာမှမရှိတဲ့ သူငယ်ချင်းတွေ။

တစ်ကွက်ကာတွန်းတွေက ဘယ်လောက်အတွေးတွေ နက်နဲသလဲ။ ရယ်ရသလဲဆိုတာ ဒင်းတို့ မသိဘူးလားမသိဘူး။

◆◆◆

ကာတွန်းဆရာတွေက ကာတွန်းပြခန်းရှေ့မှာ ကတ်တလောက်တွေ ဝေငှပေးနေပါတယ်။

ဂျပ်ဆင်ဘုရားရှိခိုးကျောင်းရှေ့က ခရစ်ယာန်အသင်းတော်ခန်းမမှာ ပြတာဆိုတော့ ပြပွဲလာကြည့်တဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေကော ပြင်ပဧည့်သည်တွေနဲ့ စည်ကားလို့နေပါတယ်။

ကာတွန်းပြပွဲကိုလည်း 'အာဟာရ' လို့ နာမည်ပေးထားပါတယ်။

ဟုတ်တာပေါ့။ လူ့မှာ အစာအာဟာရမှမဟုတ်။ စိတ်အာဟာရလည်း လိုပါတယ်။

ဒီကာတွန်းပြပွဲမှာက ယနေ့မဂ္ဂဇင်းတွေမှာ နာမည်ကြီးနေတဲ့ ကာတွန်းဆရာတွေရဲ့ လက်ရာတွေကော၊ အခုမှ ကာတွန်းလောကထဲကို တိုးဝင်လာတဲ့ ဝါသနာရှင်တွေရဲ့ လက်ရာတွေက အစုံပြထားတဲ့ပွဲပါပဲ။

ဒီအထဲကနေ နောင်တစ်ချိန်မှာ ပရိသတ်ကြိုက်မယ့် ထင်ရှားတဲ့ ကာတွန်းပညာရှင်တွေ မပါဘူးလို့ ပြောလို့မရပါ။

◆◆◆

ကာတွန်းတွေက တစ်ကွက်ကာတွန်းတွေမို့ ကာတွန်းပုံတွေကိုကြည့်ရင်း တွေးရင်းနဲ့ တဖြည်းဖြည်းချင်း ပြုံးမိပါရဲ့။ ကာတွန်းပြပွဲကို လာရောက်



ကြည့်ရှုတဲ့ပရိသတ်တွေအတွက် ကာတွန်းဆရာတွေက ကာတွန်းပုံတွေ ဆွဲပေးနေလို့ ကာတွန်းဆရာတွေခမျာလည်း လက်မလည်အောင်ပါပဲ။

ကျွန်တော်လည်း ဒီကာတွန်းပြပွဲကို လာကြည့်ရင်း အမှတ်တရအနေနဲ့ ကာတွန်းဆရာတစ်ဦးဦးကို ကာတွ[illegible]ခိုင်းမယ်ဆိုပြီး လွယ်အိတ်ထဲက စာအုပ်နဲ့ ဘောလ်ပင်အထုတ်မှာ စာအုပ်က အရင်ထွက်မလာဘဲ ဘောလ်ပင် အရင်ကိုင်မိလို့ ဘောလ်ပင်ကိုကိုင်ရင်း စာအုပ်ထုတ်မလို့လုပ်နေတုန်းမှာပဲ ကျွန်တော့်ဆီကို ကာတွန်းပြပွဲကြည့်သူအချို့ထဲက အထက်တန်းနဲ့ အလယ်တန်းကျောင်းသူအရွယ် ကောင်မလေးတွေက ရောက်လာပါတယ်။

'ကျွန်မတို့ကို ကာတွန်းပုံဆွဲပေးပါ'

ပြဿနာက ငယ်ထိပ်တက်ဆောင့်ပြီလို့ ဘောလ်ပင်ကိုင်ထားတဲ့ ကျွန်တော့်ကို တကယ့်ကာတွန်းဆရာအထင်နဲ့ ပုံဆွဲခိုင်းလို့ပါ။

'မြန်မြန်ဆွဲပေးပါ'

'ကျွန်မကို အရင်နော်'

'ဟဲ့ . . ကြားမဖြတ်နဲ့။ ငါအရင်'

ကောင်မလေးတွေက တစ်ယောက်နဲ့တစ်ယောက် စာအုပ်တွေကိုင်ရင်းက အလုအယက် ကျွန်တော့်ရှေ့ကို ရောက်လာပါတယ်။ ကျွန်တော်လည်း ဖြစ်ချင်ရာဖြစ် မထူးတော့တာမို့ တတ်သလောက်မှတ်သလောက် ကာတွန်းဆွဲပေးမယ်ဆိုပြီး စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်ယူရင်း ပုံဆွဲပေးနေမိပါတယ်။

ကျွန်တော့်ပုံတွေကတော့ လှသလား မလှသလားမသိ။ ပုံဆွဲ[illegible] သူတွေကတော့ ကျေနပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ ကျွန်တော့်နားမှာ လူတွေက ဝိုင်းနေပါတယ်။ ကျွန်တော့်ခမျာလည်း ဘေးဘီကိုမကြည့်အားဘဲ ပုံဆွဲပေးနေမိပါတယ်။ ကာတွန်းပြပွဲကို လာရောက်ကြည့်သူတွေကများတော့ ကာတွန်းဆရာတွေလည်း ခေါင်းတောင်မဖော်နိုင်အောင် ပရိသတ်တွေကို ပုံတွေဆွဲပေးနေရပါတယ်။

ကျွန်တော့်နားမှာ အခုလို လူတွေဝိုင်းနေတာ ကျန်ရစ်ခဲ့တဲ့ ချစ်ဝေ၊ ဝါရွှေနဲ့ မြအေးတို့ မြင်စေချင်လိုက်တာဆိုတာ။

'ပုံတစ်ပုံလောက်'

'ဟုတ်ကဲ့..ရမယ်'

ကျွန်တော့်ကို စာအုပ်ထိုးပေးတဲ့ စာအုပ်ရဲ့စာမျက်နှာပေါ်မှာ ကျွန်တော် ပုံဆွဲလိုက်တယ်။ ပြီးတော့ စာအုပ်ကို ပုံဆွဲခိုင်းတဲ့သူကို ပေးလိုက်တော့-

'လှိုင်ထိပ်ထားပါလား'

ကျွန်တော် လုံးဝမထင်ထားပါ။ လှိုင်ထိပ်ထားက ဗလာစာအုပ်ထဲမှာ ကျွန်တော်ဆွဲထားတဲ့ပုံကို ကြည့်ရင်းက ရယ်နေပါတယ်။

'ရန်နောင်က ဘယ်ဆိုးလို့လဲ။ ဝလုံးတွေကို အကြီးကြီးဝိုင်းပြီး မျက်လုံးတွေကို 'ပစောက်'လုပ်လိုက်၊ 'င'လုပ်လိုက်နဲ့ ဒီလိုပုံဆွဲတတ်ရင် ကာတွန်းဆရာလုပ်လို့ရပြီ။ သွားပြီနော်'

ကျွန်တော့်အနားကနေ လှိုင်ထိပ်ထားက ရယ်ရင်းက ထွက်ခွာသွားပါတယ်။

◆◆◆

ကျွန်တော် ဝမ်းသာမိပါတယ်။ သူလည်း ကျွန်တော့်လို ကာတွန်း

BURMESE CLASSIC .com



ဝါသနာပါပြီး ဒီပြပွဲကို လာကြည့်တာပါလားလို့။

◆◆◆

အဆောင်ကိုရောက်တော့ ဒီသတင်းကို မထိန်ချန်ဘဲ သူငယ်ချင်းတွေကိုပြောတော့ သူတို့က ဒါလည်း မကော်ဂကြဖြစ်တာပဲလို့ မှတ်ချက်ချလေတော့..

လှိုင်ထိပ်ထားနဲ့ ကျွန်တော့်အတွက် မတော်တဆတွေက များလှချည်လားလို့။

နောက်ထပ် ဘာမတော်တဆတွေ တွေ့ရမှာပါလိမ့်။

*ကျွန်တော် တွေးမိပါတယ်။ အနာဂတ်တွေကိုသာ ကြိုမြင်ရင် ကျွန်တော့်အဖို့ အခုလောက်ဆို ကျန်တဲ့ ကမ္ဘာကျော် ရှေ့ဖြစ်ဟောဆရာတွေကို သနားတယ်လို့။*

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းချက်မရှိဘဲ
မိတ်ဆွေ
အပေါင်းအသင်းမထားပါနဲ့။

# အခန်း(၉)

စာကို အကြိမ်ကြိမ်ဖတ်ကြည့်ပြီး ကျွန်တော် ကျေနပ်နေပါတယ်။

မန္တလေးတက္ကသိုလ်မှာရှိနေတဲ့ သူငယ်ချင်းတွေက စာလှမ်းရေးလိုက်တာပါ။ စာထဲမှာကတော့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ရတာ ပျော်ရကောင်းမယ့်အကြောင်း၊ စာတွေကိုကျက်ဖို့ ပြီးတော့ ရန်ကုန်တက္ကသိုလ်တက်နေတဲ့ ကျွန်တော့်ဓာတ်ပုံကို ဘွဲ့နှင်းသဘင်နောက်ခံထားရိုက်ပြီး သူတို့ဆီ ပို့ပေးဖို့ပါ စာထဲ ထည့်ရေးထားတာပါ။

'ဘာစာမို့လို့ ရန်နောင် မင်းဒီလောက် အကြိမ်ကြိမ်ဖတ်နေရတာလဲ'

အခန်းထဲက စာကြည့်စားပွဲမှာ စာဖတ်နေတဲ့ ကျွန်တော့်နား မျက်နှာလိမ်းထားတဲ့ သနပ်ခါးကို မှန်ဗိုင်းလေးနဲ့ ထုတ်ကြည့်ရင်း ဝါရွှေက ကျွန်တော့်အနား ရောက်လာပါတယ်။

'မန္တလေးက သူငယ်ချင်းတွေဆီကပါ။ သတိရကြောင်းပေါ့ကွာ။ ပြီးတော့ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကို နောက်ခံထားပြီး ဓာတ်ပုံတစ်ပုံလောက် သူတို့ဆီကို ပို့ပေးတဲ့။ ခက်တာက ကိုယ်ကလည်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ဓာတ်ပုံမရိုက်ဖူးတာဆိုတော့ ခက်နေပြီဟေ့'

'ဘာခက်လဲကွာ..ရန်ကုန်တက္ကသိုလ်ထဲမှာ ဒီလောက် ဓာတ်ပုံဆရာ ပေါတာ။ တစ်ယောက်လောက် ခေါ်ရိုက်လိုက်ပေါ့ကွာ'

'မဟုတ်ဘူး ဝါရွှေရ..ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကို နောက်ခံ ထားတာကတော့ ထားပါတော့။ ဘယ်နေရာကောင်းမလဲ။ ငါက စဉ်းစား နေတာ'

'ဟော့ကောင်..ဘာမှမစဉ်းစားနဲ့။ မင်း ဓာတ်ပုံရိုက်မယ့်နေ့ ပြော ငါလိုက်ပြမယ်။ တကတည်းကွာ..သူငယ်ချင်းတွေဆီ ဓာတ်ပုံပို့တာများ'

ကျွန်တော်က လက်ထဲမှာကိုင်ထားတဲ့ စာရွက်ကို ချလိုက်ရင်း-

'သူငယ်ချင်းဆိုတာ မင်းတော့ ဘယ်လိုသတ်မှတ်သလဲမသိဘူး။ ရည်မှန်းချက်မရှိဘဲ မိတ်ဆွေအပေါင်းအသင်းဆိုတာ မထားရဘူးကွ။ ရည် မှန်းချက်ဆိုတာ ဘာလဲဆိုတော့ ကိုယ်ကော၊ ကိုယ်ပေါင်းသင်းတဲ့ သူငယ် ချင်းတွေပါ မိမိရှိသောဘဝထက်၊ မိမိရည်မှန်းထားတဲ့ စိတ်ကူးယဉ်သော ဘဝထက် မိမိရည်မှန်းထားတဲ့ စိတ်ကူးပန်းတိုင်ကို အရောက်သွားကြိုးစား ရင်း အတူတူအောင်ပွဲဝင်တာမျိုးလို့ ငါက သတ်မှတ်တယ်။ နောက်ပြီး ငါဖတ်ဖူးတဲ့ ကွယ်လွန်သွားတဲ့ မင်းသားကြီးဝင်းဦးရဲ့ စာစုလေးတစ် မင်းကိုပြောပြမယ်။ အဲဒါလေးက ဘဝမှာ မှတ်သားစရာပဲကွ။ ဘယ်လို ဆိုတော့ကွာ..လူဟာတဲ့..ကိုယ်ချစ်တဲ့သူ၊ ကိုယ်နဲ့ ခင်မင်တဲ့သူငယ်ချင်း ဖြစ်ဖြစ် စိတ်ကတောက်ကဆဖြစ်လို့နေရင် အဲဒီသူကို အရင်ဆုံး သွားမချော့ ပါနဲ့ဦးတဲ့။ သူက စိတ်ဆိုးပြီးမှန်း သံသယပြေမှာမဟုတ်ဘူးတဲ့။ ဒီတော့ ကိုယ့်ကို ချစ်ခင်နေဆဲဖြစ်တဲ့သူတွေဆီကို သွားပါတဲ့။ သူတို့က ကိုယ့်ကို



ပိုချစ်လာလိမ့်မယ်တဲ့။ အချိန်ကြာလာတဲ့အခါ ကိုယ်နဲ့ စိတ်ကတောက်ကဆ ဖြစ်တဲ့ ချစ်သူပဲဖြစ်ဖြစ်၊ သူငယ်ချင်းကပဲဖြစ်ဖြစ် သူစိတ်ပြေတဲ့အခါ ကိုယ့် ကို ပိုချစ်လာမယ်တဲ့။ ဒီတော့ သူငယ်ချင်းမိတ်ဆွေတွေရဲ့ အချစ်ပါ တိုးလာ မယ်တဲ့'

ဝါရွှေက ဘာမှမပြောတော့ဘဲ အဆောင်ဝရန်တာရှေ့မှာ ပေါက်နေတဲ့ ကံ့ကော်ပင်တွေကို ကြည့်ရင်းက-

'အေးကွာ..မိတ်ဆွေဆိုတာ ဘယ်လိုလဲဆိုတာ မင်းနဲ့တွေ့မှ ငါ ရှင်းရှင်းလင်းလင်း သိတော့တယ်။ အခုလို ငါတို့မင်းတို့တစ်တွေ သူငယ်ချင်း တွေလာဖြစ်ကြတာ ရည်မှန်းချက်တွေရှိတော့ တို့တွေ အကျိုးမယုတ်တော့ ဘူးပေါ့ကွာ။ ဒီထက်မြင့်တဲ့ မြတ်တဲ့ဘဝကို ရောက်ကြမှာပဲဟာ။ ကျောင်း ပြီးရင် ဘွဲ့တွေရ၊ လုပ်ငန်းခွင်တွေဝင်ဆိုတော့..'

ကျွန်တော်လည်း ဘာစကားမှမဆိုတော့ဘဲ အိပ်ရာပေါ် လှဲချလိုက် ရင်းက မန္တလေးတက္ကသိုလ်မှာ ကျွန်တော် ကျောင်းတက်ခဲ့စဉ်က သူငယ်ချင်း တွေနှင့် ဖြတ်သန်းခဲ့သော ရက်များစွာထဲက မဟာမြတ်မုနိ၊ မန္တလေးတောင်၊ ရေနီမြောင်း၊ ဈေးချို၊ အောင်ပင်လယ်၊ ဦးပိန်တံတား စတဲ့ မြင်ကွင်းတွေကို ပြန်မြင်ယောင်နေမိပါတယ်။

◆◆◆

ကျွန်တော့်အိပ်ရာပေါ်မှာလှဲရင်း အိပ်ပျော်သွားချိန်မှာ ဝါရွှေကတော့ အခန်းထဲကနေ ဘယ်ကိုထွက်သွားလေသလဲမသိ။ ကျွန်တော် အိပ်ရာက နိုးလာတော့ အခန်းထဲမှာ မရှိပါ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



အဓိပတိလမ်းဟာ နေ့လယ်ခင်းအချိန်ဆိုပေမယ့် စည်ကားလို့နေပါတယ်။ တက္ကသိုလ်စာကြည့်တိုက်ကြီးရှေ့မှာ ဓာတ်ပုံရိုက်သူရိုက်၊ ခုံတန်းလျားတွေပေါ်မှာထိုင်ရင်း စကားပြောသူပြောနဲ့ လွတ်လပ်တဲ့ ကျောင်းသားဘဝကို အပြည့်အဝခံစားနေကြတယ်။

ကျွန်တော့်မှာလည်း ပြောမနေပါနဲ့တော့။ ဘာဖြစ်ရမလဲဗျာ။ ဝါရွှေလေ။

မန္တလေးတက္ကသိုလ်က သူငယ်ချင်းတွေကို ဓာတ်ပုံရိုက်ပြီး ပို့ပေးဖို့အတွက် သူ့အသိဓာတ်ပုံဆရာနဲ့ ရိုက်ခိုင်းမယ်ဆိုပြီး ကျွန်တော့်ကို စာသင်ခန်းထဲမှာ စောင့်ခိုင်းတာ တစ်နာရီသာကြာသွားတယ် ဒီကောင်က ပေါ်မလာဘူး။

ဒါနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော်လည်း ကိုယ့်ဘာသာကိုယ် ဓာတ်ပုံရိုက်မယ်ဆိုပြီး ကျွန်တော့်ရဲ့စာသင်ခန်းကနေ ထွက်လာခဲ့တယ်။

ရေတမာပင်အောက်မှာထိုင်ရင်း ဓာတ်ပုံကင်မရာကို လည်ပင်းဆွဲထားတဲ့ ဓာတ်ပုံဆရာတစ်ယောက်ကို တွေ့ရတယ်။ ဓာတ်ပုံတွေကို တစ်ပုံချင်းကြည့်နေရင်း ကျေနပ်နေတဲ့အမူအရာမျိုး ဖြစ်နေပါတယ်။

'ညီလေး..ဓာတ်ပုံရိုက်မလို့လား'

ကျွန်တော့်ကို အဲဒီဓာတ်ပုံဆရာက လှမ်းမေးလိုက်ပါတယ်။

'မန္တလေးတက္ကသိုလ်က သူငယ်ချင်းတွေကို အမှတ်တရဓာတ်ပုံပေးချင်လို့ပါ။ ဘွဲ့နှင်းသဘင်ကို နောက်ခံထားပြီး ရိုက်ပေးပါ'

'စိတ်ချ ညီလေး..တကယ့်ကို အနုပညာမြောက်တဲ့ ဓာတ်ပုံမျိုးဖြစ်အောင် ကိုယ်ရိုက်ပေးမယ်။ ကိုယ့်နာမည်လည်း မှတ်ထား။ တက္ကသိုလ်



မျိုးသန့်တဲ့။ ဟောဒီတက္ကသိုလ်နယ်မြေမှာ ကိုယ့်ရဲ့ဆန်းသစ်တဲ့ မော်ဒန်ရိုက်ချက်တွေကြောင့် ကောင်မလေးတွေဆို ကိုယ်မှကိုယ်ပဲ။ လာ..ညီလေး..လှမယ့် Location ရွေးရအောင်'

အဓိပတိလမ်းမကို ဖြတ်ကူးရင်း ဓာတ်ပုံဆရာက ကျွန်တော်တို့စာသင်တဲ့ ဝိဇ္ဇာခန်းမရှေ့ဘက် ခေါ်လာပါတယ်။

'ဓာတ်ပုံရိုက်တဲ့အခါမှာ Location ရယ်၊ ဓာတ်ပုံရိုက်ခံမယ့်သူဝတ်တဲ့အဝတ်အစားရယ်၊ သဘာဝအလျောက် ဖြစ်ပေါ်တဲ့အရောင်တွေက ဟာမိုနီဖြစ်ရမယ်။ ကိုယ် အခုလို ဓာတ်ပုံရိုက်တာကို ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးပါဆိုပြီး လိုင်စင်လိုမျိုး လာရိုက်ခိုင်းလို့ကတော့ ဘယ်လိုပုံကောင်းထွက်လာပါ့မလဲ။ ပုံက ဓာတ်ပုံပဲထွက်မှာ။ ဓာတ်ပုံရဲ့အရသာကို တွေ့မှ'

'တကယ်တော့ လူက မလှတာကို ဓာတ်ပုံက လုပ်ပေးနိုင်တယ်။ သိပ်မလှတဲ့ ကောင်မလေးတွေတောင် ကိုယ်က လှအောင်ရိုက်ပေးတော့ ကိုမျိုးသန့်မှ ကိုမျိုးသန့်ပဲ။ ဒီကျောင်းက ကျောင်းသူတွေဆို ပြောမနေနဲ့'

'ဒီ ဓာတ်ပုံဖလင်ဆိုတာကလည်း မူရင်းဖလင်ကောင်းမှ မကောင်းရင် ပုံကူးတဲ့အခါမှာ ပြဿနာတက်တယ်'

ကျွန်တော် အတော်စားသွားပါတယ်။ ဒီဓာတ်ပုံဆရာကိုမှ ကျွန်တော် ဘာဖြစ်လို့ ဓာတ်ပုံရိုက်ခေါ်မိနေသလဲလို့။

ကျွန်တော့်ကို ဓာတ်ပုံရိုက်မယ့် Location ရှာမယ်ဆိုပြီး ဝိဇ္ဇာခန်းမနဲ့ ဘွဲ့နှင်းသဘင်ကိုပတ်ပြီး ခေါ်လာတဲ့ ဓာတ်ပုံဆရာက ရှုခင်းရှာသလား၊ မရှာသလားတော့မသိ။ သူချည်း တစ်လမ်းလုံး စကားတွေပြောပါတယ်။ ကျွန်တော့်မှာ သူနဲ့ ဘေးချင်းယှဉ်ရပ်ရင်း သူ့စကားတွေကို လမ်းလျှောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရတာ အတိဘ်က ဘငွေ့ကြေးတွေ ပါလေသလဲမသိ။

‘ဓာတ်ပုံပညာရပ်မှာ တချို့ဆို အလှရိုက်ပေးတဲ့ဓာတ်ပုံကနေ မင်း သမီးဖြစ်သွားတာ အများကြီး။ ဒါကလည်း..’

ကျွန်တော် ခေါင်းကုတ်လိုက်ပါတယ်။

‘အစ်ကို..ကျွန်တော့်ကို ဘယ်နေရာမှာ မာက်ပုံရိုက်မှာလဲ။ အစ်ကို ပတ်ပြီးခေါ်လာတာ နဂိုနေရာ ပြန်ရောက်လာပြီ။ ဓာတ်ပုံရိုက်မယ်ဆိုရ လည်း ရိုက်တော့ အစ်ကိုရာ’

ကျွန်တော်က စိတ်မရှည်သလိုဖြစ်လို့ ဖြစ်ချင်တာဖြစ်ဆိုပြီး ဓာတ် ဆရာကို ပြောလိုက်ပါတယ်။

‘စိတ်ရှည်စမ်းပါ ညီလေးရာ..ကိုယ့်သူငယ်ချင်းတွေပေးမယ့် ဓာတ် ပဲဟာ။ ဟော..တွေ့ပြီ’

ဓာတ်ပုံဆရာက ဝိဇ္ဇာမန်းမရှေ့ အဝင်ဝနားက တရုတ်စကားပင်ရှေ့ မှာ ရပ်လိုက်ပါတယ်။

‘အစ်ကိုရာ..အစကတည်းက ဒီနေရာမှာရိုက်မယ်ဆို ပြီးနေတဲ့ဟာ သက်သက်လျှောက်ပတ်ပြီး နေရာရှာနေသေးတယ်’

ကျွန်တော်ကပြောတော့ ဓာတ်ပုံဆရာက ဟိုကြည့်ဒီကြည့် ကြ ရင်း-

‘ဒီ Location ကတော့ ကင်မရာတည်ဖို့ အကောင်းဆုံးပဲ။ ကဲ ညီလေးက အဲဒီစကားပင်ခွကြားထိရောက်အောင် တက်လိုက်။ အပင် နိမ့်ပါတယ်။ အဲဒီအပင်ရဲ့ခွမှာ ခြေတစ်ချောင်းမေးပြီး ခွတဲ့ပုံစံမျိုးနေ။ ဒီ ပုံမျိုး ဘယ်သူမှ မရိုက်ဖူးသေးဘူး’



‘အစ်ကို..ကောင်းပါ့မလား’

‘မကောင်းမှာမပူနဲ့။ မန္တလေးက သူငယ်ချင်းတွေ ဟာ..ဟင် ဖြစ် သွားမယ်’

ကျွန်တော်လည်း မထူးတော့တာမို့ ဓာတ်ပုံဆရာပြောတဲ့အတိုင်း တရုတ်စကားပင်ပေါ် တက်ရပါတယ်။ သစ်ပင်ပေါ် ကျွန်တော်တက်တာကို ကျောင်းသူအချို့က ဖြတ်လျှောက်သွားရင်း ပြုံးတစ်ပြုံးတစ်နဲ့ကြည့်ရင်း ရယ် သွားပါတယ်။

‘ညီလေး..အိုကေ..ထိုင်လိုက်။ ခြေထောက်ကလေးကို နည်းနည်း မိမ်း သစ်ပင်ခွကြားကို ခွသလိုလေးပေါ့’

ဓာတ်ပုံဆရာပြောတဲ့အတိုင်း ကျွန်တော့်ခမျာ တရုတ်စကားပင်ခွကြား ဓာတ်ပုံရိုက်ဖို့ ‘ပဲ’ပေးနေရပါတယ်။ ဓာတ်ပုံဆရာကလည်း တော်တော်နဲ့ ရိုက်သေးဘဲ ကင်မရာကိုကြည့်လိုက် ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နဲ့ ဖြစ်နေပါတယ်။ ကျွန်တော့်မှာလည်း သစ်ပင်ခွကြားမှာ ထိုင်သလို လုပ်နေ တဲ့အတွက် အတော်ခံရခက်နေပါတယ်။

‘အား’

ဒီအချိန်မှာပဲ ပါးစပ်ကနေ ကျွန်တော့်ရဲ့ နာကျင်သံထွက်သွားပါတယ်။ တရုတ်စကားပင် သစ်ပင်ခွကြားမှာရှိနေတဲ့ ခါချဉ်နီတွေက ကျွန်တော့်ခြေ လုံးကို ဝိုင်းကိုက်လို့ပါ။

‘အစ်ကို..အစ်ကို..မြန်မြန်ရိုက်ပါ။ ဒီမှာ ခါချဉ်တွေကိုက်နေလို့။ အား..အား’

‘ရိုက်ပြီ ညီလေးရေ’

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံဆရာ ဘာပြောသလဲတောင် သေသေချာချာ ကျွန်တော် မကြားလိုက်ပါ။ ခါချဉ်တွေကိုက်တာ တော်တော်လေးနာလို့ သစ်ပင်ပေါ်က ခုန်ချတာ မြေပြင်ပေါ်မှာ ကျွန်တော် ဆောင့်ဆောင့်ထိုင်မိသလို ဖြစ်သွားပါတယ်။

ကျွန်တော့်ရဲ့ခြေသလုံးနစ်ဖက်ကို ကြည့်လိုက်တော့ ခါချဉ်ကောင်တွေ ဝိုင်းအားပေးတာ နီရဲနေပါတယ်။

'ဒီလို ဓာတ်ပုံရိုက်သူမျိုး မတွေ့ဖူးသေးဘူး။ ဟား‥ဟား‥ဘယ် ရည်းစားကို ပေးမလို့လဲဟင်'

ကျွန်တော့်နောက်နားကနေ အသံကြားလို့ လှည့်ကြည့်လိုက်တော့ လှိုင်ထိပ်ထားနှင့် အဖော်သူငယ်ချင်းနစ်ယောက်ကို တွေ့ရပါတယ်။ လှိုင်ထိပ်ထားကော သူ့အဖော်နစ်ယောက်ကပါ ရယ်နေတာ အားရပါးရပဲ။

'ကျွန်တော့်သူငယ်ချင်းတွေအတွက်ပါဗျာ'

'ဒါဆိုရင်တော့ ဒီပုံမြင်ပြီး ရှင့်သူငယ်ချင်းတွေကတော့ တစ်သက်လုံး သိမ်းထားချင်စရာဖြစ်တော့မှာ။ နောက်တစ်ခါ ဓာတ်ပုံရိုက်ရင်လည်း ပြောနော်။ ရယ်ချင်လို့'

ကျွန်တော့်ဘေးကနေ လှိုင်ထိပ်ထားက ရယ်မောရင်းမှ ထွက်သွားပါတယ်။

အောင်မယ်‥အောင်မယ်‥သူ့ဘေးနားကပါလာတဲ့ သူငယ်ချင်းမနှစ်ယောက်ကလည်း ရယ်လို့။

'အစ်ကိုရာ‥နည်းနည်းပါးပါး ဒီသစ်ပင်ပေါ်မှာ ခါချဉ်ရှိတယ်ဆိုတာ ပြောတာမဟုတ်ဘူး'



'ကိုယ်လည်း Location အတွက် ကင်မရာ Angle ကို ကြည့်နေတော့ သတိမထားမိလိုက်ဘူး။ ညီလေးရဲ့ပုံကတော့ တကယ့်မော်ဒန်ဖြစ်ပြီ'

ဓာတ်ပုံဆရာကတော့ အခုထိမလျှော့သေးပါ။ စိတ်ထဲကနေ ဒီလိုဖြစ်ရတာ ဝါရှေကြောင့်လို့ ဒီပုဂ္ဂိုလ်ကို [illegible]သော အတုံးလိုက်အတစ်လိုက် ပို့မိနေပါတယ်။

လှိုင်ထိပ်ထားတို့ကလည်း ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ကျွန်တော် ဓာတ်ပုံရိုက်တဲ့နေရာကို ရောက်လာရသလဲမသိ။

မတော်တဆ တွေ့မှ တွေ့တတ်ပါလေစ။

◆◆◆

အဆောင်ရောက်တော့ ထိုအကြောင်းကို ပြောမည်လို့ အားတင်းထားပေမယ့် အဆောင်မှာ သူငယ်ချင်းတွေကမရှိ။ ဘယ်များ သဝေထိုးလေသလဲ မသိ။

*ကျွန်တော် စဉ်းစားမိပါတယ်။ ဘဝဆိုတာ ကင်မရာတစ်လုံးသာ ဖြစ်မယ်ဆိုရင် ကျွန်တော်တို့တွေဟာ အဲဒီကင်မရာထဲမှာ ထည့်ထားတဲ့ နဂတစ်ဖလင်တွေဖြစ်မယ်ဆိုတာပါပဲ။*

www.burmeseclassic.com

www.burmeseclassic.com

မင်းမျက်လုံးတွေက
ကိုယ့်ကို
ရှာဖွေနေတဲ့အချိန်ထိ
ဘဝကို
နမ်းရှိုက်ရင်း စောင့်ဆိုင်းမယ်။

## အခန်း(၁၀)

'ရန်နောင်ရာ..မင်းက ဓာတ်ပုံဆရာကိုမျိုးသန့်နဲ့ တွေ့လာတာကိုး။ ဒီလူက ဓာတ်ပုံဆရာမလုပ်စားဘဲ ဟောလိဝုဒ်မှာ ရုပ်ရှင်ရိုက်ရမှာ။ စကားကလည်း အရမ်းများတာ။ တော်ရုံ ဓာတ်သိဆိုရင် သူ့ကိုမြင်တာနဲ့ ပြေးပြီ။ ဒါပေမဲ့ သူရိုက်တဲ့ပုံတွေကတော့ ကောင်းတယ်ကွ'

ကျွန်တော်က သူငယ်ချင်းတွေကို ပြောပြတော့ မြအေးက ပြောလိုက်ပါတယ်။

ချစ်ဖေက ဝါရွှေကိုကြည့်ရင်းကနေ-

'ဝါရွှေ..မင်းဟာလေ..ပြောစရာကိုဖြစ်တယ်။ ကူညီစရာရှိရင် အစအဆုံး ကူညီပါလားကွာ'

'ငါလည်း ဒီကောင် ဓာတ်ပုံရိုက်မယ့်ကိစ္စ ကူညီမလို့လုပ်တုန်း ပင်းယဆောင်က သတ္တဗေဒဂုဏ်ထူးတန်းက သိန်းသန်း ရောက်လာတယ်။ မျက်နှာအသားအရည် ဘယ်လိုထိန်းသိမ်းရသလဲမေးလို့ ငါရှင်းပြနေရင်း ကြာသွားတာ'

www.burmeseclassic.com

www.burmeseclassic.com



ဝါရွှေစကားအဆုံး ချစ်ဖေရဲ့ပါးစပ်က အံ့အားသင့်တဲ့ ပုံစံမျိုးနဲ့-

'ဟေ! မင်း··မင်း··ဆေးနည်းပေးခဲ့သေးလား'

'ဒီတစ်ခါတော့ ရွှေဘိုဆောင်က ဝက်ခြံဆေးမျိုးမဖြစ်အောင် ငါ ဆေးကျမ်းတွေ လေ့လာပြီးမှ လာပေးမယ်။ တိကျအောင် လေ့လာဦးမယ် လို့ ပြောခဲ့တယ်'

မြအေးက ဝါရွှေကို ရယ်ကျဲကျဲကြည့်ရင်းကနေ-

'တော်သေးတာပေ့ါ ဝါရွှေရာ··မင်းသာ ဆေးနည်းပေးခဲ့မယ်ဆိုရင် ငါတို့က သွားတားမလို့။ အဲဒီဆေးနည်းကို မသုံးနဲ့လို့။ တော်ကြာ မင်းနဲ့ ပေါင်းတဲ့ငါတို့ သိက္ခာကျမှာစိုးလို့'

မြအေးစကားကို ဝါရွှေ ဒေါသထွက်သွားပုံရပါတယ်။

'ဒီမှာမြအေး··ငါ့ရဲ့လေ့လာထားတဲ့ပညာရပ်ကို မစော်ကားနဲ့။ ဒါ ငါလက်မခံဘူး။ ငါ့ကို ကြိုက်သလောက်ပြော။ ပညာရပ်ကိုတော့ မင်း မစော်ကားနဲ့။ ဒီပညာရပ်ဟာ ငါ့အဖွားရဲ့ အဘွားရဲ့ အဘိုးက ကုန်းဘောင် ခေတ်က ရခဲ့တာကွ'

ချစ်ဖေက ဆေးပေ့ါလိပ်ကို ဖီးညှိရင်းကနေ-

'တော်စမ်းပါကွာ။ မင်းတို့အမျိုးတွေက သမိုင်းထဲကကိုမထွက်ဘူး။ ဒီမှာဟေ့ကောင် ဝါရွှေ··ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့စကားနဲ့ဆို ဒဏ္ဍာရီတွေ၊ ပါးစပ်ကပြောတဲ့ဟာတွေကို အယုံအကြည်မရှိဘူး။ အထောက် အထားနဲ့ဆို ယုံမယ်'

'ဒီမှာချစ်ဖေ··မင်းကို အထောက်အထားနဲ့ပြရအောင် မင်းက ဘာမို့ လို့လဲ'



ဝါရွှေ တော်တော်ဒေါသထွက်သွားတယ်ထင်ပါရဲ့။ တဖြည်းဖြည်းနဲ့ နှံပွဲအသွင်ဆောင်လာနိုင်ပါတယ်။

'မင်းတို့ကလည်းကွာ··တော်စမ်းပါ။ တော်ကြာ လူမြင်မကောင်း ဖြစ်မယ်။ ဟုတ်တာလည်းမဟုတ်ဘူး'

ကျွန်တော့်စကားကြောင့် ဝါရွှေနဲ့ချစ်ဖေစကားမဆိုတော့ဘဲ ကောင်း ဗွိုင်ရုပ်ရှင်ဇာတ်ကားတွေထဲက လူဆိုးတွေလို တစ်ယောက်နဲ့တစ်ယောက် မှန်တေတေအကြည့်နဲ့ ကြည့်နေကြပါတယ်။

'ကဲ··ချစ်ဖေနဲ့ဝါရွှေ··မင်းတို့ဘာသာမင်းတို့ ရုပ်ရှင်ဆက်ရိုက်ဖို့ ရိုက်တင်ကျင့်ချင် ကျင့်၊ ငါတော့သွားပြီ။ အေးအေးဆေးဆေး ငါ့ဘာသာငါ တစ်နေရာမှာသွားထိုင်ပြီး လောကကြီးရဲ့အရသာကို ခံစားမယ်။ မင်းတို့လို လောကီနယ်ပယ်မှာနေရတာ သိပ်ပူလောင်တယ်ကွာ။ မြအေး··မင်းလည်း သူတို့နဲ့ နေခဲ့ပေတော့'

ကျွန်တော်က သူတို့အနားကနေ ထွက်လာခဲ့ပါတယ်။

'ဟေ့ကောင် ရန်နောင်··မင်း··မင်း··'

ဝါရွှေက ကျွန်တော့်ကို ဘာတွေပြောလေသလဲတော့မသိ။ ဝါရွှေအပါ အဝင် မြအေးကော ချစ်ဖေပါ ကျွန်တော့်ကို မေတ္တာတွေပို့ပါတယ်။

ကောင်းတယ်။ တစ်ခါတစ်လေ ဒီကောင်တွေကို ဒီလို ပညာပေးမှ။

◆◆◆

နေကမပူဘဲ တိမ်တွေက မှုန်ပျပျရှိလို့နေတယ်။ ဟိုးအဝေး သစ်ရိပ် ဟဲ··ဟဲ့ဒွဲထဲကနေ ငှက်တစ်အုပ်က ပျံသန်းလိုက်တယ်။ ရေပြင်မှာ ငြိမ်သက် နေတဲ့ လှိုင်းအိလှိုင်းရိပ်ကလေးတွေကိုတောင် မတွေ့ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုလို အင်းလျားကန်ဘောင်မှာ လာထိုင်ရတာ ကျွန်တော့်အဖို့ အရသာရှိလှပါတယ်။ တစ်ခါတစ်လေ ဒီလို ငြိမ်ငြိမ်လေးနေရတာကို တစ်မျိုးတော့ ခံစားလို့ကောင်းပါတယ်။

ညနေဆို အင်းလျားကန်ပေါင်က ကျောင်းသူကျောင်းသားတွေကော အခြားသူတွေနဲ့ပါ ဆူညံနေတာ ဒီလိုအရသာမျိုးခံစားလို့ကမရဘူး။

မနက်လေးမှာကျတော့ ဒါမျိုးမဟုတ်ဘူး။ ရေပြင်ကိုကြည့်ချင်ရင် ဦးဝိစ္ တံတားကို သွားရတယ်။ ဂေါ်ဝိန်ဆိပ်ကျတော့ ဆူညံနေလို့။

ကျွန်တော် အင်းလျားရေပြင်ကိုကြည့်ပြီး ငြိမ်ငြိမ်လေးထိုင်နေရင်းက တိတ်ဆိတ်ခြင်းရဲ့အရသာကို စားသုံးနေမိတယ်။

◆◆◆

ဒီနေ့မှ အတန်းထဲမှာ စာသင်နေရင်းက ခေါင်းထဲက ညည်းစီစီကြီး ဖြစ်လာတယ်။ ညက စာကျက်လို့ အိပ်ရေးနည်းနည်းပျက်တာလည်း ပါမယ် ထင်ပါရဲ့။

ဒါနဲ့ အင်းလျားဘက်လမ်းလျှောက်ထွက်မယ်ဆိုပြီး ငြိမ်းငြိမ်းကော၊ ခင်မေလွင်ကော၊ ဆွေဆွေဝင်းကော ခေါ်ပါသေးတယ်။ ဖြစ်ချင်တော့ ငြိမ်း ငြိမ်းရဲ့အဘွားက ရန်ကုန်မှာရှိတဲ့ သူ့ဦးလေးအိမ်မှာ ဆေးလာကုတာ ဆေးရုံ တင်ထားရလို့ ခင်မေလွင်နဲ့ ဆွေဆွေဝင်းကပါ ငြိမ်းငြိမ်းနဲ့ လူမမာမေး လိုက်သွားမယ်ဆိုပြီး ပါသွားတယ်။

ဒီတော့ မထူးပါဘူးဆိုပြီး ကျွန်မ တစ်ယောက်တည်းပဲ အင်းလျား ကန်ပေါင်ရိုးဘက်ကို ထွက်လာခဲ့တယ်။ လေကောင်းလေသန့်ကို ရှူဘာမို့ ထင်ပါတယ်။ ခေါင်းထဲ ညည်းစီစီဖြစ်တာတွေတောင် ပျောက်သွားတယ



ကန်ပေါင်ရိုးအတိုင်း လမ်းနည်းနည်းလျှောက်ပြီးမှ ခုံတန်းလျားတစ်ခု မှာ ဝင်ထိုင်တာကောင်းမယ်လို့ ဆုံးဖြတ်ရင်း ကျွန်မ လမ်းလျှောက်နေမိ တယ်။

◆◆◆

ဟုတ်မှဟုတ်ရဲ့လားလို့ ကိုယ့်မျက်လုံးကိုယ် ပွတ်ကြည့်မိတယ်။ သေချာတာကတော့ တကယ့်ကို အသေအချာပဲ။ လှိုင်ထိပ်ထားမှ လှိုင်ထိပ် ထားအစစ်။

လှိုင်ထိပ်ထားတစ်ယောက်တည်း ကျွန်တော်ထိုင်နေတဲ့ ခုံတန်းလျား ဘက်ဆီ လမ်းလျှောက်လာနေတာ။ အဖော်လည်းမပါဘူး။

တဖြည်းဖြည်းနဲ့ လှိုင်ထိပ်ထားက ခုံတန်းလျားနားကို ရောက်လာပါ တယ်။

‘လှိုင်ထိပ်ထား··ဘယ်လဲ’

‘ဩော်··ရန်နောင်ပါလား’

ကျွန်တော်က ထိုင်ရာမှထပြီး နှုတ်ဆက်လိုက်လို့ လှိုင်ထိပ်ထားက လည်း မထင်မှတ်ဘဲ ကျွန်တော့်ကိုတွေ့လို့ အံ့အားသင့်သွားပါတယ်။

‘ကျွန်တော်ဗျာ··ဒီမှာလာထိုင်တာ။ အေးအေးဆေးဆေးလေး တွေး ချင်ရာ တွေးရအောင်လို့။ ချစ်ဖေ၊ ဝါရွှေ၊ မြအေးတို့နဲ့ ပထမ လက်ဖက်ရည် ဆိုင်မှာထိုင်နေတာ။ ဒီကောင်တွေ စကားနိုင်လုနေတာနဲ့ နားညည်းပြီး ဒီ လွှင့်လာတာ။ ဒီမှာက အေးချမ်းပါတယ်။ ရေပြင်ကို ထိုင်ကြည့်နေရုံပဲ။ ဟဲ··ဟဲ··ထိုင်ဖို့ပြောဖို့တောင် မေ့သွားတယ်။ ထိုင်ပါဦးလား’

‘ကျွန်မက မထိုင်ခင် ရှင့်ကို ရေတိုက်မလားလို့။ ဒီလောက် စကား

www.burmeseclassic.com

www.burmeseclassic.com



အရှည်ကြီးပြောတာ ရှင်မောနေသလားလို့'

လှိုင်ထိပ်ထားက ကျွန်တော့်ကို ရယ်ပြီးပြောရင်းမှ ခုံတန်းလျားမှ ဝင်ထိုင်လိုက်ပါတယ်။ ကျွန်တော်လည်း လှိုင်ထိပ်ထားနဲ့ နည်းနည်းဝေးဝေးတဲ့ ခုံတန်းလျားအစွန်မှာ ပြောင်းလိုက်ပါတယ်။

'ထိုင်သာထိုင်ရတာ။ ကျွန်မ ကျောမလုံဘူး။ တစ်ခါဖူးမှ ယောက်ျား လေးတစ်ယောက်နဲ့ ဒါမျိုးထိုင်ဖူးတာမဟုတ်ဘူး။ တော်ကြာ မသိတဲ့သူတွေ မသိတဲ့သူတွေက တစ်မျိုးထင်သွားမှဖြင့် ခက်ရချည်ရဲ့'

'ဟာဗျာ..ကျွန်တော်တို့က ဘာမှမဟုတ်တာ'

လှိုင်ထိပ်ထားက ဘာမှမပြောဘဲ ရေပြင်ကိုကြည့်ရင်းမှ-

'စာသင်ရတာ ခေါင်းထဲ ညည်းစီစီဖြစ်လာလို့၊ ညက စာကြည့်တာ ညဥ့်နက်တာလည်း ပါသွားတယ်လေ။ ငြိမ်းငြိမ်းတို့၊ ခင်မေလွင်တို့၊ ဆွေ ဆွေဝင်းတို့ကို အဖော်ခေါ်မလို့ သူတို့ကလည်းမရှိဘူး။ ငြိမ်းငြိမ်းရဲ့ နယ်က အဘွား ဆေးရုံတင်လို့သွားကြည့်တယ်။ ဒါနဲ့ တစ်ယောက်တည်း ထွက်လာ တာ'

ကံကြမ္မာများ မတော်တဆဖြစ်ပုံများ။ ကျွန်တော်ကလည်း ဟိုသုံး ယောက် စကားများလို့ နားအေးပါးအေး ဒီနေရာရောက်လာတာ။ လှိုင်ထိပ် ထားကျတော့လည်း ခေါင်းထဲ ညည်းစီစီဖြစ်လို့ဆိုပြီး သူငယ်ချင်းတွေ မအားလို့ ဒီနေရာရောက်လာ။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုမျိုးဆို ကိုယ် စိတ်ဝင်စားတဲ့အမျိုးသမီးတစ်ယောက်ကို ဒီနေရာမှာ ချစ်ကြောင်း၊ ကြိုက် ကြောင်း ပြောလိုက်ရုံပဲ။

အခုချိန်မှာ ဒါမျိုးပြောလို့ကတော့ လှိုင်ထိပ်ထားကများ ပါးချလိုက်ရင်



ပွဲက ပြီးပြီ။

မသိမသာ ကိုယ့်ပါးနှစ်ဖက်ကို ပွတ်ရင်း လှိုင်ထိပ်ထား မသိအောင် ပြုံးလိုက်မိတယ်။

လှိုင်ထိပ်ထားကတော့ ရေပြင်ကို ငေးကြည့်နေဆဲ။

'အင်းလျားရေပြင်ကို ကြည့်လှချည်လား။ လှိုင်ထိပ်ထားတို့ ပြည်မြို့ က ဧရာဝတီမြစ်ကြီးကို ကြည့်လို့မဝလို့ ဒီအင်းလျားရေပြင်ကို လာကြည့် တာလား'

ကျွန်တော့်စကားကြောင့် လှိုင်ထိပ်ထားက ရယ်ရင်း-

'လူတွေရဲ့မျက်နှာတွေကို ကြည့်ရတာနဲ့စာရင် ရေတွေကို ကြည့်ရတာ က ပိုပြီးမျက်စိအေးတာပေါ့'

အင်းလျားရေပြင်ပေါ်မှာ ရေဘဲနှစ်ကောင်က ဟိုအဝေးမှ ပျံသန်းလာ ရင်း ကူးခတ်နေပါတယ်။ လှေလှော်ရွက်တိုက်အသင်းဘက်ကနေ လှေနှစ်စီး က လှော်ခတ်လေ့ကျင့်နေတာကို ခုံတန်းလျားကနေ လှမ်းမြင်နေရတယ်။

'ရန်နောင်က မန္တလေးတက္ကသိုလ်ကနေ ရန်ကုန်တက္ကသိုလ်ကို ပြောင်းလာတာဆိုတော့ ဘယ်လိုကွာခြားမှုမျိုးတွေ တွေ့ရသလဲ'

လှိုင်ထိပ်ထားက ကျွန်တော့်ကို မေးလိုက်ပါတယ်။

'မန္တလေးတက္ကသိုလ်မှာ တမာရနံ့၊ ထနောင်းရနံ့ကို ရတယ်။ ရန်ကုန် တက္ကသိုလ်မှာက ကံ့ကော်ပန်းရနံ့ကို ရတယ်။ အညာရဲ့ ပူလောင်တဲ့ အရသာ က ခံစားမှုတစ်မျိုးပေါ့။ ဒီမှာက ရာသီဥတုက တစ်မျိုးလေ။ ဟိုမှာ ကျောင်း လာတက်ကြတာက စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ သူ့ခလေ့ သူ့ယဉ်ကျေးမှုနဲ့ ပေါ့ဗျာ။ အဲ..မနက်စောစောစီးစီး နှင်းတွေကြားထဲမှာ စက်ဘီးတွေနဲ့ သွား

www.burmeseclassic.com

www.burmeseclassic.com



ကြလာကြတာကတော့ လက်ဖက်ရည်ဆိုင်ကနေ ထိုင်ကြည့်ရင် တကယ် လှတဲ့ အရသာစစ်စစ်ပေါ့။ ဒီမှာက ဘယ်သွားသွား ဘတ်စ်စကားစောင့်ရ တိုးရဝှေ့ရနဲ့ နောက်ပြီး ကားစောင့်ရနဲ့ အချိန်တွေကကြာတော့ စိတ်ဖိစီးမှု တွေဘာတွေဖြစ်တယ်။ မန္တလေးမှာက ဒါမျိုးမရှိဘူး။ ဘယ်နေရာသွားသွား ကျောင်းသွားသွား၊ ရုံးသွားသွား စက်ဘီးနဲ့ပဲ။ သိပ်ပြီး အချိန်ကုန်စရာမရှိဘူး။ စိတ်ဖိစီးမှုဒဏ်က လျော့သွားတာပေါ့'

ကျွန်တော့်စကားကို လှိုင်ထိပ်ထားက စိတ်ဝင်တစား နားထောင်နေ ပါတယ်။

'မန္တလေးမှာက အငြိမ့်ဆိုတာ မန္တလေးရဲ့အမှတ်တံဆိပ်ပဲလေ။ ရာသီ ဥတုသာယာတဲ့အချိန်မျိုးဆို နေရာတိုင်းမှာ အငြိမ့်ပွဲတွေချည်းပဲ။ ဘယ်နေရာ ကြည့်ကြည့် ဆိုင်းသံတွေနဲ့ချည်းပဲ။ အငြိမ့်ပွဲခင်းကို နှင်းတွေကြားထဲမှာ အေးလွန်းလို့ ဂျာကင်းခကျီအိတ်ထဲလက်ထည့်ပြီး ကြည့်ရတဲ့အရသာမျိုးက ရန်ကုန်မှာ မတွေ့ရဘူး။ ပြီးတော့ လက်ဖက်ရည်တို့ဘာတို့က မန္တလေးက ပိုကောင်းတယ်'

'ဒါဆို ခြင်ကျတော့ကော မန္တလေးက ပိုမပေါဘူးလား'

လှိုင်ထိပ်ထားက ရယ်ရင်းပြောလိုက်ပါတယ်။

'ခြင်ကတော့ မန္တလေးမှာမှ မဟုတ်ပါဘူး။ ရန်ကုန်မှာလည်း ပေါပါ တယ်။ ဒါကြောင့် ခြင်ဆေးတွေရောင်းကောင်းနေတာ မတွေ့ဘူးလား။ လှိုင်ထိပ်ထားတို့ ပြည်မှာလည်း ခြင်ပေါတာပဲမဟုတ်ဘူးလား'

'ခြင်မပေါဘူး။ မလိုင်လုံးပေါတယ်။ သိပ်ချိုတယ်၊ သိပ်အရသာ ရှိတယ်'



'ကျွန်တော်တို့မန္တလေးမှာလည်း ထိုးမုန့်က သိပ်ကောင်းပါတယ်ဗျာ'

'အောင်မယ်လေး‥ရှင်နဲ့ကျွန်မနဲ့က စကားရည်လုပွဲလုပ်သလို ဖြစ်နေ ပြီ'

လှိုင်ထိပ်ထားက ရယ်နေပါတယ်။ ကျွန်တော်လည်း ပြုံးနေမိတယ်။

'လှိုင်ထိပ်ထားနဲ့ ကျွန်တော်နဲ့က အခုလို စကားရည်လုတာ နိုင်ငံခြား အတွေးစာစုထဲကလို ဖြစ်နေပြီ'

'ဘယ်လိုဟာမျိုးလဲ ရန်နောင်ရဲ့'

'ဒီလိုပါ။ တစ်ခါက ဘုရင်တစ်ပါးဟာ တော်တော်စိတ်ညစ်နေတယ်။ သူ့ရဲ့နန်းတော်က ကြည့်လိုက်ရင် ပြောင်းခင်းတွေကို စာကလေးငှက်တွေ က ဝင်ဝင်စားလို့ လူတွေစားမယ့်ပြောင်းတွေ စာကလေးတွေကြောင့် ပျက်စီး ကုန်ရင် လူတွေငတ်မယ်ပေါ့။ ဒါနဲ့ စာကလေးတွေကို သုတ်သင်ရှင်းလင်း နိုင်ရင် ဆုငွေတွေဘာတွေပေးမယ်ဆိုပြီး ကြေညာတ ယ်။ ဒီလိုနဲ့ မုဆိုးတွေ ရောက်လာပြီး စာကလေးတွေကို နှိမ်နင်းပစ်တာ။ အဲဒီနိုင်ငံမှာ စာကလေး ဆိုတာ မရှိတော့ဘူး။ ဒါပေမဲ့ ဆိုးဝါးသွားတာက စာကလေးတွေမရှိတော့တဲ့ ခါ အဲဒီနိုင်ငံမှာ ပြောင်းကပါ ရှားသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာကလေးတွေမရှိတော့ ခူကောင်တွေ၊ ကျိုင်းကောင်တွေကို စာကလေးတွေ တုန်းက စားပစ်တော့ ပြောင်းတွေက မပျက်စီးဘူးလေ။ အဲဒါကို သိရတဲ့ ခါ ဘုရင်က တခြားနိုင်ငံကနေ စာကလေးတွေကို သူ့နိုင်ငံထဲ Im- port တင်သွင်းရတော့ ငွေတွေကုန်ပါရောလား၊ သူ စာကလေးတွေကို မ်နင်းပစ်တာက သူ့အတွက် အကျိုးမရှိမှန်းသိလိုက်ရတယ်။ ဒီတော့ ပိထားနဲ့ ကျွန်တော်လည်း ငြင်းခုံနေလို့ကတော့၊ စကားနိုင်လု

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံပြင်ထဲကအတိုင်း ဖြစ်နေလိမ့်မယ်'

လှိုင်ထိပ်ထားက ကျွန်တော့်ကို ကြည့်လိုက်ပါတယ်။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားမှုမျိုး ဖြစ်ပေါ်သွားသလဲ ကျွန်တော် မပြောတတ်ပါ။

ကျွန်တော်လည်း လှိုင်ထိပ်ထားကို ပြန်ကြည့်မိပါတယ်။ လှိုင်ထိပ်ထားက အင်းလျားရေပြင်ကိုကြည့်ရင်း-

'ရန်နောင်ကတော့ ဘာမှမဆိုင်တာကို ပုံပြင်တွေဘာတွေနဲ့ ဥပမာပေးပြောတတ်သားပဲ'

'ဒါက လှိုင်ထိပ်ထား ပျင်းနေမှာစိုးလို့ပါ'

'ဩော်..ဒီလိုလား'

လှိုင်ထိ်ပ်ထားက ကျွန်တော့်ကို ခနဲ့ပါတယ်။

အဲဒီလို ခနဲ့တာကိုက တော်တော်လေးကောင်းတဲ့ ခံစားမှုမျိုးလို့ ကျွန်တော် ထင်နေမိပါတယ်။

'နေကြာစေ့တွေ၊ ဆီးထုပ်တွေ၊ မက်မန်းပေါင်းတွေ ရမယ်။ ယူပါဦးလား'

သွားပါပြီ။ ကျွန်တော့်ရဲ့ကြည်နူးမှုလေး။ အရေးထဲ နေကြာကွာစေ့၊ ဆီးထုပ်ရောင်းသူက ကျွန်တော်တို့နား ရောက်လာပါတယ်'

'မယူသေးပါဘူးဗျာ'

ကျွန်တော်က အဲဒီလိုပြောတော့ ဈေးရောင်းသူက ဘုကြည့်ကြည့်ရင်း-

'တော်တော်ကပ်စေးနဲတဲ့အတွဲ..ရေတွေသာ အဝကြည့်ဗျို့'

မကျေမနပ်အသံနဲ့ပြောရင်း ကျွန်တော်တို့နားက လှည့်ထွက်သွားပါ



ယ်။ သူ့စကားကြောင့် ကျွန်တော် လှိုင်ထိပ်ထားကို အားနာမိသွားပါတယ်။

'လှိုင်ထိပ်ထား..သူပြောတာ တစ်မျိုးမထင်နဲ့နော်'

'မထင်ပါဘူး။ ဒီမှာ ဒီလိုထိုင်ရင် ဒီလိုပဲထင်မှာပဲ'

တော်ပါသေးရဲ့လို့။ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိဘဲ ာက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး စကားတစ်ခွန်းကို ပြောချလိုက်ပါတယ်။

'လှိုင်ထိပ်ထား..မပြန်သေးဘူးလား။ ပြန်ကြရအောင်။ အဆောင်မှာ မင်းစားချိန်နောက်ကျရင် အသားဟင်းဖတ်ကောင်းကောင်း မစားရဘဲ ဦးမယ်'

လှိုင်ထိပ်ထားက ကျွန်တော့်စကားနားထောင်ရင်း ရယ်လိုက်ပါတယ်။

တော်တော်ကြည့်လို့ကောင်းတဲ့ လှိုင်ထိပ်ထားရယ်ပုံလေး။

မြားနတ်မောင်သာမြင်ရင် မှတ်တမ်းတင်ထားမှာအမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းတရားသည်
တစ်ခါတစ်လေတော့လည်း
အမှောင်ထဲကို ထွက်သွားပြီး
အမှောင်ထုထဲမှာ ငြိမ်သက်ရင်း
နွေးထွေးခြင်းရဲ့ အရသာကို
နားသောတဆင်နေတတ်ပါတယ်။

## အခန်း(၁၁)

'ဘာကွ..မင်းနဲ့လှိုင်ထိပ်ထားက နှစ်ယောက်တည်း ကန်ပေါင်ရိုးက ခုံတန်းလျားမှာထိုင်ပြီး စကားတွေပြောဖြစ်တယ် ဟုတ်လား'

မြအေးက အံ့အားတသင့်နဲ့ ကျွန်တော့်ကို မေးလိုက်ပါတယ်။ မြအေးမှ မဟုတ်ပါ။ ဝါရွှေကော ချစ်ဖေကပါ ကျွန်တော့်ကို အံ့အားတသင့်ဖြစ်နေပါတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပဲလေ။ သူတို့ကို လှိုင်ထိပ်ထားနဲ့ အင်းလျားကန်ပေါင်ရိုးပေါ်မှာ တွေ့တဲ့ကိစ္စကို အခုမှ ပြောဖြစ်လို့ပါ။ သတင်းကို ထိန်ချန်ထားတာ ဒီကောင်တွေ ပေါက်ကွဲသွားတာဖြစ်ပါလိမ့်မယ်။

'သွားပါပြီကွာ။ ဟင်..ငါ့အခန်းထဲကပြည်သူကို ဒီမန္တလေးသားက သိမ်းပိုက်တော့မယ်။ မဖြစ်ဘူး၊ ငါတို့မေဂျာအတွက် ခုခံကာကွယ်ရတော့မယ်'

လက်ဖက်ရည်ခွက်ကို ကပျာကယာ မော့သောက်နေတဲ့ မြအေးကို ကြည့်ရင်း ဝါရွှေဟာ-

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုဖြစ်သွားတာ မတော်တာဆပဲကွ။ ငါတို့သုံးယောက်က ငြင်းနေတယ်။ ဒီကောင်က နားညည်းလို့ အပြင်ထွက်သွားတယ်။ အဲဒီမှာ မတော်တာဆ လှိုင်ထိပ်ထားနဲ့ တွေ့တယ်။ ဒါ သီချင်းလိုပြောရင်း အင်ထရိုပို တီးပြီးသွားပြီကွ။ ဆက်ဆိုရုံပဲ'

'ဝါရွှေရာ··မင်းပြောတဲ့ မတော်တာဆလည်း ဖြစ်မှဖြစ်တတ်ကယ်။ ငါ့မေဂျာက အလှနတ်သမီး လူကြမ်းလက်ထဲ ပါတော့မှာပဲ'

ချစ်ဖေက မြအေးကို ကြည့်ရင်းက-

'မြအေးရာ··ပါတော့ မင်းဘာဖြစ်လဲ။ ရွာနားကမြက်ကို မင်းက စားလို့ရတာလည်းမဟုတ်ဘဲနဲ့။ သူများကို ကျွေးပါကွာ။ ကုသိုလ်ရပါတယ်'

'ဒီမှာချစ်ဖေ··ကိုယ်ကတောင် မကျွေးရသေးဘူး။ ဒင်းက ဘူဒီဖာနဲ့ လာတူးတာကွ။ မိန်းမတွေများကွာ··ဟောဒီကမ္ဘာမှာ သိပ်ချစ်တတ်တဲ့ မြအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ မသိဘူးလား မသိပါဘူးကွာ'

စိတ်ပျက်လက်ပျက်နဲ့ဖြစ်နေတဲ့ မြအေးကိုကြည့်ရင်း ဝါရွှေက-

'မြအေး··မင်း ဘာမှမပူနဲ့။ ငါ့အဘိုးလေးရဲ့ အဘိုးရဲ့ အဘိုးရဲ့ ဘေးလက်ထက် ညောင်ရမ်းခေတ်က ပီယသိဒ္ဓိအဆောင်ရှိတယ်။ အဲဒါကို မင်းနဲ့မကွာထားရင်း မင်းနောက် မိန်းကလေးတွေ လိုက်လာမှာပဲ။ အဲဒီ အဆောင်ရဲ့အစွမ်းက မုဆိုးမဆို မင်းကို လင်တော်မယ်၊ တင်ပါးဆော့တဲ့ မိန်းမဆို မင်းကို လင်ယယ်ထားမယ်၊ အရူးမဆို မင်းကို ခင်ပွန်းအဖြစ် သတ်မှတ်မယ်'

'ဝါရွှေ··မင်း တော်တော့။ မင်းစကား ဒီမှာရပ်။ မင်းရဲ့ ညောင်ရမ်းခေတ်ဆိုတာကြီးလည်း တော်··တော်··တော်··ငါ့ဘဝက အခုမှ တော်တော်



နစ်မွန်းသွားတယ်'

ကျွန်တော်တို့ စကားကောင်းနေစဉ်မှာပဲ ကျွန်တော်တို့လက်ဖက်ရည်စားပွဲဝိုင်းနားကို ငြိမ်းငြိမ်း၊ ခင်မေလွင်၊ ဆွေဆွေဝင်းနဲ့ လှိုင်ထိပ်ထားတို့ ရောက်လာပါတယ်။ ငြိမ်းငြိမ်းရဲ့မျက်နှာက ငိုထားသလိုပါပဲ။

'မြအေး··ငြိမ်းငြိမ်းရဲ့အဘွား ဆေးရုံမှာ ဆုံးလို့'

'ဟေ'

'ကဲ··လာပါ··ထိုင်ကြပါဦး'

ချစ်ဖေက ကျွန်တော်တို့စားပွဲဝိုင်းမှာ ဝင်ထိုင်ခိုင်းလိုက်ပါတယ်။

'ဘယ်လိုဖြစ်တာလဲ'

ကျွန်တော်က မေးလိုက်ပါတယ်။

'နှလုံးရောဂါဆိုတော့ ဒီလိုပေါ့လေ'

ငြိမ်းငြိမ်းက ဝမ်းနည်းတဲ့လေသံနဲ့ ပြောလိုက်ပါတယ်။

'ကဲ··ဒါဆို ဘယ်လိုလုပ်မလဲ'

ဝါရွှေက ငြိမ်းငြိမ်းကို မေးလိုက်ပါတယ်။

'နယ်ကိုတော့ ဖုန်း အခုဆက်ပြီးပြီ။ နာရေးဖိတ်စာကိစ္စတွေဘာတွေ လုပ်ရဦးမယ်။ ဦးလေးမိသားစုကလည်း ဆေးရုံမှာ လုပ်စရာရှိတာတွေလုပ်ဖို့ ကျန်ရစ်တယ်'

'ကဲပါ··ခေါင်းအေးအေးထားပါ။ ဒီတော့ ဘာလုပ်ချင်သလဲ။ ပထမဦးဆုံး ငြိမ်းငြိမ်း ဘာဖြစ်ချင်သလဲ'

'ငါလည်း ဘာမှမပြောတတ်တော့ပါဘူး ရှန်နောင်ရယ်'

ဝါရွှေက ငြိမ်းငြိမ်းကို ရေနွေးကြမ်းငှဲ့ပေးရင်းမှ-

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမျိုးက စိတ်အေးအေးထားမှဟ။ ဒီတော့ တစ်ခုချင်းလုပ်ကြတာပေါ့။ ကဲ..လက်ဖက်ရည် အရင်သောက်လိုက်ပါဦး'

မြအေးက လက်ဖက်ရည်လေးခွက် မှာလိုက်ပါတယ်။

'ငြိမ်းငြိမ်း..လက်ဖက်ရည်သောက်ရင်း နင်တို့အမျိုးစာရင်း နာမည်တွေရေး၊ နင့်ဦးလေးအိမ်လိပ်စာပါ လုပ်ဦး။ ပြီးတော့ ဂါဂြိုလ်ဖို့တို့ဘာတို့ ရှိသေးတယ်'

ဝါရွှေက ငြိမ်းငြိမ်းကို ပြောလိုက်ပါတယ်။

'ငါတို့က အမျိုးများတယ်ဟ။ တော်ကြာ ဟိုအမျိုးမပါ၊ ဒီအမျိုးမပါဆိုရင် ပြဿနာတက်ဦးမယ်'

'ဒါဆို ဒီလိုလုပ် ငြိမ်းငြိမ်းရာ..ငါတို့လည်း နင်တို့ဦးလေးအိမ် လိုက်ခဲ့မယ်။ နင်တို့ဦးလေးအိမ်ရောက်မှ နာရေးဖိတ်စာကိစ္စတို့ တခြား ကားကိစ္စတို့ဘာတို့ စီစဉ်ကြတာပေါ့'

'အေးပါ ချစ်ဖေရယ်..အဲဒါကောင်းတယ်'

အဲဒီနောက်တော့ လက်ဖက်ရည်ဆိုင်ကနေ ကျွန်တော်တို့အုပ်စု ငြိမ်းငြိမ်းရဲ့ဦးလေးအိမ်ကို ထွက်လာခဲ့ကြပါတယ်။

◆◆◆

ငြိမ်းငြိမ်းတို့ဦးလေးအိမ်ရောက်တော့ ကျွန်တော်တို့ လုပ်စရာရှိတာတွေ လုပ်ကြပါတယ်။

ချစ်ဖေနဲ့ မြအေးက နာရေးပို့ဖို့ ကားကိစ္စတွေ စီစဉ်ကြပါတယ်။ ဝါရွှေက မဏ္ဍပ်ထိုးဖို့ကိစ္စ၊ နယ်က တချို့အမျိုးတွေကို ငြိမ်းငြိမ်းနဲ့ လိုက်သွားရင်း ဖုန်းဆက်ဖို့ကိစ္စတွေ စီစဉ်ပါတယ်။



ကျွန်တော့်ကျတော့ လှည်းတန်းက ကွန်ပျူတာမှာ နာရေးဖိတ်စာကိစ္စနဲ့ ဖယောင်းနဲ့လှည့်ပြီး ဖိတ်စာတွေယူဖို့ တာဝန်ပေးပါတယ်။

◆◆◆

ကွန်ပျူတာမှာ နာရေးဖိတ်စာရိုက်တဲ့ ကျွန်တော် တော်တော်ခေါင်းစားပါတယ်။ ငြိမ်းငြိမ်းတို့အမျိုးများ ပေါလှချည်လားလို့။ ဆွေမျိုးသားချင်းတွေက တော်တော်များပါတယ်။

နာရေးဖိတ်စာကို ဖယောင်းနဲ့ပြန်လှည့်၊ ရလာတဲ့ဖိတ်စာတွေကို ငြိမ်းငြိမ်းတို့ဦးလေးအိမ် ပြန်ပို့။ ငြိမ်းငြိမ်းတို့နယ်ကို နာရေးဖိတ်စာတွေနဲ့ သတင်းသွားအကြောင်းကြားမယ့်လူကလည်း ငြိမ်းငြိမ်းတို့ဦးလေးအိမ်မှာ စောင့်နေပါတယ်။ ပြီးတော့ ငြိမ်းငြိမ်းတို့ဦးလေးရပ်ကွက်ထဲမှာလည်း ဖိတ်စာတွေကို ကျွန်တော်တို့တွေက ဝိုင်းဝေပေးရပါသေးတယ်။

ဘယ်လောက်များလဲဆို လှိုင်ထိပ်ထားရဲ့မျက်နှာကို လုံးဝတောင်မှ သေသေချာချာ မကြည့်ဖြစ်ပါ။

အဆောင်ရောက်တော့ တစ်နေ့တာ ပင်ပန်းသမျှ အတိုးချပြီး အိပ်လိုက်တာ မိုးလင်းမှ နိုးပါတော့တယ်။

◆◆◆

အဲ..စာမသင်ခင် မိုးလင်းလို့ မြကျွန်းသာလက်ဖက်ရည်ဆိုင်လည်း ရောက်ရော..

◆◆◆

'ရန်နောင်..ကောင်းသေးရဲ့လားဟယ်..နင်ရိုက်လာတဲ့ နာရေးဖိတ်စာ သေသေချာချာ ကြည့်ပါဦးဟယ်။ ဘာတွေဖြစ်ကုန်ပြီလဲလို့'

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းနဲ့ လှိုင်ထိပ်ထားက ကျွန်တော်တို့ရှိနေရာသို့ ရောက်လာရင်း ပြောလိုက်လို့ ငြိမ်းငြိမ်းလက်ထဲက ဖိတ်စာကို ကျွန်တော်က လှမ်းယူပြီး နောက် ချစ်ဖေ၊ ဝါရွှေ၊ မြအေးနဲ့ ကျွန်တော်တို့က ဖိတ်စာကို ဖတ်လိုက်ပါတယ်။

ဒီအချိန်မှာ လှိုင်ထိပ်ထားက ရယ်နေပါတယ်။

*နာရေးအသုဘရှု တရားနာ ဖိတ်ကြားလွှာ*

*မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ရွာတန်းရှည်ရွာ၊ အမှတ်(၃၀) တောင်ဘက်တန်းနေ (ဦးငွေ)+(ဒေါ်သက်)တို့၏ သမီးကြီး၊ (ဦးမောင်လေး)(လယ်ပိုင်)၏ဇနီး၊ ဒေါ်မငွေ၊ (ဦးလှငွေ)၊ ဦးမြင့်ငွေ+ဒေါ်တင်ရီ၊ ဒေါ်မြငွေ၊ ဦးစိန်ငွေ+ဒေါ်လှမြင့်တို့၏ အစ်မဖြစ်သူ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့သစ်၊ (၁၆)ရပ်ကွက်နေ၊ လမ်း (၃၅)နေ ကိုစံလှ+ပအေးပုံ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသက်ထွန်း+မအိအိဖြူ၊ ခရမ်းသုံးခွမြို့နယ်နေ ဦးဝင်းမောင်+(ဒေါ်တင်တင်ရွှေ)၊ ဒေါ်ခင်ခင်ရွှေ၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးစိန်ရ၊ မမြင့်ငွေ၊ တွံတေးမြို့နယ်နေ ဦးသန်းငွေ+ဒေါ်ကျင်ရွှေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုတရုတ်ကြီး+မကုလားမ၊ ဦးဆယ်ပြား+ဒေါ်သန်းတင့်၊ ကိုသန်းမောင်+မကြည်လှ၊ ကိုဗေဒါ+မလှမွန်၊ ကိုသံချောင်း+မအေးရီ၊ ကိုမြင့်ရွှေး၊ မမြင့်ခိုင်၊ ကိုလှသောင်း+မအေးစိန်တို့၏ အဒေါ် ငြိမ်းငြိမ်း၊ နန္ဒာအောင်၊ ပိုပိုလှ၊ သန်းထွတ်ဝင်း၊ စိုးမင်းအောင်၊ နနစိန်၊ ကြည်ပြာမွန်း၊ မျိုးမျိုးကို၊ လှမြင့်သိန်း၊ စုစုမွန်၊ ခင်ခင်ထွေးတို့၏ အဘွားဖြစ်သူသည် (၅.၁.၂၀၀၆)၊ နံနက် (၄)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၇.၁.၂၀၀၆)နေ့၊ နံနက် (၁၀)နာရီ၌ သင်္ဂြိုလ်မည်ဖြစ်ပါသည်။*

*ကျန်ရစ်သူမိသားစု*



ကျွန်တော်က ဖိတ်စာကို သေသေချာချာဖတ်ရင်းမှ ဘာလိုနေမှန်း မသိ။

'ငြိမ်းငြိမ်းရာ..နင်တို့အမျိုးတွေ အကုန်ပါတာပဲဟာ။ ဒီနာရေးဖိတ်စာ ဘာလိုလို့လဲ'

'ပြောမှ ပြောရက်တယ် ရန်နောင်ရယ်..ဘာလိုရမှာလဲ။ သေသွားတဲ့ အဘွားနာမည်၊ နင်ရိုက်ပေးတဲ့ဖိတ်စာထဲမှာ ပါလို့လား။ အသက်ကော၊ သင်္ဂြိုလ်မယ့် သုသာန်ပါ နင့်ဖိတ်စာမှာ ပါမှမပါတာ။ ရွာက ဖုန်းဆက်တာတွေကော၊ အမျိုးတွေကော ဝိုင်းပြောကြတာ။ အဲဒါနဲ့ ညတွင်းချင်း ဖိတ်စာ အသစ်ပြန်ရိုက်၊ နယ်ကို လူထပ်လွှတ်နဲ့။ မှားပါတယ် ကိုရန်နောင်ရယ်.. အသုဘဖိတ်စာရိုက်တာ သေတဲ့လူနာမည်နဲ့ သင်္ချိုင်းကို ချန်ခဲ့ရတယ်လို့'

'ဟုတ်လား'

ကျွန်တော် အဲဒါပဲ ငြိမ်းငြိမ်းကို ပြောလိုက်နိုင်ပါတယ်။

'မင်းကွာ..နာရေးဖိတ်စာကို သေသေချာချာ ကွန်ပျူတာမှာ အကြမ်း မဖတ်ဘူးလား'

ဝါရွှေက မေးလိုက်တယ်။

'ဖတ်မလို့ပဲကွ။ ငါက နာရေး ရေးထားတဲ့နာမည်စာရွက်ကို ကွန်ပျူ တာရိုက်တဲ့သူကို ပေးလိုက်တယ်။ အဲဒီလူက ကွန်ပျူတာဖွင့် သူ့ရဲ့ပုံပေါ် လာတဲ့အထဲမှာပြောင်းပြီး စာစီရိုက်တာဆိုတော့ မမှားဘူးထင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငါ မတော်တဆဖြစ်သွားတာ'

'ဘာ မတော်တဆလဲကွာ..ငြိမ်းငြိမ်းမို့လို့ ကျန်တဲ့သူဆို မင်း မလွယ်ဘူး။ မင်း မတော်တဆက တော်တော်ကြီးတယ်'

မြအေးက ဝါရွှေကိုကြည့်ရင်း-

'ဝါရွှေ..အဲဒါ မင်းလုပ်တာ။ ဒီကောင့်ကို မင်းက သွားခိုင်းတာကိုး။ ဒါမျိုး လည်လည်ဝယ်ဝယ်က မင်းမှဖြစ်မယ့်ဟာ။ ရန်နောင်ရာ..မင်းက ဒါမျိုးကျတော့ လက်ကမသွက်၊ သွက်ချင်တဲ့နေရာကျတော့ ပုံတွေဘာတွေ တောင်ပြောလို့ မင်းတော့ကွာ'

မြအေးစကားကြောင့် လှိုပ်ထိပ်ထားကို မသိမသာကြည့်မိလိုက်ပါတယ်။

လှိုင်ထိပ်ထားက မျက်နှာကို ပြုံးရင်းက မသိမသာ ဟိုဘက်လှည့်လိုက်တယ်။

ကျွန်တော်ကတော့ ကိုယ့်အပြစ်နှင့်ကိုယ်မို့ လှိုင်ထိပ်ထား မျက်နှာက လွဲပြီး ဘယ်သူ့မျက်နှာကိုမှ မကြည့်ဖြစ်ဘဲ လက်ဖက်ရည်စားပွဲခုံအောက်ကိုသာ ကြည့်နေမိပါတယ်။

မြေပြင်ခမျာ အကြည့်ရဆိုးလိုက်တာ။ လှိုင်ထိပ်ထားမျက်နှာလောက်ကို ကျက်သရေမရှိဘူး။

မင်းရဲ့ကောင်းကင်ပေါ်ကနေ
တိမ်တွေအရောင်အမျိုးမျိုးပြောင်းပြီး
ဖြတ်သန်းသွားတာတွေ...
ကြယ်ကလေးတွေက
တောအုပ်ကလေးတွေနဲ့ မြို့တွေ ရွာတွေ၊
စမ်းချောင်း၊ ကဖေးဆိုင်...
(- - - - - - - - -)
အပေါ်စီးကနေ
ခိုးခိုးပြီးကြည့်နေတာ
သူတို့ခံစားချက်ကို
ဘာသာပြန်လို့မရပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

သည်နေ့ တက္ကသိုလ်ပရိဝုဏ်ထဲမှာ ကံ့ကော်ပန်းတွေကော စိန်ပန်းတွေပါ အပြိုင်ပွင့်နေကြတယ်။

လှလိုက်တာ။ အခုချိန်မျိုးမှာ ကိုယ်မြတ်နိုးတဲ့သူကို ဒီလိုကံ့ကော်ပန်းပွင့်တွေပေးလိုက်ရရင် ဘယ်လောက်ကောင်းမလဲ။

ကျွန်တော့်အဖြစ်က ရယ်ဖို့ တော်တော်ကောင်းပါတယ်။ ကံ့ကော်ပန်းတွေပွင့်နေတဲ့ ကံ့ကော်ပင်အောက်မှာထိုင်ပြီး ပေးရမယ့်သူက မရှိလို့ပါ။

ကျောင်းသူအချို့ကတော့ ကန်ထရိုက်ပေးထားတဲ့ ကံ့ကော်ပွင့်တွေကို မခူးရဘူးဆိုတာ သိရဲ့သားနဲ့ မသိမသာ လက်နဲ့မီတဲ့ ကံ့ကော်ပန်းပွင့်အချို့ကို ခူးပြီးပန်နေလေရဲ့။

ရက်စက်လိုက်တာ…ကံ့ကော်ပင်ကြီးခမျာ ဘာမှပြန်မပြောနိုင်ရှာလို့ အပွင့်ကော၊ အကိုင်းကောချိုးတော့ သူ့ခမျာခံရခက်မှာပေါ့။

အခုလို ကံ့ကော်ပင်တွေအောက်မှာ လာထိုင်နေတာကို ချစ်ဖေ၊ ဝါရွှေ၊ မြအေးတို့မြင်ရင် ဘာပြောမလဲမသိဘူး။

သည်ကောင်တွေ တစ်ယောက်တည်းနေရတဲ့အရသာကို မခံစားဖူးလို့။



ကံ့ကော်ပင်တွေအောက်မှာ ကံ့ကော်ပန်းရနံ့ကို ရှူရှိုက်ရင်း ပတ်ဝန်းကျင်ကိုကြည့်ရတာ ဘယ်လောက်အရသာရှိသလဲလို့။

'အတွေးအခေါ် ပညာရှင်ကြီး ဒီမှာဘာထိုင်လုပ်နေတာလဲ'

'လှိုင်ထိပ်ထားပါလား‥ဘယ်လဲ'

ကျွန်တော်ထိုင်နေတဲ့နားကို စာအုပ်နှစ်အုပ်လက်မှာပိုက်ထားတဲ့ လှိုင်ထိပ်ထားက နှုတ်ဆက်လိုက်တာပါ။

'နောက်ဆုံးပေါ် ထွက်တဲ့ 'ဂေဟာဗေဒပြုပြင်ထိန်းသိမ်းရေး' စာအုပ်နှစ်အုပ် စာကြည့်တိုက်က ငှားထားတာ ရက်ချိန်းပြည့်လို့ စာအုပ်ပြန်အပ်မှာလေ'

ဒီအချိန်မှာ ရုပ်ရှင်တွေထဲကလိုမျိုး၊ ဝတ္ထုတွေထဲကလိုဆို ကံ့ကော်ပန်းကိုခူးပြီး လှိုင်ထိပ်ထားကို ပေးလိုက်ရုံပဲ။

အဲ…ဒါပေမဲ့ သူက ပန်းမကြိုက်ရင် ခက်ရချည်ရဲ့။ တော်ကြာ ကိုယ့်ကို စွတ်ကောနေရင် ပွဲကပြီးပြီ။

မတတ်နိုင်ပါ။ မေးတော့ မေးကြည့်ရပါဦးမယ်။

'လှိုင်ထိပ်ထား‥ကံ့ကော်ပန်းပန်ရတာကြိုက်လား'

'ရှင်‥မိန်းကလေးပဲ တော်တော်များများက ပန်းကြိုက်တာပေါ့။ ကြိုက်ပါတယ်'

ကျွန်တော် ဝမ်းသာသွားပါတယ်။

'ဒါဆို ကျွန်တော် ကံကော်ပန်းခူးပေးမယ်‥ခဏလေး'

ကျွန်တော်က ခုံတန်းလျားကနေ မတ်တပ်ရပ်လိုက်ပြီး ကံ့ကော်ပန်းပွင့်ကိုခူးလိုက်ပြီး လှိုင်ထိပ်ထားကိုပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ··သွားမယ်နော်'

လှိုင်ထိပ်ထားက ကျွန်တော်ပေးတဲ့ ကဲ့ကော်ပန်းနှစ်ပွင့်ကိုယူပြီး စာကြည့်တိုက်ဘက် ထွက်သွားပါတယ်။

ကြည်နူးလိုက်တာဗျာ···ဘဝမှာ အမျိုးသမီးတစ်ဦးကို ပန်းပေးရတာဒါ ပထမဦးဆုံးပါ။

'အာရေး··မောင်လေး··နင် ကန်မလေးကို ပန်းနှစ်ပွင့်ပေးတယ်နော်။ နာ့ကို ပန်းနှစ်ပွင့်ဖိုး ပိုက်ဆံပေးပါ။ နာက ဒီကဲ့ကော်ပန်းပွင့်တွေ ကန်စရိုက်ကျောင်းက ယူထားတာ။ အလကား ဒီလိုခူးလို့မရဘူး။ တော်သေးတာပေါ့၊ ငါလာတာ မြန်လို့'

ကျွန်တော့်အနားကို ဆာရီဝတ်ထားတဲ့ အိန္ဒိယအမျိုးသမီးက ရောက်လာပါတယ်။

'ဘယ်လောက်ပေးရမှာလဲ။ သူများတွေလည်း ခူးတာပဲ'

'မောင်လေး···အဲဒါ နာမမြင်လို့၊ နာမြင်လို့က တောင်းမှာ နှစ်ဆယ်ပဲကျတယ်'

ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး ငွေနှစ်ဆယ်ထုတ်ပေးလိုက်ပါတယ်။

ကျွန်တော်ခုံတန်းလျားမှာ ငြိမ်ငြိမ်လေးဆက်ထိုင်နေမိပါတယ်။ စာကြည့်တိုက်ထဲမှာ လှိုင်ထိပ်ထားတစ်ယောက် ကျွန်တော့်ပန်းပွင့်လေးနှစ်ပွင့်ကို သူမရဲ့ဆံကေသာမှာပန်ဆင်ရင်း စာအုပ်တွေငှားလေမလား။ ဒါမှမဟုတ် ညရောက်ရင် သူမစာကြည့်စားပွဲခုံပေါ်မှာ တင်ထားတဲ့ ကဲ့ကော်ပန်းနှစ်ပွင့်ကိုပဲကြည့်ပြီး စာကျက်လေမလားမသိပါ။



သိပ်ကိုသေချာတာကတော့ လှိုင်ထိပ်ထားကို ကျွန်တော် မြတ်နိုးမိသွားတယ်ဆိုတာပါပဲ။

◆◆◆

'ဒီည ရတနာဆောင်ရှေ့မှာ ဂစ်တာတီးရအောင်ကွာ'

'ဘာ'

'ဟေ'

'မင်းက ဂစ်တာသွားတီးမယ်'

အထက်ပါရေရွတ်သံတွေက ဝါရွှေ၊ မြအေးနှင့် ချစ်ဖေတို့ဆီကနေ မရှေးမနှောင်း ပြိုင်တူထွက်လာတာတွေပါ။

သူတို့က ကျွန်တော့်စကားကို အတော်အံ့အားသင့်နေပါတယ်။

'နေစမ်းပါဦး မန္တလေးသား··မင်းက တစ်ခါဖူးမှ ဂစ်တာအကြောင်းမပြောဖူးပါဘူး'

'ငါနဲ့ မင်းနဲ့က တစ်ခန်းတည်းနေတာပါကွာ။ ဂစ်တာတီးတာတို့၊ ဂီတတို့ မင်း ဘယ်အချိန်က စိတ်ဝင်စားသွားတာလဲ'

ဝါရွှေက သူ့မျက်နှာကို လက်မှာကိုင်ထားတဲ့ မှန်ဝိုင်းလေးကို ကြည့်လိုက်ရင်းမှ ပြောပါတယ်။

'လူတစ်ယောက်ဟာ ဂီတကိုဝါသနာပါတာ ဘာဆန်းလဲ၊ မင်းတို့က ပုံပြင်တစ်ပုဒ်ထဲကလို ဖြစ်နေပြီ'

'ဘာပုံပြင်လဲ··မင်းတော့ လာပြန်ပြီ၊ ငါတို့က လှိုင်ထိပ်ထားမဟုတ်ဘူးနော်။ မင်းပုံပြင်ကို နားထောင်မယ် ထင်မနေနဲ့'

မြအေးက ကျွန်တော့်ကို ဘုတောတောပါတယ်။ ဒါကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



'ကဲ..ပြောစမ်းပါဦးကွာ။ ဂီတကို ဝါသနာပါတာနဲ့ မင်းပုံပြင်က ဘယ်လိုပတ်သက်နေလို့လဲ'

'သိပ်နာမည်ကြီးတဲ့ ပန်းချီဆရာတစ်ဦးက သိပ်လှတဲ့ပန်းချီကား တစ်ချပ်ကို ဆွဲခဲ့တယ်။ အဲဒီပန်းချီကားထဲမှာ ဖန်ဆင်းရှင်က ဥယျာဉ်တော် တံခါးဝမှာ လက်တစ်ဖက်က မီးအိမ်ကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်က တံခါးကို ခေါက်နေတယ်။ ဒါကို ပန်းချီဆရာရဲ့သူငယ်ချင်းက ဝေဖန်တယ်။ ပန်းချီကားက ပြည့်စုံမှုမရှိဘူး။ တံခါးမှာ လက်ကိုင် ဘာလို့မဆွဲထားလဲပေါ့။ ပန်းချီရေးတာ မှားတယ်ပေါ့ကွာ။ ဒါကို ပန်းချီဆရာက သူ မမှားဘူးတဲ့။ လူတွေရဲ့နှလုံးသားတံခါးကို ဖန်ဆင်းရှင်နဲ့တူသော မေတ္တာအကြင်နာတွေ ပေးမယ့်သူအတွက် လက်ကိုင်မလိုဘဲ တံခါးကိုတွန်းဖွင့်ဝင်လာလို့ရတယ်တဲ့။ ဒီလိုပဲပေါ့ကွာ။ ငါ ဂီတကို ဝါသနာပါတာ တံခါးမှာလက်ကိုင်ရှိဖို့ မလိုပါ ဘူး။ ဂီတဆိုတာ လူတွေရဲ့နှလုံးသားထဲကို အလိုလိုဝင်လာလို့ရပါတယ်။ စာတမ်းချိတ်ထားမှ၊ တံဆိပ်ခတ်နှိပ်ထားမှ မဟုတ်ပါဘူး'

သူငယ်ချင်းသုံးယောက် ငြိမ်ကျသွားပါတယ်။ ချစ်ဖေက-

'ရန်နောင်ပြောတာကတော့ Heart ကို တန်းထိတာပဲ။ စိတ်ချ ဒီကောင်တွေ မလိုက်ရင်နေ ငါဂစ်တာငှားပေးမယ်။ ငါလိုက်မယ်။ လက်ကိုင် မပါတဲ့ ရတနာအဆောင်ကတံခါးကို တွန်းပြီးကို ဝင်မယ်'

'ချစ်ဖေ..သိပ်ကြိမ်းမနေနဲ့၊ တစ်ခါတည်း မိန်းကလေးဆောင်ကို ဝင်တယ်ဆိုပြီး ပါမောက္ခချုပ်ဆီ ရောက်သွားမယ်'

'ငါသိတယ် ဝါရွှေ..သဘောကိုပြောတာ မင်းက မလိုက်ဘူးလား'

ဝါရွှေက ချစ်ဖေစကားကြောင့် ပြတ်ပြတ်သားသားပဲဖြေပါတယ်။



'လိုက်မယ်'

ချစ်ဖေက မြအေးကိုကြည့်ရင်း-

'မြအေး..မင်းကော'

မြအေးက ခေါင်းကို ဆတ်ခနဲမော့ရင်းက မပီမသလေသံမျိုးနဲ့-

'တို့လည်း လိုက်မှာပေါ့'

'ဟား..ဟား..ဟား..'

ကျွန်တော်တို့တစ်တွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ရယ်လိုက်ကြပါတယ်။

တစ်ခါတလေ သူငယ်ချင်းတွေ ဒီလိုနေကြရတာ သိပ်ကိုကြည်နူးစရာ ပါပဲ။

◆◆◆

ကြယ်ကလေးတွေက ရတနာဆောင်ခေါင်မိုးထက်မှာ ထွန်းလင်းနေလို့ ရတနာဆောင်ထဲက စကားသံတချို့က ကျွန်တော်တို့ရှိနေတဲ့ သစ်ပင်အောက် ဘက်ဆီ ပျံ့လွင့်လာတယ်။

ကျွန်တော်တို့နဲ့ ခပ်ဝေးဝေးနားလောက်ဆီမှာက ကိုယ်လိုကျောင်းသား အုပ်စုတစ်စုက ဂစ်တာတီးတာ မောသွားလို့ထင်ပါရဲ့။ လမ်းဘေးမြက်ခင်း ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်နေကြတယ်။

'ရော့..ရန်နောင်..မင်းတီးမှာမဟုတ်လား'

ချစ်ဖေက သူငှားလာတဲ့ဂစ်တာကို ကျွန်တော့်အား လှမ်းပေးလိုက် တယ်။

'ဝါရွှေ..မင်း ဘာသီချင်းရသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမရဘူး၊ ငါလက်ခုပ်တီးပေးမယ်။ မြအေးက စိုင်းထီးဆိုင် သီချင်း ရတယ်'

ကျွန်တော့်အမေးကို ဝါရွှေက ဖြေအပြီး မြအေးက-

'ကြားလူဖျက်လို့ပျက်မှာစိုးသီချင်း တီးကွာ'

ကျွန်တော်က ဂစ်တာကို ကြိုးမညီ ညီအောင်စမ်းလိုက်တယ်။

'ဟုတ်ကဲ့ခင်ဗျာ..တင်အောင်နဲ့ ခင်မောင် အသံထွက်မြည်အောင် ကြိုးညှိလို့ပြီးရင် သထုံဆောင် ပထဝီဂုဏ်ထူးတန်းမှ မောင်မြအေးက စိုင်းထီးဆိုင်ရဲ့ ကြားလူဖျက်လို့ပျက်မှာစိုးဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပါတော့မယ်။ ဒီသီချင်းက သူ့ဘဝရဲ့ခံစားချက်တွေပေါ့။ ငယ်ငယ်တုန်းက သူ့ရည်းစား ကြားလူနဲ့ ညားသွားလို့ပါ'

'ချစ်ဖေ..မင်း မဆိုင်တာတွေ ထည့်မပြောနဲ့'

မြအေးခမျာ အနာပေါ်တုတ်ကျသွားလို့ ချစ်ဖေအား လှမ်းဟောက်လိုက်ပါတယ်။

ကျွန်တော်က သီချင်းရဲ့အင်ထရိုကို စတီးလိုက်ပါတယ်။

*'မင်းမချစ်လို့တော့×××ဆယ်ခါပြန် ကိုယ်ကွဲရဲတယ် အချစ်ရယ်××× ဘာမှဆိုင်တဲ့ ကြားလူစကားနားယောင်လို့×××*

*ကိုယ့်ဆီကို သူတို့လာရင် မင်းရဲ့သတင်းဆိုးတွေပြောမယ်×××မင်းဆီကို သူတို့လာရင်×××ကိုယ့်ရဲ့မကောင်းကြောင်းတွေပြောမယ်×××'*

တကယ်ပါ။ မြအေး ဒီလောက်သီချင်းဆိုတတ်မှန်း ကျွန်တော် မသိရိုးအမှန်ပါ။ သူ့အသံက လူသာမမြင်ရလျှင် စိုင်းထီးဆိုင် ဆိုနေသလိုပါပဲ။ ခံစားချက်တွေနဲ့ တိုက်ဆိုင်လို့လားမသိ။ မြအေး အတော် [illegible] ဖလင်တွေလာ



နေပါတယ်။ ကျွန်တော်လည်း သီချင်းပြီးပြီအထင်နဲ့ ဂစ်တာကိုရပ်မလို့ လုပ်လေ မြအေးက ပြန်ပြန်ဆိုနေသဖြင့် ထပ်တလဲလဲ တီးနေရပါတယ်။

'မြအေး..တော်တော့၊ မင်းဟာက ဒါချည်းပဲထပ်နေပြီ။ ရန်နောင် တီးရတာ လက်ညောင်းနေပြီ'

ဝါရွှေက လှမ်းသတိပေးမှ မြအေးက သီချင်းကိုရပ်လိုက်ပါတယ်။

'ဆောရီးကွာ..ငါ့ခံစားချက်တွေများသွားလို့။ ရန်နောင်..မင်းဆိုတော့ကွာ'

'ရန်နောင်..မင်း ဘာသီချင်းဆိုမှာလဲ'

ချစ်ဖေက ကျွန်တော့်ကို မေးပါတယ်။

'ဒီသီချင်းက မင်းတို့ကြားဖူးချင်လည်း ကြားဖူးလိမ့်မယ်။ တို့ငယ်ငယ်တုန်းက တနင်္ဂနွေနေ့တွေဆို ရေဒီယိုကလာတာ မိသားစုတနင်္ဂနွေသီချင်း'

'မကြားဖူးဘူးကွ။ နားထောင်ကြည့်ရမယ်'

ချစ်ဖေက ပြောရင်းမှ ရတနာဆောင်ဘက်သို့ လှည့်လိုက်ပြီး-

'ကဲ...ရတနာဆောင်က မမတို့ရေ...ဒဿနိကဂုဏ်ထူးတန်းက မန္တလေးသားလေး ရန်နောင်က တစ်ခေတ်တစ်ခါက ရေဒီယို သီချင်းဖြစ်တဲ့ မိသားစုတနင်္ဂနွေကို ဆိုပါတော့မယ်။ နားဆင်ကြပါ'

ကျွန်တော် ဂစ်တာကြိုးတွေကို ညီမညီပြန်ညှိလိုက်တယ်။

သီချင်းကိုတီးခတ်ရင်း ကျွန်တော်ဆိုလိုက်တဲ့အခါ ချစ်ဖေ၊ ဝါရွှေနဲ့ မြအေးတို့က သူတို့ မကြားဖူးလို့လားမသိ၊ ဘာသံမှမထွက်ဘဲ နားထောင်နေပါတယ်။

*'သုံးကြီးသာကရေ ရောက်ပြီလေ×××ပုံးနားတိုးလို့ရပ်ပါလေ×××*

www.burmeseclassic.com

www.burmeseclassic.com



*ကျသင့်ငွေကြေးကိုလေ×××ပေးလိုက်စမ်းပါ သားတို့အမေ×××ဟုဝ:ကဲ့ မောင်ရေ×××ပေးလိုက်ပါပြီလေ×××ဆင်းကြလေ ကလေးတို့ရေ××× မျောက်ကလေးတွေကို အရင်သွားကြည့်မယ်လေ×××*

*ဒီမျောက်ကလေးတွေ×××ဘာစားသလဲ ဖေဖေ×××*

*မေးကြည့်ပါလားသားတို့ရေ×××သူတို့အကြောင်းကိုလေ×××*

*ဖျံကလေးတွေ×××ဝက်ဝံကြီးရေ×××မိုမိုရေ××× 'ဂူး '×××မိုမိုရေ 'ဂူး' မင်းဇာတိချက်ကြွေ ဘယ်အရပ်ဌာနေ×××*

*သွားမယ်ကွယ့် မိုမိုရေ×××သွားမယ်ကွယ့် မိုမိုရေ×××တဲ့ သွားတော့မယ်လေ မိုမိုရေ ..'ဂူး '×××'*

'ဖြောင်း··ဖြောင်း'

'ရန်နောင်··မင်းဆိုတာ မိုက်တယ်။ ယောက်ျားသံတွေရော၊ မိန်းမသံတွေရော၊ တိရစ္ဆာန်သံတွေရော။ ဟေ့ကောင်··အဆောင် Dinner ကျရင်ဆိုကွာ။ မင်းဆုရမှာ။ မင်း ဒီလိုဆိုတဂ်တာ မလျှို့သားပါနဲ့ကွာ။ အခုမှ ဒီသီချင်း ငါတို့ကြားဖူးတာ'

ကျွန်တော်သီချင်းဆိုအပြီးမှာ သူငယ်ချင်းတွေက ဝိုင်းချီးကျူးကြပါတယ်။

'ဟေ့ကောင်··မင်းဆိုတာ လှိုင်ထိပ်ထား ကြားမှာပဲ။ ငါသိတယ်။ သူလည်း သဘောကျမှာ'

ချစ်ဖေက ကျွန်တော့်ကို ပြောပါတယ်။

'သဘောကျမှာပေါ့ကွာ။ ဒါက မိသားစုတစ်စုမှာရှိသင့်တဲ့ အကြောင်းအရာကို သီချင်းရေးဆရာက စိတ်ပညာရှုထောင့်က မိဘနဲ့သားသမီး ဆက်ဆံရေးနွေးထွေးမှုကို ရေးထားတာ။ မိသားစုတိုင်းမှာ အားလပ်ရက်တစ်ရက်တော့ ရှိသင့်တာပေါ့'



ကျွန်တော့်သူငယ်ချင်းသုံးယောက်က ကျွန်တော့်စကားကို ဘာမှအငြင်းအခုံမလုပ်ကြပါ။

ဂစ်တာတီးပြီး အဆောင်ကိုပြန်လာတော့ အဓိပတိလမ်းရဲ့ ကောင်းကင်ထက်မှာ ကြယ်တွေက စုံနေပြီ။

◆◆◆

နောက်တစ်နေ့ ကျောင်းရောက်လို့ မြကျွန်းသာလက်ဖက်ရည်ဆိုင်မှာ နေ့လယ်ထမင်းစားချိန် လက်ဖက်ရည်သောက်နေတုန်းမှာပဲ-

'မိုမိုရေ··'

'ဟူး'

'မိုမိုရေ··'

'ဂူး'

ကျွန်တော့်အနားကနေ လာအော်လို့ ကြည့်လိုက်တော့ လှိုင်ထိပ်ထားနဲ့ ငြိမ်းငြိမ်းကို တွေ့ရပါတယ်။ မျက်နှာတွေက ပြုံးနေလို့။

'ရန်နောင်··ညက နင်ဆိုတာ သိပ်ကောင်းတယ်။ နင် တိရစ္ဆာန်သံတွေကတွေဆိုတာ ငါတို့ တိရစ္ဆာန်ရုံသွားစရာတောင် မလိုဘူး။ ဟုတ်တယ် ဟုတ်လား လှိုင်ထိပ်ထား'

ငြိမ်းငြိမ်းက လှိုင်ထိပ်ထားကို မေးငေါ့ရင်း ပြောလိုက်ပါတယ်။

'ဟုတ်တယ်··မျောက်သံတွေဘာတွေ လုပ်ပါဦး။ ပြီးတော့ ဝက်ဝံရဲ့သံကောလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ..ကျွန်တော်က တကယ်မှတ်လို့၊ လာနှောက်နေတာကိုး'

ရယ်မောပြီး ကျွန်တော့်ကိုနှောက်တဲ့ လှိုင်ထိပ်ထားကို ကျွန်တော်က ပြောလိုက်တာပါ။

'အောင်မယ်..သူက စိတ်ကြီးပဲ။ ဒီက စေတနာနဲ့ သူ့သီချင်းကောင်းကြောင်း ဂုဏ်ပြုတဲ့အနေနဲ့ လက်ဖက်ရည်တိုက်မလို့ပါနော်'

'ဗျာ..ဒါဆို မပြောတော့ဘူး။ သောက်မယ်'

'ဟင်..လက်ဖက်ရည် ထပ်သောက်ဦးမယ် ဟုတ်လား။ အခု ဒီမှာ တစ်ခွက်သောက်ပြီးပြီပဲဟာ'

လှိုင်ထိပ်ထားက လက်ဖက်ရည်တိုက်မှာကို ကျွန်တော်က ဝမ်းသာအားရဖြစ်လို့ ပြောလိုက်တာပါ။

'ဆောရီး..ဟဲ..ဟဲ..မေ့သွားလို့။ မတော်တဆဖြစ်သွားတာပါ။ လှိုင်ထိပ်ထားကပြောတော့ အံ့အားသင့်သွားတာလည်းပါလို့ပါ'

ငြိမ်းငြိမ်းနဲ့ လှိုင်ထိပ်ထားက ကျွန်တော့်စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပါတယ်။

'မသိလို့မေးရဦးမယ်၊ ဟဲ့..ရန်နောင်..နင်က ဒီသီချင်းကို ဘယ်လိုဖြစ်လို့ကြိုက်တာလဲ'

'ဒါက ဒီလိုပါ။ မိသားစုတစ်စုဖြစ်လာရင် အဲဒီမိသားစုမှာ ပျော်ရွှင်မှုဆိုတာ လိုတယ်လေ။ ဒီသီချင်းက သိပ်ပြီးကြည်နူးစရာကောင်းတဲ့ မိသားစုတစ်စုရဲ့ သားသမီးနဲ့မိဘဆက်ဆံရေးကို သိင်္ဂါရ,ရသမြောက်အောင် ရေးထားတာလေ။ မိသားစုဆိုတာ အဲဒါမျိုးမှပေါ့ဟာ။ ငါလိုချင်တာ အဲဒါမျိုး'

'အောင်မယ်..နင်က သာယာတဲ့မိသားစု၊ ကြည်နူးတဲ့မိသားစုဆိုတော့



ဘာလဲ..နင် တွေ့ထားပြီလား'

'ဟာ..မတွေ့ပါဘူး ငြိမ်းငြိမ်းရာ'

ငြိမ်းငြိမ်းကိုပြောရင်းမှ လှိုင်ထိပ်ထားကို မသိမသာခိုးကြည့်တော့ လှိုင်ထိပ်ထားက ပြုံးသလိုလုပ်ရင်း သီရိဆောင်ဘက်ကို ကြည့်လိုက်ပါတယ်။

◆◆◆

တကယ်ပါ။ ဘာသာမပြန်တတ်လို့။ ဘာသာပြန်တတ်လို့က လှိုင်ထိပ်ထားက သီရိဆောင်ဘက်သို့ ကြည့်တဲ့အကြည့်ကို ဘာသာပြန်ကြည့်ချင်ပါတယ်။

◆◆◆

*အချစ်ဆိုတာ တစ်ခါတစ်လေမှာ ဘာသာပြန်ရတာတွေလည်း ရှိတာပေါ့။*

*ခက်တာက အဲဒီဘာသာအတွက် အဘိဓာန်စာအုပ် မရှိတာဘဲ။*

***အချစ်ဆိုတဲ့ အဘိဓာန်စာအုပ်သာ ရှိခဲ့မယ်ဆိုရင်လည်း အဲဒီစာအုပ်*** *ဟာ ရောင်းမလောက်အောင် ဖြစ်လွန်းလို့ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဝယ်ကြမှာပဲ။*

*အဲ..ကိုယ်လည်း ဝယ်တာနောက်မကျမှဖြစ်မှာ။ တော်ကြာ..ကိုယ့်လျှည့်ရောက်မှကုန်ရင် ခက်ရချည်ရဲ့။*

www.burmeseclassic.com

www.burmeseclassic.com

လမ်းတွေရှိနေလို့
လူတွေလျှောက်လှမ်းနေကြတာ
နလုံးသားတွေရှိနေလို့လည်း
လူတွေ အချစ်အတွက်
ရှင်သန်နေကြတာပဲမဟုတ်လား။

## အခန်း(၁၃)

အခုရက်တွေမှာ ချစ်ဖေ၊ မြအေးတို့ အလုပ်ရှုပ်နေကြတယ်။ ဒီကောင်တွေ ဘာလုပ်သလဲဆိုတာ ကျွန်တော့်ကို ဘာမှမပြောဘူး။ မိန်းကလေးဆောင်တွေကော၊ ယောကျ်ားလေးအဆောင်အချို့ကော ခဏခဏသွားတယ်။ ကျောင်းမှာလည်း ဝိဇ္ဇာကင်တင်း၊ သိပ္ပံကင်တင်း ဒီကောင်တွေ ရောက်ရောက်နေတယ်။

ဒါနဲ့ ကျွန်တော်လည်း မနေနိုင်လို့ ဝါရွှေကို မေးမိတယ်။

'ဟေ့ကောင် ဝါရွှေ..ချစ်ဖေတို့၊ မြအေးတို့ ဘာတွေအလုပ်ရှုပ်နေတာလဲ။ ဟိုမှာတွေ့ရ ဒီမှာတွေ့ရနဲ့'

'ဩော်..ဒါလား၊ မင်းမသိသေးဘူးလား။ ဒီကောင်တွေက မုံရွာ၊ စစ်ကိုင်းက ဘုရားစုံဖူးမှာမို့ လိုက်မယ့်ကျောင်းသူကျောင်းသားတွေကို စာရင်းကောက်နေတာ။ မင်းက မန္တလေးက လာတာဆိုတော့ အဲဒီဘုရားတွေဖူးဖူးတယ်ထင်လို့ မပြောတာနေမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ··ဒါဆို မှားပြီ။ ငါက မန္တလေးမှာ ကျောင်းတက်ပေမယ့် မန္တလေးသားမှ မဟုတ်တာကွ။ ငါ့မိဘအလုပ်ပြောင်းတဲ့နေရာ လျှောက်နေရတာ။ ငါ့မိဘဇာတိက ကျောက်ပန်းတောင်းကကွ။ စစ်ကိုင်းဘုရားတွေတော့ ဖူးဖူးတယ်။ မုံရွာက ဘုရားတွေတော့ မဖူးဖူးဘူး'

'ဒီလိုဆို လိုက်ခဲ့ပေါ့ကွာ··ပျော်စရာကြီးပဲ။ ငါလည်း လိုက်မှာ'

'မုံရွာက ဘုရားတွေဖူးမယ်ဆိုတော့ ငါလိုက်ခဲ့မယ်။ ငါ့အမေက ပြောဖူးတယ်။ ငါ့အဖေနဲ့ညားတော့ မုံရွာက မိုးညင်းသမ္ဗုဒ္ဓေဘုရားမှာ ဆုတောင်းတယ်တဲ့။ သားယောကျ်ားလေး မွေးပါစေ၊ ပညာတတ်ပါစေပေါ့ ကွာ။ နောက်တော့ ငါ့ကိုမွေးတယ်တဲ့။ အမေက မုံရွာရောက်ရင် မိုးညင်းသမ္ဗုဒ္ဓေကို ဖူးဖြစ်အောင်ဖူးလို့ ပြောတယ်'

'ဒါဆို ပိုကောင်းတာပေါ့ကွာ။ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး သွားကြတာပေါ့။ မြဒေးနဲ့ ချစ်ဖေကတော့ ဒီခရီးစဉ်မှာ လူကြီးကွ။ ဒီကောင် တွေ ခေါင်းစားနေမှာ အမှန်ပဲ'

'ဘာတွေ ခေါင်းစားမှာမို့လို့လဲ'

'စားတာပေါ့ ရန်နောင်ရ··လမ်းမှာ လက်ဖက်ရည်သောက်ဖို့ ဘယ်မှာ ရပ်ရမယ်။ ဘယ်ဘုရားတွေ ဖူးရမယ်။ ထမင်းချက်တဲ့သူကိုလည်း ခေါ်ရဦး မယ်။ ကားက ရက်နဲ့တွက်ပြီးပေးရတာဆိုတော့ ချိန်ရတာပေါ့ကွာ။ တော် ကြာ ကိုယ်က အရင်းစိုက်ရရင် ပွဲသိမ်းပြီ'

'အေးကွာ··မန္တလေးရောက်ရင်တော့ သူငယ်ချင်းတွေနဲ့ တွေ့ချင် သေးတယ်'

'မန္တလေး တစ်ညအိပ်မယ်ထင်တယ်။ အဲဒါ မင်းသွားတွေ့လို့ ရတာ



ပဲ'

'ဒါဆိုရင်တော့ အဆင်ပြေတာပေါ့ကွာ'

ကျွန်တော် စကားပြောရင်းမှ တစ်စုံတစ်ခုကို သတိရသွားပါတယ်။

'ဝါရွှေ··လှိုင်ထိပ်ထားတို့ကော လိုက်မလားမသိဘူး'

'ဒါကတော့ မင်းကိုယ်တိုင် သွားမေးကြည့်··ငါလည်း မသိဘူး။ မလိုက်ဘူးထင်ပါတယ်ကွာ။ သူက စာကြိုးစားတာဆိုတော့ ဒါမျိုး ဝါသနာ ပါချင်မှပါမှာပါကွာ။ ငါတော့ မထင်ပါဘူးကွာ။ သူမလိုက်လည်း ဘာဖြစ် လဲကွာ။ တခြားမိန်းကလေးတွေ လိုက်မှာပေါ့။ သူမပါလည်း ဖြစ်တာပဲ။ သူရှိမှ မဟုတ်တာ။ လှိုင်ထိပ်ထားတစ်ယောက်တည်း ဒီကမ္ဘာကြီးမှာ မိန်းကလေးရှိတာမှမဟုတ်တာ'

ဝါရွှေအပြောစကားက ကျွန်တော့်အဖို့ အားယုတ်စရာပါပဲ။

'ဟေ့ကောင်··ဘယ်လိုဖြစ်သွားတာလဲ။ မင်းမျက်နှာက စောစောက လိုမဟုတ်တော့ဘူး။ ငါက မင်းကို စနေတာ။ မင်းကွာ··ဒီလောက် မဖြစ် သင့်ဘူး'

'မင်းကလည်းကွာ··'

'ဘာ··မင်းကလည်းကွာလဲ။ ဒီမှာရန်နောင်··မင်း လှိုင်ထိပ်ထားကို ကြိုက်ရင်လည်း ဖွင့်သာပြောတော့ မောင်ရင်'

'ငါ··မဖြစ်သေးပါဘူးကွာ'

'အေး··မဖြစ်သေးရင်လည်းနေ။ ဖြစ်လာမှ··ဟဲ··ဟဲ··မတော်တာဆ ပေါ့ကွာ'

ဝါရွှေက ရယ်ကျဲကျဲလုပ်ရင်းမှ အခန်းထဲကနေ ထွက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝါရွှေပြောသလို မတော်တဆက ဘယ်လိုမတော်တဆလဲ ဆိုတာ ကျွန်တော် နားမလည်တော့ပါ။

◆◆◆

ကျွန်တော်တို့ရဲ့ စစ်ကိုင်း-မုံရွာ ဘုရားဖူးခရီးစဉ်ဟာ လမ်းတစ်လျှောက် ပျော်ဖို့ကောင်းပါတယ်။

ဒေဝူးကားကြီးပေါ်မှာ ဂစ်တာတွေတီးလိုက်၊ သီချင်းတွေဆိုလိုက်၊ ကသူ ကနဲ့ အပူအပင်မရှိဘဲ လွတ်လပ်လို့နေပါတယ်။

ဘုရားဖူးလိုက်တဲ့ ကျောင်းသူကျောင်းသားတွေကလည်း မေဂျာအစုံပါပဲ။

တစ်မြို့ဝင်လိုက် ဝယ်လိုက်ခြမ်းလိုက် စားလိုက်နဲ့ ကားစီးပြီး အချိန်ကြာတာကိုတောင် မေ့လျော့နေကြပါတယ်။

ဒီကြားထဲ ကားပေါ်မှာ သီချင်းဝှက်တမ်း၊ ရုပ်ရှင်ဝှက်တမ်း၊ ပါဆယ်ဂိမ်းကစားတမ်းနဲ့ အဖြေမှန်တဲ့သူတွေကို သကြားလုံးပေးလို့။ အားလုံးရဲ့ ပါးစပ်ထဲမှာ သကြားလုံးတွေကိုယ်စီနဲ့။

◆◆◆

ညဘက်ရောက်တော့လည်း သူများတွေတော့မသိဘူး။ ကျွန်တော့်အဖို့တော့ ရွာလေးတွေ၊ မြို့လေးတွေ၊ လယ်ကွင်းတွေ၊ တောအုပ်တောတန်းလေးတွေ၊ စမ်းချောင်းလေးတွေနဲ့ လမ်းဘေးဝဲယာတစ်လျှောက်က သစ်ပင်တွေကိုကြည့်ရင်း ကျွန်တော်တို့နဲ့ အဖော်အဖြစ်လိုက်ပါတဲ့ ကောင်းကင်ကြီးကိုပဲ ကျေးဇူးတင်နေမိပါတယ်။

ကျန်တာတွေက ကျွန်တော်တို့နောက်မှာ ကျန်ရစ်ပြီး ကောင်းကင်



ကြီးကပဲ အဖော်မွန် မိတ်ဆွေကောင်းဖြစ်နေလို့ပါ။

◆◆◆

ကျွန်တော်ပြောဖို့ ကျန်ပါသေးတယ်။ ကျွန်တော် မြတ်နိုးပြီး ချစ်စကားမပြောရဲလို့ ကျွန်တော်ချစ်တဲ့ လှိုင်ထိပ်ထားကတော့ ကားရဲ့ရှေ့ဆုံး နှစ်ခုံကျော်မှာထိုင်ရင်း သူများတွေ ဆိုတာ၊ ကတာခုန်တာ၊ ပါဆယ်ဂိမ်းကစားတာကိုကြည့်ရင်း နေကြာစေ့တွေ၊ ဆီးထုပ်တွေစားကာ ပါးစပ်ကို အလုပ်မပေးဘဲ တစ်လမ်းလုံးအထိအောင်ပါပဲ။

◆◆◆

မသိမသာ ကျွန်တော်က ခိုးခိုးကြည့်တဲ့အခါ လှိုင်ထိပ်ထား လှည့်အကြည့်နဲ့ဆုံတော့ မျက်စောင်းထိုးရင်း နေကြာစေ့ကို သွားနဲ့ဖိကိုက်တာ 'ဂျွတ် ဂျွတ်' ဆိုတဲ့အသံက ကျွန်တော့်နားထဲမှာတော့ မြည်သံစွဲနေလ ကြပါပဲ။

◆◆◆

အားလုံးသိကြမှာပါ။

ချစ်သူရဲ့မျက်စောင်းက ချစ်တတ်သူအတွက်တော့ အဲဒီမျက်စောင်းကိုပဲ ချစ်သထက်ချစ် မြတ်နိုးသထက် မြတ်နိုးမိသွားပါတယ်။

ကြုံဖူးသူတွေလည်း ကြုံဖူးကြမှာပါ။

တစ်မြို့ဝင် တစ်ရွာထွက် လမ်းခရီးက ဘုရားတွေဖူးရင်း မိုးညွင်းသံဗုဒ္ဓေဘုရားကို ရောက်လာပါတယ်။

'ဆင်းကြဟေ့ . . ဒီည ဒီဘုရားမှာ နားမယ်'

မြအေးက ကားပေါ်က ကျောင်းသားတွေကိုပြောပြီး ကားပေါ်က ဆင်းသွားရင်းက ဘုရားဂေါပကရုံးခန်းဘက်ကို ထွက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားက အကြာကြီး စီးလာရတော့ ကားပေါ်ကနေ အလုအယက် ကိုယ့်အထုပ်အပိုးတွေသယ်ရင်း ကားဘေးမှာ စုပုံထားကြပါတယ်။

'လာဟေ့..ဘုရားရှေ့က ဇရပ်တွေမှာ တည်းလို့ရပြီ ချစ်ဖေ။ အားလုံးကို နေရာချပေးလိုက်။ ငါ ရေချိုးဖို့ ထမင်းချက်ဖို့ စီစဉ်လိုက်ဦးမယ်'

မြအေးက ချစ်ဖေကို ညွှန်ကြားရင်းမှ ဇရပ်ရဲ့အရှေ့ဘက်မှာရှိတဲ့ အိမ်တွေဘက်ဆီ ထွက်သွားပါတယ်။

'အားလုံး ကိုယ်ကြိုက်တဲ့နေရာမှာနေ၊ ဒါပေမဲ့ ယောကျ်ားလေးသက်သက် မိန်းကလေးသက်သက်ဖြစ်ရမယ်။ ရေချိုးရင်လည်း ဒီအတိုင်းပဲ။ ဒါပဲ ဆက်လုပ်'

ချစ်ဖေစကားအဆုံး ဝါရွှေက ကျွန်တော့်ကို-

'အသည်းနာတယ်ကွာ။ ဘဝမှာ ကိုယ်နဲ့ ရွယ်တူသက်တူအချင်းချင်း ဒီလိုအပြောခံရတာ။ ချစ်ဖေရာ..မင်းတော့ကွာ'

အဲဒီနောက် ဇရပ်ရှိရာကို ကျွန်တော်တို့အားလုံး ကိုယ့်အထုပ်အပိုးတွေသယ်ပြီး ကိုယ့်နေရာနဲ့ကိုယ် နေရာယူလိုက်ကြပါတယ်။

ပြီးတော့ ရေချိုးဖို့ အားလုံးပြုလုပ်ကြပါတယ်။

ခရီးက မိုင်ရာပေါင်းများစွာ ကားစီးလာရတော့ နုန်းချည့်ပြီပေါ့။

ထမင်းချက်ဖို့ခေါ်လာသူတွေကလည်း ချက်ဖို့ပြုတ်ဖို့ စီစဉ်နေကြပါတယ်။

'ရန်နောင်..လာကွာ..ရေချိုးရအောင်'

'အေးကွာ..ငါလည်း ညည်းစီစီဖြစ်နေပြီ။ ရေချိုးရင် လန်းသွားမှာ။ ထမင်းမကျက်သေးခင် ဟိုကြည့်ဒီကြည့် လျှောက်ကြည့်တာပေါ့'



ကျွန်တော်နှင့် ဝါရွှေတို့နှစ်ယောက်သား ဇရပ်ရှေ့ကနေ ခြေလှမ်းတစ်ရာလောက်သာရှိမယ့် ဈေးဆိုင်နဲ့အိမ်တွဲထားတဲ့နေရာဆီ ထွက်လာခဲ့တယ်။

◆◆◆

'ခဏလေး ထိုင်စောင့်ကြပါဦးနော်။ အထဲမှာ ရေချိုးနေတဲ့သူတွေရှိလို့'

ဈေးဆိုင်ရှေ့ကနေ အသက်လေးဆယ်ကျော်အရွယ် ယောကျ်ားသားတစ်ဦးက ထွက်လာရင်း ပြောလိုက်ပါတယ်။

'ဒီဆီးယိုလေးနဲ့ ရေနွေးကြမ်းကို သုံးဆောင်ရင်း စောင့်ပါ။ ရေချိုးခက တစ်ယောက်မှ အဝချိုး နှစ်ဆယ်ပါ'

အဲဒီအညာသားလေနဲ့လူက ဆီးယိုပန်းကန်နဲ့ ရေနွေးခရားကို ယူလာချပေးရင်းက ကျွန်တော်နဲ့ ဝါရွှေအနားမှာ ဝင်ထိုင်လိုက်ပါတယ်။

'ဆရာလေးတို့က ရန်ကုန် ထင်တယ်'

အညာသားလေနဲ့လူက မေးလိုက်ပါတယ်။ ဝါရွှေက အဲဒီလူရဲ့အမေးကို ပြန်ဖြေပါတယ်။

'ရန်ကုန်က လာတာတော့ဟုတ်တယ်။ ကျွန်တော်တို့က ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်တာ။ ကျွန်တော်က ပုသိမ်က။ ကျန်တဲ့သူတွေကလည်း နယ်ကချည်းပဲ'

'ဒါဆို ဒီကဆရာလေးကကော ဘယ်နယ်သားလဲ'

အဲဒီ အညာလေနဲ့လူကြီးက ကျွန်တော့်ကို ထပ်မေးပြန်ပါတယ်။

'ကျွန်တော်က ကျောက်ပန်းတောင်းဇာတိပါ။ မိဘတွေက

www.burmeseclassic.com

www.burmeseclassic.com



တော့ နယ်အစုံမှာ ပြောင်းနေရတာ။ မန္တလေးမှာ မိဘတွေက အလုပ်တာဝန် ကျရင်းက ရန်ကုန်ပြောင်းရမယ်ဆိုလို့ ရန်ကုန်တက္ကသိုလ်ကို ကျွန်တော် ကြိုရောက်လာတာ။ အမေက ပြောတယ်။ မုံရွာကိုရောက်ရင် မိုးညင်းသမ္ဗုဒ္ဓေ ကို ရောက်အောင်သွားဖူးတဲ့။ အဲဒီမှာ သားယောကျ်ားလေး မွေးပါစေလို့ ဆုတောင်းရင်းက ကျွန်တော့်ကို ပဋိသန္ဓေတည်ပြီး မွေးလာတာတဲ့။ ဒါ ကြောင့် မိုးညင်းသမ္ဗုဒ္ဓေကို ကျွန်တော် အခုလို ဘုရားဖူးဖို့ရောက်လာတာ'

'ကောင်းတာပေါ့ဗျာ။ ဟော..ရေချိုးလို့ရပြီ။ ဩော်..ဒါနဲ့ ဆရာလေး ရေ..မနက်ကျရင် ဆရာလေးတို့ကျောင်းသားတွေအတွက် ကြာဇံချက် လာ ရောင်းမယ်နော်။ အားပေးဦး'

ကျွန်တော်တို့ ရေချိုးမလို့လုပ်တုန်း အဲဒီအညာသားလေးနဲ့လူက ပြော လိုက်ပါတယ်။

'စိတ်ချ..အားပေးမှာပေါ့'

ကျွန်တော့်စကားကို အဲဒီလူက အတော်ကျေနပ်သွားရင်းက ပြုံးလိုက် ပါတယ်။

ဒါပေါ့လေ..နယ်က ဈေးရောင်းတဲ့လူတွေဆိုတာ ဧည့်သည်လာမှ ဈေးရောင်းရတာကိုး။

ရေက ချိုးလို့ကောင်းလိုက်တာ။ ခရီးပန်းလာလို့လားမသိ။ ရေနဲ့ ထိတွေ့တဲ့အခါ ပင်ပန်းသမျှတွေ ပြေပျောက်သွားပါတယ်။

◆◆◆

ညရောက်တော့ ခရီးပန်းလာလို့လားမသိ။ ထမင်းစားရတာကလည်း အရသာရှိလိုက်တာ။ ပဲဟင်းနဲ့ အာပြဲခြောက်ကြော်၊ ငံပြာရည်ချက်က နတ်



သုဒ္ဓါနဲ့ မလဲနိုင်အောင်ပါပဲ။

ကျွန်တော့်လိုပါပဲ။ လှိုင်ထိပ်ထားတို့၊ ငြိမ်းငြိမ်းတို့၊ ဆွေဆွေဝင်းတို့၊ ခင်မေလွင်တို့လည်း ခေါင်းမဖော်တမ်း အားပေးနေကြတာ။

ထမင်းစားပြီးတော့လည်း ပင်ပန်းလို့လားမသိ။ အားလုံး ခြင်ထောင် တွေထောင်ပြီး ကျောခင်းရင်း လှဲရင်း အိပ်ပျော်သွားတာ သိတောင် သိလိုက် မယ်မထင်ပါဘူး။

◆◆◆

ပြဿနာက မနက်အရုဏ်တက်ခါနီးမှ စတာပါ။

◆◆◆

'မိုးညင်းသမ္ဗုဒ္ဓေမှာ အမေ ဆုတောင်းလို့ ပဋိသန္ဓေတည်တဲ့ နောင်ကြီး ရေ..ကြာဇံချက် အားပေးပါဦး'

ဇရပ်ရဲ့ခေါင်းရင်းပိုင်း ကျွန်တော့်ခြင်ထောင်ထိပ်ကနေ အညာလေနဲ့ အသံပြဲကြီးနဲ့ခေါ်တဲ့အသံကြောင့် ကျွန်တော် လန့်နိုးသွားပါတယ်။

အဲဒီအော်သံက မရပ်ပါ။

'မိုးညင်းသမ္ဗုဒ္ဓေမှာ ပဋိသန္ဓေတည်တဲ့ နောင်ကြီး..ကြာဇံချက် အား ပေးပါဦး။ အို..ဗျ...မိုးညင်းသမ္ဗုဒ္ဓေမှာ ပဋိသန္ဓေတည်တဲ့ နောင်ကြီး.. အားပေးပါဦး'

အာပြဲကြီးနဲ့ အော်တဲ့အသံကြောင့် အိပ်နေသူတွေ နိုးလာပြီး ခြင် ထောင်တွေထဲက အိပ်မှုန်စုံမွှားနဲ့ ထွက်လာကြပါတယ်။

ကျွန်တော့်ခမျာ ခြင်ထောင်ထဲက အမြန်ထွက်၊ အဲဒီအညာလေနဲ့ ပြောတဲ့သူဆီ သွားရင်းက-

www.burmeseclassic.com

www.burmeseclassic.com



'ဟော့လူ··ဆက်မပြောနဲ့တော့။ တော်တော့··ကြာဇံချက်တစ်ပွဲ အမြန်ပေး'

'ရမယ်··မိုးညင်းသမ္မုဒ္ဒေမှာ ပဋိသန္ဓေတည်တဲ့ နောင်ကြီးရေ'

ကြည့်··။ မပြောနဲ့ဆိုတာကို အဲဒီလူက အညာလေနဲ့ အော်ပြောနေသေးရဲ့။

မနက်အရုဏ်တက်ဝေလီဝေလင်း ကြာဇံချက်သောက်နေတဲ့ကျွန်တော့်ကို ကျန်သူတွေက ဝိုင်းကြည့်ရင်း ရယ်နေကြပါတယ်။

အဲဒီရယ်နေသူတွေထဲမှာ လှိုင်ထိပ်ထားလည်း ပါတာပေါ့။

ကျွန်တော့်ခမျာ တစ်သက်နဲ့တစ်ကိုယ် မနက်အရုဏ်တက်ချိန် ကြာဇံချက်မသောက်ဖူးလို့ သောက်ရတာ အန့်ချင်သလိုလိုက ဖြစ်၊ ဒီကြားထဲ အဲဒီ အညာလေနဲ့လူကြောင့် ရယ်စရာပါ ဖြစ်ခဲ့ရ။

ကျွန်တော် မရှက်ဘဲ ခံနိုင်ရိုးလား။

◆◆◆

'ရန်နောင်··အဲဒါ မင်းပါးစပ်ဆော့လို့ဖြစ်ရတာ။ ကိုယ့်ဘာသာကိုယ် ရေချိုးရင် ဒါမျိုးဖြစ်မှာမဟုတ်ဘူး'

'ဟ··ငါကလည်း မတော်တဆ ပြောမိတာပါကွာ'

'လာပြန်ပြီ ရန်နောင်ရာ··မင်း မတော်တဆက မိုးမလင်းခင် ဒီလို အော်ဖို့ဖြစ်သလားကွာ'

ဝါရွှေက ကျွန်တော့်ကို အပြစ်တင်စကားဆိုပါတယ်။ ချစ်ဖေနဲ့ မြအေးကလည်း ဝါရွှေအတိုင်းပါပဲ။

◆◆◆



မုံရွာ-စစ်ကိုင်းဘုရားတွေ ဖူးသမျှကာလပတ်လုံး ကျောင်းသူကျောင်းသားတွေက ကျွန်တော့်ကို ဝိုင်းစကြပါတော့တယ်။

'မိုးညင်းသမ္မုဒ္ဒေမှာ ပဋိသန္ဓေတည်တဲ့နောင်ကြီး··ဘာစားဦးမလဲ။ ဘာလုပ်ဦးမလဲ။ အိုဗျ··မိုးညင်းသမ္မုဒ္ဒေမှာ ပဋိသန္ဓေတည်တဲ့ နောင်ကြီးရဲ့'

ကျွန်တော့်ခမျာ အဲဒီလို စလေတိုင်း မရှက်လေသလား။ မခံချိမခံသာနဲ့ သွားဖြဲ ပြုံးပြရပါတယ်။

◆◆◆

အဲဒီလို နောက်ပြောင်လေတိုင်း ပြုံးလေသူက လှိုင်ထိပ်ထားပါ။

◆◆◆

ကျွန်တော့်ကို နောက်ပြောင်တိုင်း လှိုင်ထိပ်ထား ပြုံးတာကို အခွင့်ကောက်ရင် လှိုင်ထိပ်ထား ဒေဝါလီခံရမှာ အသေအချာပဲ။

www.burmeseclassic.com

www.burmeseclassic.com

အမှတ်ရစရာတွေနဲ့
အချိန်ကာလကို
တံဆိပ်ခတ်နှိပ်သလို
အချစ်ဆိုတာ
ရာသီဥတုသုံးပါးထဲက
အားလပ်ရက်တွေပါပဲ။

## အခန်း(၁၄)

ကျောင်းရောက်တော့ တစ်ယောက်စကား တစ်ယောက်နား ဆိုသလို ကျွန်တော့်အကြောင်းကို ဝိုင်းပြောကြပါတယ်။ နားထောင်မိသူတိုင်း မရယ်ဘဲ မနေနိုင်ပါ။

အဲဒါကလည်း ဝါရွှေ၊ မြအေးနဲ့ ချစ်ဖေတို့က အစဖော်ပေးလို့ ဖြစ်ပါတယ်။

သူငယ်ချင်းတွေက ကိုယ့်ကိုခင်လို့ နောက်ကြပြောင်ကြတာမို့ အပြစ်တော့ မယူရက်ပါ။

တစ်ခုပဲ စိတ်မကောင်းဖြစ်ရပါတယ်။ အဲဒါက စစ်ကိုင်း-မုံရွာ ဘုရားဖူးသွားတာ မန္တလေးမှာ တစ်ညမအိပ်မိလို့ မန္တလေးက သူငယ်ချင်းတွေကို ဝင်နှုတ်မဆက်မိတာဘဲဖြစ်ပါတယ်။

ဘုရားဖူးတဲ့ ခရီးစဉ်ကာလတစ်လျှောက်မှာ လှိုင်ထိပ်ထားနဲ့ကျွန်တော် ရဲ့ ရင်းနှီးမှုကလည်း ပိုလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးတုံးတွေဝယ်တော့ ကျွန်တော်က ကူသယ်ပေးရ။ တစ်မြို့တစ်ရွာ ဘုရားဈေးတန်းရောက်တော့ ဒေသထွက်ကုန်ပစ္စည်းတွေကို ဟိုဟာကောင်းသလား၊ ဒီဟာကောင်းသလား စသဖြင့် ပစ္စည်းဝယ်ဖို့ ကျွန်တော့်ကို မေးတာတွေ။ ရှေးသက်န်း ဘုရားကိုကပ်ဖို့ ဝယ်ခိုင်းတာတွေ။ ရောက်တဲ့နေရာက ဖူးမြော်ရတဲ့ ဘုရားသမိုင်းကို ရှင်းပြခိုင်းတာတွေက ကျွန်တော့်အဖို့ လှိုင်ထိပ်ထားရဲ့ 'တိုးဂိုက်ဒ်' ကို ဖြစ်လို့။

တချို့အချက်အလက် သမိုင်းကြောင်းတွေကျတော့ ကျွန်တော် မသိတာတွေလည်းပါတော့ ဝါးချရတာတွေလည်း ရှိပါတယ်။

ဘာပဲပြောပြော အဲဒါလေးတွေက ပြန်ပြန်တွေးတော့လည်း အားရှိစရာ၊ ကြည်နူးစရာကောင်းသား။

◆◆◆

'ရန်နောင်··မင်း ဒီလိုပဲနေမှာလား'

'ငါက ဒီလိုမနေလို့ ကျွမ်းထိုးနေရမှာလား'

အခန်းထဲမှာ စာကြည့်နေတဲ့ ကျွန်တော့်ကို ဝါရွှေက မေးလိုက်တာ ကျွန်တော့်အဖြေစကားကြောင့် ဝါရွှေက မျက်နှာမဲ့လိုက်ပါတယ်။

'ဒါကိုမေးတာမဟုတ်ဘူး။ လှိုင်ထိပ်ထားအကြောင်းကွ။ မင်းတို့ရင်းနှီးမှုက နည်းနည်းပိုလာပြီကွ။ ဒါ အခွင့်ကောင်းပဲ။ မင်း အသုံးချရမှာ။ ဘာလဲ··လှိုင်ထိပ်ထားကို ရည်းစားစကားပြောရမှာ ကြောက်နေပြီလား'

ဝါရွှေက ရယ်မောပြောဆိုရင်းမှ ကျွန်တော့်ကို ကြည့်လိုက်ပါတယ်။ ကြည့်နေတဲ့ ကျောင်းစာအုပ်ကို ကျွန်တော် ပိတ်လိုက်ပါတယ်။

'အခွင့်ကောင်းရတိုင်း အချစ်ဖြစ်ရောလား ဝါရွှေရာ··အချစ်ဆိုတာ



ငြိမ်သက်တိတ်ဆိတ်မှုအားလုံးရဲ့အောက်မှာရှိတဲ့ အသံဖြစ်တယ်ကွ။ မျှော်လင့်ချက်ထဲမှာ ကြောက်ရွံ့တယ်ဆိုတဲ့ ဆန့်ကျင်ဘက်ပါဝင်နေတယ်။ အဲဒါက ခွန်အားပဲလေ။ အဲဒီခွန်အားကို အသုံးချပြီး ချစ်သူကို တန်ဖိုးထားတယ်ဆိုရင် ကိုယ်က ကြိုးစားပြီး ပညာပဲဖြစ်ဖြစ်၊ ဥစ္စာပဲဖြစ်ဖြစ် ရှာဖွေရမယ်။ အဲဒါ ကောင်းမြတ်တဲ့ တွန်းအားတွေပဲ'

'မင်းဟာကလည်းကွာ··တွန်းအားတွေကော၊ ခွန်အားတွေကော ဘာတွေမှန်းမသိဘူး။ ခေါင်းစားသွားပြီ'

ဝါရွှေက ခေါင်းကုတ်ရင်းမှ အခန်းထဲက ထွက်မယ်အလုပ်မှာ ကျွန်တော်က–

'အချစ်ကို ဘာမှမသိ··တန်ဖိုးမထားတတ်··အချစ်နဲ့ မထိတွေ့ဖူးတဲ့သူတွေက ဘယ်သိမလဲကွာ။ နွား ပလာတာကျွေးသလိုဖြစ်နေမှာပေါ့ကွ'

'ဟေ့ကောင် ရန်နောင်··မင်းပြောထားပေါ့ကွာ။ ငါ့မှာ အချစ်မရှိတာနဲ့ နွား ပလာတာကျွေးတာနဲ့ အနှိုင်းခံရတယ်။ မင်းတွေ့မယ်'

ကျွန်တော့်ကို ပွစိပွစိပြောရင်း အခန်းထဲက ထွက်သွားပါတယ်။

ပိတ်ထားတဲ့ ကျောင်းသင်ခန်းစာစာအုပ်ကို ဖွင့်ပြီး ပြန်ဖတ်မိနေပါတယ်။

ဗုဒ္ဓေါလို့ ပြောရမလိုပါပဲ။ စာဖတ်ပါမယ်ဆိုမှ စာအုပ်ထဲမှာ သင်ခန်းစာစကားလုံးတွေမတွေ့ရဘဲ လှိုင်ထိပ်ထားရဲ့ရုပ်ပုံလွှာတွေပဲ တွေ့နေရလို့ပါ။

◆◆◆

ရက်တွေက တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးတာ သစ်ရွက်ကြွေတွေလိုပဲ အကုန်မြန်လွန်းလှချည်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်အတွင်းမှာရှိတဲ့ အဆောင်တွေကလည်း ညစာစားပွဲတွေ ကိုယ့်အဆောင်နဲ့ကိုယ် ကျင်းပတာ စည်ကားလို့နေခဲ့တယ်။

အဲဒီလို အဆောင် ညစာစားပွဲတွေပြီးရင် မကြာတော့ပါ။ စာမေးပွဲတွေ စစ်ပါတော့မယ်။

အဲဒီအခါ အားလုံးမပျော်နိုင်ကြတော့ပါ။ စာမကူးရသေးသူက စာကူး၊ စာမကျက်ရသေးသူက စာကျက်နဲ့ ဘယ်သူမဆို စာမေးပွဲကို မကျချင်သူတွေ ချည်းပါပဲ။

ဒီနေ့လည်း တနင်္ဂနွေနေ့မို့ မနက်စောစောထပြီး စာကျက်ရင်းက အပြင်မထွက်ဖြစ်ဘူး။

နေ့လယ်လောက်ရောက်တော့ မြကျွန်းသာက လက်ဖက်ရည်ဆိုင်မဖွင့်တော့ ကျောင်းထဲမှာဖွင့်တဲ့ ချန်ဆယ်လာလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သွားသောက်မိတယ်။

သူငယ်ချင်းတွေကို အဖော်ခေါ်ပါသေးတယ်။ စာကူးနေတာနဲ့ စာကျက်နေတာမို့ မလိုက်လာကြဘူး။

အချိန်အတော်ကြာကြာ လက်ဖက်ရည်ဆိုင် ထိုင်ပြီးတာမို့ လက်ဖက်ရည်ဆိုင်ကထလာပြီး ဂျပ်ဆင်ဘက်ကနေပတ်ပြီး လမ်းလျှောက်မယ်လို့ ကျွန်တော် စိတ်ကူးလိုက်တယ်။

◆◆◆

ရွှေဘိုဆောင်ဘေးက လမ်းမှာပေါက်နေတဲ့ စိန်ပန်းပင်တွေပေါ်မှာ စိန်ပန်းပွင့်တွေက နီရဲနေလိုက်တာ။ ကံ့ကော်တွေကတော့ ခေတ္တ ငုပ်လျှိုးနေတယ်ထင်ပါရဲ့။



တနင်္ဂနွေနေ့ဆိုတော့ လူက ရှင်းနေတယ်။ သီရိဆောင်ဘက်ကနေ ချိုးကူသံက တကယ့်ကို လွမ်းလွမ်းဆွတ်ဆွတ်ပါပဲ။ အဖော်ကွဲနေရှာတယ်ထင်ပါရဲ့။

မထင်မှတ်ပါဘဲ တစ်[illegible]စ်ရာကို မြင်လိုက်ရလို့ ဟုတ်မှဟုတ်ပါ့မလားလို့ ကိုယ့်မျက်လုံးကို မယုံလို့ ပွတ်ကြည့်မိပါရဲ့။

ဟုတ်ပါတယ်။ သူမှသူအစစ်။ လက်ထဲမှာ စာအုပ်တစ်အုပ်နဲ့ စာရွက်အချို့ကိုင်ပြီး ဂျပ်ဆင်ဘက်ကို တောင်ငူဆောင်ဘက်ကနေဖြတ် ဒဂုံအဆောင်ဘေးနားကနေ လမ်းလျှောက်လာတဲ့ လှိုင်ထိပ်ထားကို တွေ့ရတယ်။

တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူမြင်တော့ ပြိုင်တူ ပြုံးပြမိကြတယ်။

'ဘယ်ကပြန်လာတာလဲ လှိုင်ထိပ်ထားရဲ့'

'စာကြည့်တိုက်ကငှားထားတဲ့စာအုပ်ကို လိုချင်တဲ့ စာမျက်နှာတွေအတွက် လှည်းတန်းမှာ မိတ္တူသွားကူးတာ။ ရန်နောင်ကော..'

'ကျွန်တော်လည်း မနက်ကတည်းက စာကျက်တာ အခုမှ လက်ဖက်ရည်ထွက်သောက်တာ'

အဲဒီနောက် နှစ်ယောက်သား စကားမဆိုဖြစ်တော့ပါ။

ကျွန်တော် ဘေးဘီကိုလှည့်ကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။

မထင်ပါဘဲ မတော်တဆ လှိုင်ထိပ်ထားကို အခုလို တစ်ယောက်တည်းတွေ့ရတဲ့အချိန်မှာ အခွင့်အရေးယူတယ်လို့ပဲထင်ထင် ကျွန်တော် ပြောစရာရှိတာ ပြောမယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



'လှိုင်ထိပ်ထား..အချိန်ရလား'

'နည်းနည်းတော့ အချိန်ရပါတယ်'

'ဒါဆို စကားနည်းနည်းပြောချင်လို့။ လာဗျာ..ဟိုရှေ့က ဂျပ်ဆံ အောက်က လှေကားမှာ ထိုင်ရအောင်'

လှိုင်ထိပ်ထားက ကျွန်တော့်မျက်နှာကိုကြည့်ပြီး ရယ်ရင်းက-

'မထိုင်ချင်ပါဘူး။ အဲဒီမှာက အတွဲတွေထိုင်တာ။ လမ်းလျှောက်ရင်း စကားပြောလည်း ရတာပဲ'

'ဒါလည်း ကောင်းတာပါပဲ'

ဟုတ်တော့ ဟုတ်တာပေါ့။ လှိုင်ထိပ်ထားနဲ့ ကျွန်တော်က ချစ်သူ သမီးရည်းစားတွေမှမဟုတ်တာ။ ထိုင်ရင် ဘယ်သင့်တော်ပါ့မလဲ။ ဒါကို ကျွန်တော် မစဉ်းစားမိတာ။

ကျွန်တော်နဲ့ လှိုင်ထိပ်ထား ဘေးချင်းယှဉ်ပြီး လမ်းလျှောက်လာတာ ဘာစကားမှမဆိုဖြစ်ပါ။

'ကဲ..ဘာပြောမှာလဲ။ စကားပြောမလို့ဆို'

လှိုင်ထိပ်ထားက ကျွန်တော့်ကိုမေးတော့ ကျွန်တော် ဘာပြောရမှန်း မသိ။ မထူးပါဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။

'ဒီလိုပါဗျာ..ဘယ်လိုပြောရမှန်းမသိဘူး။ ဟိုဗျာ..ဟို..ဟို..လှိုင်ထိပ် ထားနဲ့ ကျွန်တော်နဲ့က မတော်တဆမြင်မိကြတယ်မဟုတ်လား။ အဲဒါဗျာ လှိုင်ထိပ်ထားကို ကျွန်တော် မြတ်နိုးတယ်။ ကျွန်တော်ကျောင်းပြီးလို့ ဘွဲ့ အလုပ်ရရင် လက်ထပ်ချင်တယ်။ စဉ်းစားပေးနော်။ သွားမယ်ဗျာ။ ကျွန်တော် ဘာပြောရမှန်းမသိဘူး'



'ရှင်'

ကျွန်တော့်စကားအဆုံး လှိုင်ထိပ်ထားက အာမေဋိတ်အသံထွက်သွား ပါတယ်။

ကျွန်တော်လည်း လှိုင်ထိပ်ထားဘေးနားကနေလှည့်ထွက်ပြီး အဆောင် ကို သုတ်ခြေတင်တော့တာပါပဲ။

ကျွန်တော့်နောက်မှာ လှိုင်ထိပ်ထား ဘယ်လိုဖြစ်ပြီး ကျန်နေခဲ့သလဲ မသိ။

◆◆◆

'ရန်နောင်..မင်း တော်တော်ကဗျာမဆန်တဲ့အကောင်။ နည်းနည်းပါး ပါး Romance ဆန်ပါလားကွာ'

'ဟုတ်တယ်ချစ်ဖေ..ရည်းစားစကားကို ဒီလို ပြီးစလွယ်ပြောပြီး အဆောင်ကို သုတ်ခြေတင်ပြန်လာတာကိုက ဒီကောင်က လှိုင်ထိပ်ထားကို တန်ဖိုးမထားတာ'

'မြအေး...မင်းပြောတာကို ဒီနေရာမှာတော့ ငါထောက်ခံတယ်။ ဟေ့ကောင် မန္တလေးသား..မင်းက ဘာလဲ။ အချစ်ကို တစ်ခါသုံး ကျပ်ကျပ် အိတ်များ မှတ်နေသလား။ အချစ်ကို တန်ဖိုးကြီးကြီးထားရတယ်ကွ။ ဒီနေ ရာမှာ ဝါရှေ့ဆိုတဲ့ငါ့ရဲ့သူငယ်ချင်းဖြစ်တဲ့ မင်း..သိပ်ရှော်သွားပြီ လူကလေး'

အဆောင်ရောက်လို့ ရောက်ရောက်ချင်းပဲ စာကျက်နေတဲ့ သူငယ်ချင်း တွေကို ပြောပြမိပါတယ်။

ဒင်းတို့သုံးယောက်က ကျွန်တော့်ကိုဝိုင်းပြီး ဆူပွဲကြီးကျင်းပကြ သူ့ထက်ငါ အပြိုင်အဆိုင်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



‘ငါလည်း တစ်ခါဖူးမှ ရည်းစားစကားပြောဖူးတာမဟုတ်ဘူး။ မထင်မှတ်ဘဲ မတော်တဆ လှိုင်ထိပ်ထားကိုတွေ့လိုက်ရလို့ ငါ ချစ်မြတ်နိုးကြောင်း ပြောလိုက်တာ။ အဓိက,က ဒါပဲမဟုတ်လား’

‘အောင်မယ်..အောင်မယ်..လာပြန်ပြီ။ ဒီမန္တလေးသားကတော့ကွာ။ ဘာမတော်တဆလဲ။ မင်း မတော်တဆတွေက များနေပြီ။ ငါ့မေဂျာက ဟာကိုမှ မင်းက ပြောရက်တယ်။ နာတယ်ကွာ။ မန္တလေးသားက ပြည်သူကို ရည်းစားစကားပြောဟာ’

မြအေးက ထုံးစံအတိုင်း ရယ်ကျဲကျဲလုပ်ရင်းက ပြောပြန်ပါတယ်။

ကျွန်တော်ကတော့ ဘာစာဒကမှ မတက်တော့ဘဲ ငြိမ်ငြိမ်လေး ခုတင်ပေါ်လှဲရင်း တွေးနေမိပါတယ်။

ဒါကို သူငယ်ချင်းတွေ သဘောပေါက်ချင်မှ ပေါက်မှာပါ။ ဘာဖြစ်လို့လည်းဆို သူတို့မှာ အချစ်မှမရှိတာ။

◆◆◆

နောက်တစ်နေ့ အတန်းထဲရောက်တော့ ငြိမ်းငြိမ်းက ကျွန်တော့်ကို ကြည့်ပြီး ပြုံးစိပြုံးစိလုပ်ပါတယ်။

‘ဟဲ့..မိုးညင်းသမ္မုဒ္ဒေမှာ သားဆုပန်လို့ ပဋိသန္ဓေရတဲ့ ရန်နောင်..နင်တော့နော်..ငါ့ကို ကျေးဇူးတင်ရမှာ၊ ငါ့ကြောင့်ဟဲ့’

‘ငြိမ်းငြိမ်းရာ..အဲဒီ မိုးညင်းသမ္မုဒ္ဒေဆိုတာကြီး ထည့်ထည့်မပြောပါနဲ့ဟာ’

အသံပြဲကြီးနဲ့ အာတင်းကာရော အော်ပြောတဲ့ ငြိမ်းငြိမ်းကို လှမ်းဟန့်ရပါတယ်။



အဲဒီလိုမလုပ်လို့ကမဖြစ်။ တော်ကြာ ကိုယ့်ထမင်း ကိုယ်စားပြီး လှိုင်ထိပ်ထားနဲ့ ကျွန်တော့်အကြောင်း လျှောက်ပြောရင် တော်ကြာ ကြိမ်းကြေသွားရင်ဖြင့် ခက်ရချည်ရဲ့။

◆◆◆

လှိုင်ထိပ်ထားကို ရည်းစားစကားပြောပြီး နှစ်ရက်,သုံးရက်လောက်တော့ လှိုင်ထိပ်ထားကိုမတွေ့အောင် ကျွန်တော် ရှောင်နေမိပါတယ်။ ဘာဖြစ်လို့လည်းတော့ မပြောတတ်ပါ။

တစ်မျိုးပေါ့နော်။ ဒါက ကိုယ့်ကို စိတ်ဆိုးနေမလားထင်လို့ပါ။

◆◆◆

ဟော..တွေ့မယ့်တွေ့တော့လည်း မထင်မှတ်ပါဘူး။ အတန်းချိန်ပြီးလို့ ကျွန်တော်က အခန်းထဲကထွက်ပြီး ပြန်မလို့အလုပ်။ လှိုင်ထိပ်ထားကလည်း အတန်းချိန်ပြီးလို့ ကျွန်တော်တို့ရဲ့စာသင်ခန်းအပေါ် တတိယထပ်ကနေ လှေကားအတိုင်း ဆင်းလာတာ လှေကားခြေရင်းမှာ ဆုံမိတယ်။

‘လှိုင်ထိပ်ထား..ကျွန်တော်ပြောတာ ဘယ်လိုသဘောရလဲ’

‘စာမေးပွဲတွေဖြေပြီးလို့ နောက်တစ်နေ့မနက် ၉ နာရီလောက်ကျရင် တစ်ခါက ရန်နောင်နဲ့ကျွန်မထိုင်ဖူးတဲ့ ခုံတန်းလျားလေးမှာ စောင့်နေပါ။ ဒါပဲနော်’

လှိုင်ထိပ်ထားက ကျွန်တော့်အနားကနေ ထွက်သွားပါတယ်။ စာမေးပွဲဖြေပြီးတဲ့နေ့ကို ကျွန်တော် မတ်တတ်ရပ်နေရင်းက လက်ချိုးပြီး စိတ်နဲ့ တွက်နေမိပါတယ်။

ဒါကို ဖြတ်သွားဖြတ်လာ ကျောင်းသားတချို့က မသိရင်သာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နေတာလဲဆိုပြီး ရယ်မိသူတောင်ရှိရဲ့။

ကိုယ့်ဘာသာကိုယ် ဘာလုပ်လုပ်ပေါ့။ သူတို့ရယ်စရာလား။


*ကိုယ့်အကြောင်းနဲ့ကိုယ် တွေးပြီး နေရတာကိုသာ လိုက်ရယ်ကြမယ်ဆိုရင် ဒင်းတို့ကို တစ်ခါရယ်ရင် ဘယ်လောက်ဆိုပြီး အခွန်ကောက်လိုက်ချင်ရဲ့။ အဲဒီရတဲ့ အခွန်တော်ငွေတွေကို လက်ကကိုင်ပြီး ကိုယ့်ချစ်သူနဲ့ မုန့်တွေကို ဝယ်စားပစ်ဦးမယ်..။*

*နာတယ်ကွာ..ချစ်သူက အဖြေမပေးသေးလို့။*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




Illustrated & cartoonist

www.burmeseclassic.com